# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ ကြာသပတေးနေ့ အတွဲ [၅၅]၊ အမှတ် [၀၉၉]


**မေတ္တာသည် အတ္တမဟုတ်**

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

# မြန်မာနိုင်ငံအနေဖြင့် နေရာဒေသအလိုက် သဘာဝဘေးအန္တရာယ် လေ့လာသုံးသပ်ကြိုတင်ပြင်ဆင် ပိုမိုဒေသ၏ သဘာဝဘေး ကြံ့ကြံ့ခံနိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ထားရမည်

**နေပြည်တော် ဇန်နဝါရီ ၆**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ဖေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့မှ တာဝန်ရှိသူများ၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❁

# လျှပ်စစ်မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်မည့် အထက်ရဲရွာစီမံကိန်း ဆောင်ရွက်လျက်ရှိ




**နေပြည်တော် ဇန်နဝါရီ ၆**

ရှမ်းရိုးမကို မြစ်ဖျားခံပြီး စီးဆင်းလာသော ဒုဌဝတီမြစ်သည် မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့အနီးတွင် ဧရာဝတီမြစ်နှင့် ပေါင်းစုံစီးဝင်သည်။ အဆိုပါ ဒုဌဝတီမြစ်ပေါ်ရှိ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၏ တောင်ဘက်မိုင် ၂၀ ခန့်အကွာတွင် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်

*စာမျက်နှာ ၃ ကော်လံ ၁* ❒

**အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေတားတမံ Secant Pile လုပ်ငန်းခွင်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-လျှပ်စစ်)



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ

နှစ်ပေါင်းရှည်ကြာ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်နေမှုကို အဆုံးသတ်စေခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ကျင်းပသွားရန် စီစဉ်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင် ညီအစ်ကိုမောင်နှမများ၏ အနာဂတ်တည်ငြိမ်အေးချမ်းမှုသည် စဉ်ဆက်မပြတ်တိုးတက်အောင်မြင်ဖြစ်ထွန်းလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင် ညီအစ်ကိုများနှင့် ပါဝင်ဆောင်ရွက်သူအားလုံးက စိတ်ရှည်သည်းခံမှု၊ မလျှော့သောဇွဲ သန္နိဋ္ဌာန်တို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်ပါသည်။ ဤစာချုပ်အရ အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို ထိုနေ့၌ပင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးခဲ့ပြီး JICM အောက်တွင်ရှိမည့် ပူးတွဲကော်မတီတစ်ခုဖြစ်သော (UPDJC) ကို ဖွဲ့စည်းပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (မူကြမ်း) (The Framework for Political Dialogue) ကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီနှင့် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့တို့ ပူးပေါင်းရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

ဤမူကြမ်းကို NCA လက်မှတ်ရေးထိုးပြီးရက်ပေါင်း ၆၀ အတွင်း ရေးဆွဲပြီးစီးရမည်ဟု သတ်မှတ်ထားသည့်အတွက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် နေပြည်တော်၌ နိုင်ငံတော်သမ္မတထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ ယင်းမူဘောင်ကို အခြေခံလျက် နိုင်ငံရေးဆွေးနွေးပွဲများကို ရက်ပေါင်း ၉၀ အတွင်း ခေါ်ယူရမည်ဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို လာမည့် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် စတင်ကျင်းပသွားနိုင်ရေး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကြေညာခဲ့ပြီးဖြစ်ပါသည်။

ဇန်နဝါရီလ ၁၂ ရက်နေ့မှ ၁၆ ရက်နေ့အထိ ငါးရက်တိုင်တိုင် ကျင်းပမည့် ဤညီလာခံကြီးသို့ အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့၊ နိုင်ငံရေးပါတီများအပါအဝင် လူပေါင်း ၁၀၀၀ ကျော် တက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်ဒေသနေပြည်သူများအတွက် စစ်မှန်သော ငြိမ်းချမ်းရေးအသီးအပွင့်များစတင်ခံစားနိုင်ရန် အာမခံပေးနိုင်တော့မည်ဖြစ်ပါသည်။ ထိုမှဆက်လက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးစသည်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပါသည်။

သို့ဖြစ်၍ ကျန်ရှိနေသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ပြည်သူများ၏ နှစ်ပေါင်းများစွာ ဆင်းရဲပင်ပန်းမှုများကို အဆုံးသတ်ကာ အေးချမ်းသော လူမှုဘဝအသိုက်အဝန်းကို တည်ဆောက်သွားနိုင်ရန် အလေးအနက်ထား စဉ်းစားဆုံးဖြတ်ရန်လိုအပ်နေပြီ ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွင်း ဧည့်ခံကျွေးမွေးရေးလုပ်ငန်းများ ချောမွေ့စေရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကျင်းပစဉ်အတွင်း ဧည့်ခံကျွေးမွေးရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ဆက်စပ်ဌာနများ၊ ဧည့်ခံကျွေးမွေးရေးကော်မတီဝင်များ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များမှ ကိုယ်စားလှယ်များအား တွေ့ဆုံဆွေးနွေးသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော် MICC (II) တွင် ဇန်နဝါရီ ၁၂ ရက်မှ ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တက်ရောက်လာကြမည့် ကိုယ်စားလှယ်များအား နေပြည်တော်၊ အားကစားရွာ (Game Village) တွင် တည်းခိုနေထိုင်ရေး စီစဉ်ထားကြောင်း၊ အစားအသောက်များ ကိုင်တွယ်မည့်သူများ ကျန်းမာရေးဆေးစစ်မှုခံယူရေး၊ အစားအသောက်များ ကျွေးမွေးရန် ပြင်ဆင်သည့်အချိန်တွင် လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပေးရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ခြင်၊ ယင်နှိမ်နင်းမှုအတွက် ကြိုတင်ဆေးဖျန်းထားရှိရေး၊ အစားအသောက် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်နိုင်ရေး၊ အမှိုက်သိမ်းကားများ စနစ်တကျစီစဉ်ထားရေးတို့ကို ဆွေးနွေးမှာကြားပြီး လုံခြုံရေးပိုင်းတွင်လည်း လူပုဂ္ဂိုလ်၊ ပစ္စည်းများ လုံခြုံရေးသာမက အစားအစာများ လုံခြုံစိတ်ချမှုရှိစေရေးအတွက် စီမံဆောင်ရွက်ရန်၊ ဆွေးနွေးပွဲသို့ တက်ရောက်မည့်သူများ အနားယူနိုင်ရေး၊ လိုအပ်သည့် ဖျော်ဖြေမှုများဆောင်ရွက်သည့်နေရာတွင် အထောက်အကူပြုအလွယ်တကူဝယ်ယူအသုံးပြုနိုင်သည့် စားသောက်ဆိုင်၊ အမှတ်တရဆိုင် စသည်ဖြင့် စနစ်တကျခင်းကျင်းပြင်ဆင်ရောင်းချနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာသည့် မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်များနှင့် စားသောက်ဆိုင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ကျွေးမွေးဧည့်ခံမှုအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကျုံးကြီးမြောင်း လမ်းသစ်လမ်းဖြတ်အနီး စွန့်ပစ်ပစ္စည်းများဖြင့် ပြည့်ကျပ်

**ထင်သာမြင်သာပြုပြင်စရာ**

ရန်ကုန်မြို့လမ်းမတော်နှင့် အလုံမြို့နယ်အကြားရှိ ရွာသစ်ချောင်းအတွင်းသို့ စီးဝင်သော ကျုံးကြီးရေမြောင်းကြီး၏ လမ်းသစ်လမ်းဖြတ်ရုံးပေါက်အဝင် တစ်လျှောက်တွင် စွန့်ပစ်ပစ္စည်းမျိုးစုံဖြင့် ရေပြင်ပေါ်တွင် ပေါလောပေါ် ပြည့်ကျပ်နေကာ ရေစီးဆင်းမှုကို ပိတ်ဆို့နေကြောင်း ကျုံးကြီးမြောင်းဘေးစပ်တိုက်ခန်းတွင် နေထိုင်သူ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တွင်း ရေကြီးရေလျှံမှုလျော့နည်းရန် ရွာသစ်ချောင်းတွင် ရေထိန်းတံခါးတပ်ဆင်ခြင်း၊ ကွင်းချောင်း၊ ဟာဘိချောင်း၊ ရွာသစ်ချောင်း မြေထိန်းအုတ်နံရံများကို မြေပြင်အထက် ရောက်သည်အထိ အသစ်ပြုလုပ်ပေးခြင်းများ ရှိခဲ့သည်။

သို့သော် ရေမြောင်းအတွင်း ထုထည်ကြီးမားစွာဖြင့် ပိတ်ဆို့နေသော ယင်းစွန့်ပစ်ရေတွင်ပေါ်နေသောပစ္စည်းများ ရှင်းလင်းဖယ်ရှားခြင်း အားနည်းသဖြင့် ကျုံးကြီးမြောင်းအနီးဝန်းကျင်နေထိုင်သူများ အနံ့အသက်ဆိုးများကို နေ့စဉ်ရှုရှိုက်နေရပြီး ကျန်းမာရေးထိခိုက်မှုများ ဖြစ်လာနိုင်ပါသည်။

လမ်းမတော်မြို့နယ်အတွင်းရှိ အနော်ရထာလမ်း၏ လမ်းကပ်တုံးအဝါတန်းများကို သက်ဆိုင်ရာက ဆေးကြောခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်းကို အခါအားလျော်စွာ ပြုလုပ်ပြီး နံနက် ၆ နာရီဝန်းကျင်တွင် တုံးတန်းအနေအထားကို လိုက်လံပြုပြင်လျက်ရှိသည်ကို နေ့စဉ်မြင်တွေ့နေရသည်။



အများပြည်သူမြင်ကွင်းကဲ့သို့ပင် ကျုံးကြီးမြောင်းအတွင်း စွန့်ပစ်ပစ္စည်းများကိုလည်း သယ်ယူရှင်းလင်းပေးရန် မြို့နေပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ခင်ဆိုင်**

# တန့်ယန်းမြို့နယ် ကျေးလက်ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်

**တန့်ယန်း ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်တွင် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်လျက်ရှိသည့် သန့်ရှင်းသောသောက်သုံးရေ ရရှိရေးလုပ်ငန်းကို အထောက်အကူပြုစေမည့် ကျေးလက်ရေးပေးရေး လုပ်ငန်းကို မြို့နယ်အတွင်းရှိ ကျေးရွာများ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေရာ ယခုနှစ်အတွင်း နမ့်ဟူးလွယ်ကာကျေးရွာအုပ်စုတွင် နမ့်ဟူးလွယ်ကာကျေးရွာနှင့် နမ့်ပွန်းကျေးရွာ၊ ခိုယောင်းကျေးရွာအုပ်စုတွင် ခိုယောင်းကျေးရွာ၊ ပန်လောင်ကျေးရွာအုပ်စုတွင် နောင်တောင်းကျေးရွာစသည့် ကျေးရွာလေးရွာအတွက် စုစုပေါင်းငွေကျပ် ၆၄ သန်း အကုန်အကျခံကာ ရေသွယ်ပိုက်လိုင်းများ သွယ်တန်းပေးခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၆-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၃၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၅၀/၆၇၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၆၄၀/၆၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၈၂၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀-၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၃ |
| ဥရောပ | တစ်ယူရို | ၁၃၉၉.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၁၄.၆၄ |
| ထိုင်း | တစ်ဘတ် | ၃၆.၀၄၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၅၈၉ |
| တရုတ် | တစ်ယွမ် | ၁၉၉.၇၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၇၁ |

ခင်ရတနာ-စုစည်းသည်။

# နှစ်နိုင်ငံနယ်နိမိတ်တွင် အောက်ခြေတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် Vice Admiral HCS Bisht, AVSM အား လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယကမ်းခြေစောင့်တပ်ဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ရေတပ်စစ်သံမှူး Capt. Manish Bhandari နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးအား ယခုထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်တွင် အောက်ခြေတပ်ဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ နှစ်နိုင်ငံရေတပ်များအကြား လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ ပင်လယ်ပြင်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် လှေစီးသွားလာသူ (Boat People) ကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။ **(မြဝတီ)**



❒ *ရှေ့ဖုံးမှ*

အကောင်အထည်ဖော်ရေးဦးစီးဌာန တည်ဆောက်ရေး(၃)က ဆောင်ရွက်လျက်ရှိသည်။

အထက်ရဲရွာရေအား လျှပ်စစ်စီမံကိန်း၏ ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် အတိုင်ပင်ခံ လုပ်ငန်းများကို ဆွစ်ဇာလန်နိုင်ငံ LahmeyerStucky SA ဖြင့်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၀ ပြည့်နှစ်မှ စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ပြီးစီးနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။ ၎င်းတွင် မြန်မာတိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ပူးပေါင်းထားသည့် International Power Generation RazelBec-IPGRB ကုမ္ပဏီမှလည်းရေသွယ် ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

စီမံကိန်းတွင် အလျား ပေ ၈၁၀၊ အမြင့် ၃၁၈ ပေရှိ RCC ကွန်ကရစ်တမံ (Roller Compacted Concrete Dam) ပါဝင်တည်ဆောက်မည်ဖြစ်ရာ မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်မည့် စတုတ္ထမြောက် RCC ကွန်ကရစ်တမံ ဖြစ်လာမည်ဖြစ်သည်။ ၎င်းတွင် မဂ္ဂါဝပ် ၇၀ရှိ ဓာတ်အားပေးစက်လေးလုံးဖြင့် စုစုပေါင်း တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၂၈၀ တပ်ဆင်ပြီး တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၉ သန်းထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းဖြစ်သည်။ ၎င်းစီမံကိန်းမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်နှင့် ချိတ်ဆက်၍ ပြည်တွင်းသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းတွင် အဓိကတည်ဆောက်ရမည့် လုပ်ငန်းကြီးများအနက် အချင်း ၃၃ ပေ၊ အလျားပေ ၁၀၁၀ရှိရေလွှဲဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ယူစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။ ထို့ပြင် စီမံကိန်းလုပ်ငန်းများအနက် အဓိကကျသည့် ရေလွှဲဥမင်လိုဏ်မှတစ်ဆင့် မြစ်ရေလွှဲခြင်းလုပ်ငန်းကိုလည်း ၂၀၁၅ ခုနှစ် မတ် ၉ ရက် တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ အထက်ရဲရွာစီမံကိန်းသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၃ ရက်က သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြသည်။ **(ဝဲပုံ)**





(ဓာတ်ပုံ - လျှပ်စစ်)

ဒုဋ္ဌဝတီမြစ်ပေါ်တွင် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ မဂ္ဂါဝပ် ၇၉၀ ကို ပထမဆုံးအကောင်အထည်ဖော်၍တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခုအထက်ရဲရွာ စီမံကိန်း မဂ္ဂါဝပ် ၂၈၀ သည် ဒုတိယမြောက်စီမံကိန်းဖြစ်သည်။ အလားတူဒုဋ္ဌဝတီမြစ်ပေါ်တွင် ဒီးဒုတ် (အနိမ့်တမံစနစ်)စီမံကိန်း ၆၆ မဂ္ဂါဝပ်၊ နမ္မတူ (သီပေါ) စီမံကိန်း မဂ္ဂါဝပ် ၁၀၀၊ အလယ်ရဲရွာစီမံကိန်း မဂ္ဂါဝပ် ၇၀၀ စီမံကိန်းသုံးခုစုစုပေါင်း ၈၈၆ မဂ္ဂါဝပ်အား ပဏာမစူးစမ်းလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စီမံကိန်း ငါးခုလုံးပြီးစီးပါက ဒုဋ္ဌဝတီမြစ်ပေါ်မှ လျှပ်စစ်ဓာတ်အား ၁၉၃၆ မဂ္ဂါဝပ်ကို တပ်ဆင်ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

၂၀၁၅ ရာသီတွင် ရလဒ်များ သိသိသာသာ ကျဆင်းကာ တန်းဆင်းဇုန်အတွင်း ရုန်းကန်ခဲ့ရပြီး ရာသီကုန်တွင် အဆင့်(၈)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ ရလဒ်များ ဆိုးရွားခဲ့သည့် ဇေယျာရွှေမြေအသင်းသည် ရာသီကုန်တွင် အပြောင်းအလဲများစွာပြုလုပ်ခဲ့ပြီး ဒုတိယအကြိမ် လက်တွဲထားသည့် ဆွီဒင်လူမျိုး နည်းစနစ်ဒါရိုက်တာ ဟန်ဆန်နှင့်လမ်းခွဲခဲ့ပြီး ကစားသမားသစ်များစွာလည်း အပြောင်းအလဲပြုလုပ်ထားသည်။ ဇေယျာရွှေမြေအသင်းသည် ၂၀၁၅ ရာသီက အသုံးပြုခဲ့သည့် အောင်ဟိန်းကျော်၊ ထွန်းလင်းစိုး၊ ကျော်ကျော်ထက်၊ မြတ်မင်းသူ၊ ကောင်းမြတ်ဦး၊ မင်းချစ်သူ၊ စိုးပိုင်သွေး၊ အောင်သိုက်တို့နှင့်လမ်းခွဲခဲ့ပြီး ဂိုးနာကွင်းလယ်လူ အဘူဘာကာကိုလည်း သက်တမ်းမတိုးခဲ့သောကြောင့် ဧရာဝတီအသင်းသို့ ပြောင်းရွှေ့သွားမည်ဖြစ်သည်။

ဇေယျာရွှေမြေအသင်းသည် ယခုရာသီတွင် နိုင်ငံခြားသားကစားသမားသုံးဦး အသုံးပြုမည်ဖြစ်ပြီး ၂၀၁၅ ရာသီက အသုံးပြုခဲ့သည့် နိုင်ငံခြားသားများထဲမှ တိုက်စစ်မှူး ဗစ်တာ(အီတလီ)နှင့် နောက်ခံလူ ဂူစမန်ဝမ် (အင်ဒိုနီးရှား)တို့ကို သက်တမ်းတိုးခဲ့ပြီး အသစ်ခေါ်ယူမှုအဖြစ် မနောမြေအသင်းတွင် ကာလရှည်ကြာစွာကစားခဲ့သည့် နောက်ခံလူ အီမရာဟင်မ်ကို ခေါ်ယူထားသည်။ ပြည်တွင်းကစားသမား ခေါ်ယူမှုအဖြစ် ရခိုင်အသင်း၌ ခြေစွမ်းပြခဲ့သည့် ရခိုင်တိုက်စစ်မှူး ပြည်မိုး အပါအဝင် အောင်ဟိန်းစိုးဦး (ရတနာပုံလူငယ်)၊ ဂိုး-ဖြိုးမင်းမောင်၊ ရန်အောင်ဝင်းနှင့် နိုင်စိုးဝေ (ရှမ်းယူနိုက်တက်)၊ ညီညီနိုင်၊ ပြည့်ဖြိုးကိုကိုနှင့် ဝေဖြိုးလွင် (ရခိုင်) တို့ကို ခေါ်ယူထားသည်။ ကစားသမားအပြောင်းအလဲများပြုလုပ်ထားသော်လည်း အသင်းမှ ပြည်တွင်းကစားသမားအများစုကို စာချုပ်သက်တမ်းတိုးထားခဲ့သည်။ အမာခံကစားသမားအဖြစ်ပါဝင်ခဲ့သော ဇော်လင်းထက်၊ အောင်ကိုကိုဝင်းနှင့် သက်ပိုင်ဦးတို့အပါအဝင် ဂိုး-ဇော်ဇော်နိုင်၊ နန်းမင်းအောင်၊ မျိုးဝေလင်း၊ အောင်သူဖြိုး၊ ဇော်လင်းဦး၊ ရဲထက်အောင်နှင့် ချစ်စမ်းမောင်တို့ကို သက်တမ်းတိုးထားခြင်းဖြစ်သည်။

ဇေယျာရွှေမြေအသင်းသည် နည်းပြ စတီဖင်ဟန်ဆန်နှင့် လမ်းခွဲခဲ့သောကြောင့် ၂၀၁၅ ရာသီက ကြံ့ခိုင်ရေးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သော ပေါ်တူဂီလူမျိုး ဖေဘီယာနိုကို နည်းပြချုပ်အဖြစ်ခန့်အပ်ထားပြီး ဇေယျာရွှေမြေအသင်း စတင်ဖွဲ့စည်းကတည်းက နည်းပြအဖွဲ့ဝင်များကို ပြန်လည်စုစည်းထားသောကြောင့် အင်အားပိုမိုတောင့်တင်းလာမည် ဖြစ်သည်။ ၂၀၁၅ ရာသီက အသင်းနှင့်လမ်းခွဲသွားသော ဦးဉာဏ်ဝင်းကို နည်းစနစ်အကြံပေးအဖြစ် ပြန်လည်ခန့်အပ်ထားပြီးဖြစ်သည်။ ဇေယျာရွှေမြေအသင်းသည် ရာသီအကြိုခြေစမ်းပွဲများအဖြစ် မဟာယူနိုက်တက်အသင်း၊ ဟံသာဝတီအသင်း၊ မနောမြေအသင်းတို့နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ရာသီသစ်အတွက် ပြင်ဆင်ထားပြီးဖြစ်သည်။

ဇေယျာရွှေမြေအသင်းနည်းပြချုပ် ဖေဘီယာနိုက "MNL မှာ နည်းပြချုပ်အဖြစ် ပထမဆုံးဆောင်ရွက်မှာဖြစ်ပေမယ့် ပြီးခဲ့တဲ့ရာသီ အတွေ့အကြုံတွေက အများကြီး အကျိုးရှိပါတယ်။ ဒီအသင်းနဲ့မစိမ်းသလို နည်းပြအဖွဲ့ဝင်တွေရဲ့ထောက်ပံ့မှုတွေကြောင့် ကိုင်တွယ်ရတာ အဆင်ပြေပါတယ်။ ကျွန်တော်အနေနဲ့ ဇေယျာရွှေမြေအသင်းကို အသင်းကောင်းတစ်သင်းဖြစ်အောင်တည်ဆောက်နေပြီး တဖြည်းဖြည်းတော့လိုချင်တဲ့ပုံစံရလာပါပြီ။ အသစ်ခေါ်ထားတဲ့ ကစားသမားတွေလည်း အသင်းနဲ့ အံဝင်လာပါပြီ။ ပုံစံကောင်းရလာမယ်လို့ ယုံကြည်ပါတယ်။ MNL ကတော့ ပိုမိုတိုးတက်လာဖို့လိုပြီး အိမ်ကွင်း၊ အဝေးကွင်းကျင်းပလာဖို့လိုပါတယ်။ ကျွန်တော်ကတော့ ထိပ်ဆုံးမှာ ငါးသင်းစာရင်းဝင်ဖို့ ကြိုးပမ်းသွားမှာပါ"ဟု ပြောကြားခဲ့သည်။ ဖေဘီယာနိုသည် အသက် ၃၁ နှစ်အရွယ်သာရှိသေးပြီး ဥရောပထိပ်သီးကလပ်အသင်းများဖြစ်သည့် မန်ယူ၊ ဂျူဗင်တပ်စ်နှင့် PSG အသင်းတို့၏ လူငယ်အကယ်ဒမီများတွင် နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

ဇေယျာရွှေမြေအသင်းသည် MNL အမှတ်ပေးပြိုင်ပွဲတွင် ပွဲဦးထွက်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၉ ရက်တွင် Horizon အသင်းနှင့် ကစားရမည်ဖြစ်သည်။

## စွန့်ဦးတီထွင်အောင်မြင်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ဟောပြော

**မကွေး ဇန်နဝါရီ ၆**

စွန့်ဦးတီထွင်အောင်မြင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဟောပြောပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက မကွေးမြို့ရှိ တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်မြို့ Future Myanmar (Management) CEO ဦးဇင်ဖြိုးပိုင်က စွန့်ဦးတီထွင်အောင်မြင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသို့ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ဟောပြောပွဲကို မကွေးမြို့ရှိ ထိန်ထိန်သာဟိုတယ်လုပ်ငန်းရှင်ဦးကျော်ဝင်း၏ ထောက်ပံ့ကူညီမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကာ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းစတင်ထူထောင်လိုသူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၇၀ ခန့် တက်ရောက်ခဲ့ပြီး တက်ရောက်လာသူများက မေးခွန်းများမေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြင့်သိန်း(မကွေး)**

# လက်နက်ထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များ ပြောကြားသည့် အခမ်းအနားတွင် အိုဘားမား မျက်ရည်ကျ



**ဝါရှင်တန် ဇန်နဝါရီ ၆**

အမေရိကန်သမ္မတ ဘားရက် အိုဘားမားသည် သေနတ်ကိုင်ဆောင်မည့်သူ၏ နောက်ကြောင်းရာဇဝင် စုံစမ်းမှုများ အပါအဝင်သေနတ်ကိုင်ဆောင်မှုထိန်းချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အင်္ဂါနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။ ပစ္စတိုနှင့် ရိုင်ဖယ် သေနတ်အပါအဝင် လက်နက်ရောင်းချမည့်သူများသည် လိုင်စင်ကိုင်ဆောင်ရမည်ဖြစ်ပြီး နောက်ကြောင်း ရာဇဝင်စစ်ဆေးမှုများနှင့် ရာဇဝတ်မှု ကျူးလွန်ခြင်းရှိမရှိကို စုံစမ်းစစ်ဆေးရမည်ဟု သေနတ်ထိန်းချုပ်ရေး တက်ကြွလှုပ်ရှားသူများနှင့် သေနတ်ဖြင့်အကြမ်းဖက်မှုခံရသည့် မိသားစုဝင်များနှင့် အိမ်ဖြူတော်၌ တွေ့ဆုံသော အခမ်းအနား၌ ပြောကြားလိုက်သည်။

အိုဘားမားက ၎င်း၏အစိုးရအဖွဲ့သည် နောက်ကြောင်းစုံစမ်းမှုများ ပြုလုပ်ရန်နှင့် သေနတ်ကိုင်ဆောင်ခွင့် ထိန်းချုပ်ရေးတွင် ပိုမိုအကျိုးရှိစွာ ဆောင်ရွက်နိုင်ရေး လူများထပ်မံငှားရမ်းလုပ်ကိုင်သွားမည်ဖြစ်ပြီး သေနတ်ထိန်းချုပ်ရေးဥပဒေကို လေးစားလိုက်နာရန်အတွက် စုံစမ်းထောက်လှမ်းသူ ၂၀၀ ကျော်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောသည်။

ထို့အပြင် နိုင်ငံတစ်ဝန်း ပြည်သူများ၏ စိတ်ကျန်းမာရေး အခြေအနေကို ကုသမှုပေးရန် ဒေါ်လာသန်း ၅၀၀ သုံးစွဲသွားမည်ဟု ၎င်းက ပြောသည်။

နှစ်စဉ်နှစ်တိုင်း အမေရိကန်လူမျိုး သုံးသောင်းကျော်သည် သေနတ်ကြောင့် အသက်ဆုံးရှုံးရသည်ဟု အိုဘားမားက ပြောသည်။

ထို့နောက် အိုဘားမားသည် ၂၀၁၂ ခုနှစ်က ဆန်းဒီဟု(ခ်) မူလတန်းကျောင်းတွင် သေနတ်ပစ်ခတ်မှုကြောင့် ကလေးငယ် ၂၀ နှင့် ဝန်ထမ်းခြောက်ဦး ပစ်သတ်ခံရမှုအကြောင်း ပြောဆိုသည့်အခါ ဝမ်းနည်းသည့် ခံစားချက်ကြောင့် မျက်ရည်များ ကျဆင်းခဲ့သည်။

**(ဆင်ဟွာ)**

# လာနီညာရာသီဥတုကာကွယ်ရေး အင်ဒိုနီးရှားပြင်ဆင်

**ဂျကာတာ ဇန်နဝါရီ ၆**

အင်ဒိုနီးရှားနိုင်ငံတွင် မုတ်သုံမိုးနှင့် လာနီညာရာသီဥတုပုံစံကြောင့် သီးနှံကာကွယ်ရေးအတွက် ရေကြီးဒေသများ၌ လယ်သမားများအား ကူညီပေးရန် ပြင်ဆင်မှုများစတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း အင်ဒိုနီးရှား စိုက်ပျိုးရေးဝန်ကြီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံသည် ကိုကိုး၊ ဆီအုန်းနှင့် ကော်ဖီအဓိက ထုတ်လုပ်ပြီး ဆန်နှင့်သကြား အဓိက တင်သွင်းသည့် နိုင်ငံဖြစ်သည်။ လာနီညာရာသီဥတုပုံစံသည် ၂၀၁၆ ခုနှစ် နှစ်လယ်တွင် ပိုမိုအားကောင်းလာလိမ့်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား မိုးလေဝသဌာနက ခန့်မှန်းထားသည်။

အဆိုပါ သီးနှံများ ထုတ်လုပ်မှုကျဆင်းမှုသည် ကမ္ဘာ့ကုန်စျေးနှုန်းမြင့်တက်မှုကို ဦးတည်နိုင်ကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းထားသည်။

လာနီညာသည် ရေနွေးစီးကြောင်းများကြောင့် ဖြစ်ပေါ်လာသော အယ်လ်နီညို ရာသီဥတု၏ မိတ်ဖက်ဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာ အပူပိုင်းရေပြင် အေးလာခြင်းကြောင့် ဖြစ်ရသည်ဟု ဆိုသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆည်စနစ်များ ပြင်ဆင်ခြင်း၊ အဆိုးရွားဆုံးဖြစ်နိုင်သည့် အရှေ့ဂျာဗား၌ ရေပိုက်လိုင်းများ သွယ်တန်းခြင်း စသောလုပ်ငန်းစဉ်များ ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆန်စပါး စိုက်ပျိုးရေးကို အရှိန်အဟုန်မြင့်တင်လုပ်ဆောင်နေကြောင်း စိုက်ပျိုးရေးဝန်ကြီး အာရန်ဆူလမန်က သတင်းထောက်များအား ပြောသည်။

လာနီညာ ရာသီဥတုသည် အောက်တိုဘာလတွင် ဖြစ်နိုင်ဖွယ်ရှိပြီး ယမန်နှစ်ကကဲ့သို့ မိုးခေါင်မှုရင်ဆိုင်ရန် ပြင်ဆင်ထားကြောင်း ၎င်းကပြောသည်။

သမ္မတ ဝီဒိုဒိုသည် ဆန်တင်သွင်းမှုရှိသော်လည်း ကုန်စျေးနှုန်းမြင့်တက်မှုကို ရင်ဆိုင်နေရသည်။

စားနပ်ရိက္ခာ ဖူလုံစေရန် အင်ဒိုနီးရှား နိုင်ငံသည် ၂၀၁၅ ခုနှစ် နှစ်ကုန်အထိ ဗီယက်နမ်နှင့် ထိုင်းတို့မှ ဆန်တန်ချိန် ၇၀၀၀၀ တင်သွင်းခဲ့ရသည်ဟု ပြီးခဲ့သည့်လက ထုတ်ပြန်ချက်များတွင် ဖော်ပြသည်။

**(ရိုက်တာ)**

# ဆော်ဒီ-အီရန်တင်းမာမှု အိုင်အက်စ်တိုက်ခိုက်မှုကို မထိခိုက်နိုင်

**ဝါရှင်တန် ဇန်နဝါရီ ၆**

ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့ကြားတင်းမာမှုများက အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်များ၏ အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွဆန့်ကျင် တိုက်ခိုက်ချေမှုန်းရေးတွင် အနှောင့်အယှက်ဖြစ်မည် မဟုတ်ကြောင်း အမေရိကန်ဦးဆောင်သည့် မဟာမိတ်တပ်များ အထူးကိုယ်စားလှယ် ဘရက်တ်မက်ဂေါ့ခ်က ဇန်နဝါရီ ၅ ရက်တွင် သတင်းထောက်များကို ပြောခဲ့သည်။ သို့သော်လည်း အုပ်စုအကွဲအပြဲများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်း ၎င်းက ဖော်ပြခဲ့သည်။

ဆော်ဒီ-အီရန်တင်းမာမှုများက ယခုအချိန်အထိ အမေရိကန် ဦးဆောင်သည့်မဟာမိတ်တပ်များအပေါ် မည်သို့မျှ မသက်ရောက်နိုင်ကြောင်း ၎င်းကထပ်လောင်း ပြောကြားခဲ့သည်။

သို့သော်လည်း ဆော်ဒီ-အီရန် ကြားတင်းမာမှုမြင့်တက်လာခြင်းက အုပ်စုကွဲများကို ဖြစ်ပေါ်စေနိုင်သဖြင့် အန္တရာယ်ရှိကြောင်း အိုင်အက်စ်အကြမ်းဖက် စစ်သွေးကြွအုပ်စုကဲ့သို့ အခြားအုပ်စုများက ယင်းအခြေအနေကို အမြတ်ထုတ် သွားနိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျနှင့်အမေရိကန်တို့သည် ရေးအစဉ်အဆက်အားဖြင့် မဟာမိတ်များဖြစ်ကြသော်လည်း အမေရိကန်က ဆော်ဒီအနေဖြင့် ရှီးယိုက်ဘာသာရေးခေါင်းဆောင်ကို ကွပ်မျက်ခြင်းနှင့်ပတ်သက်၍ အီရန်နှင့် သံတမန်ဆက်ဆံရေးဆိုးရွားမှုကို ပြစ်တင်ဝေဖန်လိုက်သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်က ဆော်ဒီ၏စိုးရိမ်မှုကို ဖြစ်စေသောအီရန်ဒုံးလက်နက်ထုတ်လုပ်မှုနှင့်သက်ဆိုင်သော ကုမ္ပဏီများကို စီးပွားရေး ပိတ်ဆို့မှုများ ပြုလုပ်လိုက်သည်။

**(အင်န်အိတ်ချ်ကေ)**

# ၂၀၁၅တွင် အန်းကောဝပ် ရှေးဟောင်းယဉ်ကျေးမှုဒေသ ကန်ဒေါ်လာသန်း ၆၀ ရရှိ



**ဖနောင်ပင် ဇန်နဝါရီ ၆**

ကမ္ဘောဒီးယားနိုင်ငံ၏အကျော်ကြားဆုံး အန်းကောဝပ် ရှေးဟောင်းယဉ်ကျေးမှုဒေသသို့ လာရောက်လည်ပတ်သော နိုင်ငံခြားခရီးသွားဧည့်သည်များကို လက်မှတ်ရောင်းချသောဝင်ငွေသည် လွန်ခဲ့သောနှစ်က အမေရိကန်ဒေါ်လာ သန်း ၆၀ ထိရောက်ရှိခဲ့ကြောင်း တစ်နှစ်ထက်တစ်နှစ်နိုင်ငံခြားဝင်ငွေ ၁ ဒသမ ၂ ရာခိုင်နှုန်းခန့် တက်လာကြောင်း အန်းကောဝပ် ရှေးဟောင်းယဉ်ကျေးမှုဒေသစီမံခန့်ခွဲမှု ပြောရေးဆိုခွင့်ရှိသူ ချွာဆန်ကာက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

ရှေးဟောင်းအမွေအနှစ် ဒေသကို လွန်ခဲ့သောနှစ်က နိုင်ငံခြားခရီးသွားဧည့်သည် ၂ ဒသမ ၁ သန်း လာရောက် လည်ပတ်ခဲ့သည်။ ယခင်နှစ်နှင့် နှိုင်းယှဉ်ကြည့်လျှင် ခရီးသွားဧည့်သည် ၁ ဒသမ ၉၆ ရာခိုင်နှုန်းထိ တိုးမြှင့်လာကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

ဒီဇင်ဘာ တစ်လတည်းတွင် အန်းကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ နိုင်ငံခြားခရီးသွားဧည့်သည် ၂၂၂၅၈၁ ဦးလာရောက်လည်ပတ်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်းရရှိခဲ့ကြောင်း သိရသည်။

တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ဗီယက်နမ်တို့သည် အန်းကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်သော အဓိကနိုင်ငံများဖြစ်ကြောင်း ၎င်းက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ဘက် ဆီရမ်ရိဒေသတွင် တည်ရှိသော အန်းကောဝပ် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသည် ယူနက်စကို၏ ကမ္ဘာ့ယဉ်ကျေးမှုနေရာအဖြစ် ၁၉၉၂ ခုနှစ်က စာရင်းဝင်ခဲ့ပြီး ကမ္ဘာလှည့်ခရီးသွားများအတွက် အကျော်ကြားဆုံး နေရာဖြစ်သည်။ အန်းကောဝပ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဝင်ခွင့်နှုန်းထားများမှာ နိုင်ငံခြားသားတစ်ဦးအတွက် တစ်နေ့ လျှင် အမေရိကန်ဒေါ်လာ ၂၀ ဖြစ်ပြီး သုံးရက်လျှင် အမေရိကန်ဒေါ်လာ ၄၀ ဖြစ်ကြောင်း သိရပြီး တစ်ပတ်ကြာလည်ပတ်မည်ဆိုလျှင် အမေရိကန် ဒေါ်လာ ၆၀ ပေးရမည်ဖြစ်သည်။

**(ဆင်ဟွာ)**

# မြောက်ကိုရီးယား ဟိုက်ဒရိုဂျင်ဗုံးအောင်မြင်စွာစမ်းသပ်

**ပြုံယမ်း ဇန်နဝါရီ ၆**

ပြုံယမ်းအနေဖြင့် ဟိုက်ဒရိုဂျင်နျူကလီးယားဗုံးကို ဗုဒ္ဓဟူးနေ့တွင် အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ပြောကြားသည်။

အဆိုပါစမ်းသပ်အောင်မြင်မှုသည် ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့အား တိုက်ခိုက်နိုင်ချေရှိမှုအပေါ် သတိပေးခေါင်းလောင်းများ လှုပ်လိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါစမ်းသပ်မှုသည် မြောက်ကိုရီးယားနိုင်ငံက စတုတ္ထမြောက်စမ်းသပ်ခြင်းဖြစ်ပြီး မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်းက အမိန့်ပေးမှုဖြင့် စမ်းသပ်ဖောက်ခွဲခဲ့ကြောင်း နိုင်ငံ ပိုင်မီဒီယာကဖော်ပြသည်။ "ပထမဆုံးသော ဟိုက်ဒရိုဂျင်ဗုံး (H-bomb) ကို ဗုဒ္ဓဟူးနေ့ ဒေသစံတော်ချိန် ၁၀ နာရီလောက်မှာ အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့တာပါ"ဟု မြောက်ကိုရီးယားသတင်း အေဂျင်စီ အေစီအင်န်အေက ထုတ်ပြန်ကြေညာသည်။ ပြီးခဲ့သောလတွင် ကင်ဂျုံအန်းက သူ့နိုင်ငံအနေဖြင့် သာမိုနျူကလီးယားပစ္စည်းဟု လူသိများသော ဟိုက်ဒရိုဂျင်ဗုံးကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းဗုံးမှာ အဏုမြူစွမ်းအင်ဗုံးထက်အားအနည်းငယ် လျော့နည်းသည်ဟု ဆိုသည်။

**(ရိုက်တာ)**



# အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်

**ခင်ဦး ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ထနောင်းကိုင်းကြီးကျေးရွာအုပ်စု မင်းဝံစိုက်ကွင်းကျေးရွာ၌ အခြေခံပညာ မူလတန်းလွန်ကျောင်းဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇင်ဝိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာများနှင့် ပတ်သတ်သည်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝမ်းက ကျောင်းဖြစ်မြောက်လာပုံကို လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇင်ထွန်းက ကျောင်းသမိုင်းကို လည်းကောင်း ရှင်းလင်းပြောကြားရာ ကျောင်းအကျိုးတော်ဆောင် ဦးကျော်ဆန်းက ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အခြေခံပညာမူလတန်းလွန်ကျောင်းဖွင့်ပွဲ အထိမ်းအမှတ် အလံများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# နိုင်ငံတကာ ကင်းထောက်အတွေ့အကြုံ ရှင်းလင်းဟောပြောပွဲ ဒဂုံတက္ကသိုလ်၌ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ကင်းထောက်လုပ်ငန်းများအကြောင်းနှင့် ကင်းထောက်လူငယ်မောင်မယ်များ၏ နိုင်ငံတကာ ကင်းထောက်အတွေ့အကြုံ ရှင်းလင်းဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ဒဂုံတက္ကသိုလ်၌ကျင်းပရာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာလှဌေးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် မြန်မာနိုင်ငံအမျိုးသမီးကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်တို့က ကင်းထောက်လုပ်ငန်းများအကြောင်းနှင့် နိုင်ငံတကာကင်းထောက်အတွေ့အကြုံများကို နိုင်ငံတကာဆက်ဆံရေးပညာ စတုတ္ထနှစ်ကျောင်းသား မောင်ကောင်းဆက်ဟိန်းတို့က ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒဂုံတက္ကသိုလ်ကင်းထောက် အမျိုးသား အမျိုးသမီးများက ကင်းထောက်လူငယ်သီချင်းများဖြင့် ဖျော်ဖြေကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ အမျိုးသား အမျိုးသမီးကင်းထောက်ကြီးများ၊ ပါမောက္ခများ၊ ကထိကများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒဂုံတက္ကသိုလ် ကင်းထောက်အဖွဲ့ဝင် ကျောင်းသား ကျောင်းသူများတက်ရောက်ကြသည်။

**ကိုလတ်(သတင်းစဉ်)**

# မီးဘေးအန္တရာယ်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ညောင်လေးပင် ဇန်နဝါရီ ၆**

ညောင်လေးပင်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး(အရှေ့) ပဲခူး (မြောက်ပိုင်း) သစ်ထုတ်ရေးဒေသ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြပွဲကို ဇန်နဝါရီ ၆ ရက်က ညောင်လေးပင်မြို့ မြို့မ(၅) ရပ်ကွက် သစ်ထုတ်ရေးဒေသရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူး(မြောက်ပိုင်း) သစ်ထုတ်ရေးဒေသတာဝန်ခံ လက်ထောက်အထွေထွေမန်နေဂျာဦးရဲထွန်းက ဟောပြောပွဲနှင့် သရုပ်ပြမီးငြိမ်းသတ်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ဝန်ထမ်းများလိုက်နာရန်အချက်များကို ပြောကြားသည်။ ဆက်လက်၍ ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးသိန်းထိုက်က မီးဘေးအန္တရာယ်နှင့် ကာကွယ်ခြင်း၊ မီးငြိမ်းသတ်ခြင်းများအကြောင်း ဟောပြောသည်။ ထို့နောက် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

**၂၀၁၆ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီဆိုင်ညဆွန်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သောပူးပေါင်းဆောင်ရွက်မှုတို့သည် ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ပူးတွဲအားထုတ်မှုတို့နှင့်အတူ အာဆီယံမိသားစုကြီး၏ တည်ငြိမ်မှုအတွက်သာမက ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ တည်ငြိမ်အေးချမ်းရေးတို့အတွက် ရှေ့လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း ကျွန်ုပ်အနေဖြင့် ခိုင်မာစွာယုံကြည်ပါသည်ဟု ဖော်ပြထားပါသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် သွန်ဆင်းသမာဗောင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရကိုယ်စား ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့် နီးကပ်သောပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံအပြန်အလှန်အကျိုးစီးပွားအတွက် တိုးတက်ခိုင်မာလာလျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ကျွန်ုပ်အနေဖြင့် များစွာဝမ်းမြောက်မိပြီး အဆိုပါချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့က နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေ၍ အာဆီယံစီးပွားရေးအသိုက်အဝန်းအား ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်သာမက ဒေသတွင်းနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုတိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း ကျွန်ုပ်အနေဖြင့် ယုံကြည်ပါသည်ဟု ဖော်ပြထားပါသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံ ဒုတိယသမ္မတ ဘွန်ညံဗိုရာချစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူတို့၏အကျိုးစီးပွားနှင့် သာယာဝပြောရေးတို့အတွက် ဆက်လက်ခိုင်မာနေမည်ဖြစ်ကြောင်း ယုံကြည်ပါသည် ဟု ဖော်ပြထားပါသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဘွန်ညံဗိုရာချစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နီးကပ်သောပူးပေါင်းဆောင်ရွက်မှုတို့သည် ၂၀၁၅ ခုနှစ်အတွင်းက ကျွန်ုပ်တို့၏ အပြန်အလှန်ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် ရလဒ်တို့ကို ဆက်လက်ဖြည့်ဆည်းကာ ပိုမိုတိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း ယုံကြည်ပါသည်ဟု ဖော်ပြထားပါသည်။

## ဖိလစ်ပိုင်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံသို့ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘီနင်နို အကွီနို-၃ က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ဖိလစ်ပိုင်သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

အဆွေတော်တို့အနေဖြင့် နိုင်ငံ၏အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းအားထုတ်မှုများတွင် ခြေလှမ်းကြီး တစ်ရပ်ကို လှမ်းတက်နိုင်ခဲ့သည့်အပြင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်း ကလည်း အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပါသည်။

ကျွန်ုပ်တို့အနေဖြင့် ယခု ၂၀၁၆ ခုနှစ်အတွင်း နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်မှုနှစ်(၆၀)ပြည့်အထိမ်းအမှတ် အခါသမယကိုဆင်နွှဲရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အတိုင်း ဆက်လက်ခိုင်မာဖြစ်ထွန်းလာမည့် မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို စောင့်ကြိုလျက်ရှိပါသည်။ ယခုအချိန်အခါတွင် အာဆီယံအဖွဲ့အစည်းကြီးသည် တစ်ခုတည်းသော စီးပွားရေးအသိုက်အဝန်းဖြစ်လာသည့်အတွက် ကျွန်ုပ်တို့နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာလာစေရန် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိလာမည်ဖြစ်ပါသည်ဟု ဖော်ပြထားပါသည်။

## တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တီမောလက်စ်တေဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တော်မာတန်ရောက်ခ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ မိမိအနေဖြင့် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာရွှင်လန်းစေရန် မြန်မာပြည်သူပြည်သားများ ဆက်လက်သာယာဝပြောစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြထားပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ထူးမြတ်သည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ကမ္ဘောဒီးယားနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့လည်းကောင်း၊ အဆွေတော်မှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့လည်းကောင်း လှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ကျွန်ုပ်တို့နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်များနှင့်အညီ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်သော ပူးပေါင်းဆောင်ရွက်မှုတို့သည် နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန်အကျိုးစီးပွားအတွက် ရှေ့လာမည့်နှစ်များအတွင်း ဆက်လက်တိုးတက်ခိုင်မာလာမည်ဖြစ်ကြောင်း ကျွန်ုပ်အနေဖြင့် မုချယုံကြည်ပါသည်။

အာဆီယံအသိုက်အဝန်းကြီး ဆတက်ထမ်းပိုး ပိုမိုကောင်းမွန်တိုးတက်လာစေရန်နှင့် အာဆီယံခေါင်းဆောင်များအကြား နီးကပ်သောဆက်ဆံမှု ဖြစ်ပေါ်စေရန်အတွက် အဆွေတော်သမ္မတကြီးနှင့် ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဟူသော မိမိ၏ ကတိကဝတ်အားလည်း ထပ်လောင်း အတည်ပြုအပ်ပါသည်ဟု ဖော်ပြထားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မီးဘေးလုံခြုံရေးအတွက် လူတိုင်း၏တာဝန်

မင်းမျိုးမြင့်
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

ကမ္ဘာ့နှင့်အဝန်းနိုင်ငံများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အဆောက်အအုံ၊ ပရိဘောဂများ၊ ယာဉ်များစသည့် လူ့အသုံးအဆောင်ပစ္စည်းများလည်း ခေတ်မီဆန်းပြားစွာ အသုံးပြုခြင်းများနှင့်အတူ ဘေးဒုက္ခများလည်း ယှဉ်တွဲပေါ်ပေါက်လာပါသည်။ ဘေးဒုက္ခများဆိုရာတွင် လူ့ပယောဂကြောင့်သော်လည်းကောင်း၊ သဘာဝရာသီဥတု အခြေအနေများ ဖောက်ပြန်ပြောင်းလဲလာမှုကြောင့်သော်လည်းကောင်း ဖြစ်ပွားပေါ်ပေါက်တတ်ပြီး နိုင်ငံအချို့၌ ဘေးဒုက္ခများ (Calamities) အဖြစ် ကျရောက်လျက် ပျက်စီးဆုံးရှုံးမှုများ များပြားလာနေပါသည်။

သဘာဝရာသီဥတုဖောက်ပြန်မှုကြောင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များရှိသလို ကြိုတင်သိရှိကာကွယ်နိုင်သော ဘေးအန္တရာယ်များလည်းရှိပါသည်။ (Disasters)ဘေးအန္တရာယ်များဟုဆိုရာတွင် လူအများအစုလိုက် အပြုံလိုက်သေကျေဒဏ်ရာရစေသော ဘေးအန္တရာယ်များနှင့် တစ်ဦးချင်း တစ်ယောက်ချင်း ဒုက္ခရောက်ရသော ဘေးအန္တရာယ်များလည်း ရှိပါသည်။ ကျရောက်တတ်သော ဘေးအန္တရာယ်များမှာ မီးဘေး၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး၊ ဆူနာမီဘေး၊ ငလျင်ဘေး၊ မြေပြိုမှုဘေး၊ မိုးခေါင်ရေရှားမှုဘေး၊ မီးတောင်ပေါက်ကွဲမှုဘေးများအပြင် စစ်မက်ဖြစ်ပွားမှုကြောင့် လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အိုးအိမ်အဆောက်အအုံ၊ ပစ္စည်းများ ပျက်စီးရမှုများလည်း အချို့သောနိုင်ငံများ၌ ဘေးအန္တရာယ်အဖြစ်ကျရောက်ပြီး ဒုက္ခရောက်နေကြရပါသည်။

ထိုဘေးအန္တရာယ်များတွင် "မီးဘေး"မှအပ ကျန်ဘေးအန္တရာယ်များမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအရ အတိအကျကြိုတင်ခန့်မှန်းတွက်ဆ၍ မရနိုင်သော သဘာဝဘေးအန္တရာယ်များဖြစ်ပါသည်။ "မီးဘေးအန္တရာယ်"သည် မိုးကြိုးပစ်၍လောင်ကျွမ်းခြင်းမှအပ လူတို့၏ မီးကို မဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့် မီးလောင်မှုများဖြစ်ပွားနေရ ကြောင်း တွေ့ရှိနေရပါသည်။ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တစ်နှစ်လုံး မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီး နှင့် ပြည်နယ်များတွင် မီးလောင်မှု ၁၆၂၉ ကြိမ်လောင်ကျွမ်းခံခဲ့ရပြီး အိမ်ခြေအဆောက်အအုံ ၃၂၀၆ လုံး၊ စက်ရုံအလုပ်ရုံ ကိုးခု၊ ဂိုဒေါင် ၇၈ လုံး လောင်ကျွမ်းခံခဲ့ရပါသည်။ လူ ၆၀ သေဆုံးကာ ဒဏ်ရာရသူ ၁၈၁ ဦးဖြစ်ပြီး မီးဘေးဒုက္ခသည်ပေါင်း ၁၀၆၂၄ ဦးရှိခဲ့ပါသည်။ တိရစ္ဆာန် ၁၇၆၅၃ ကောင်သေဆုံးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၄၂၇၂၄၀၅၈၈၅ သန်းခန့်ရှိခဲ့ပါသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မြန်မာနိုင်ငံတစ်ဝန်းလုံး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် မီးလောင်မှုအကြိမ် ၁၅၇၀ ဖြစ်ပွားခဲ့ပြီး အိမ်ခြေအဆောက်အအုံအလုံး ၂၆၉၀၊ စက်ရုံအလုပ်ရုံ ၂၃ ခု၊ ဂိုဒေါင် ၂၅ လုံးလောင်ကျွမ်းခံခဲ့ရပါသည်။ လူ ၅၇ ဦးသေဆုံးကာ ၁၃၁ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ မီးဘေးဒုက္ခသည်ပေါင်း ၉၀၉၇ ဦးရှိပြီး တိရစ္ဆာန် ၂၅၀၃ ကောင်သေဆုံးခဲ့ပါသည်။ ဆုံးရှုံးမှုတန်ဖိုးပေါင်းမှာ ငွေကျပ် ၂၀၈၅၉၆၂၀၇၅ သန်းခန့် ဆုံးရှုံးခဲ့ရပါသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးလောင်မှုအကြောင်းရင်းများကို မီးဖိုမီး၊ ပေါ့ဆမီး၊ အလိုအလျောက်မီး၊ လျှပ်စစ်မီး၊ မသမာသူရှို့မီး၊ တောမီး၊ သောင်းကျန်းသူရှို့မီး၊ စုံစမ်းဆဲ၊ မီးလန့်၊ မိုးကြိုးပစ်ဟူ၍ အမျိုးအစားများခွဲခြားထားရာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ မီးဖိုမီး ၃၃၃ ကြိမ်၊ ပေါ့ဆမီး ၄၉၂ ကြိမ်၊ အလိုအလျောက်မီး (လောင်စာပစ္စည်းများ အဆမတန်များပြားစွာစုပုံထား၍ လေဝင်လေထွက်မကောင်း ခြင်းကြောင့် "အောင်းပူ"အဖြစ် (Static Electricity)ဖြစ်ပေါ်ပြီး လောင်ကျွမ်းခြင်းများ) အကြိမ် ၄၀၊ လျှပ်စစ်မီး ၃၄၇ ကြိမ်၊ မသမာသူ ရှို့မီး ၁၈၅ ကြိမ်၊ တောမီး ၁၆၅ ကြိမ်၊ သောင်းကျန်းသူရှို့မီး တစ်ကြိမ်နှင့် မိုးကြိုးပစ် ခုနစ်ကြိမ်ရှိခဲ့ပါသည်။

မြန်မာတစ်နိုင်ငံလုံး မီးဘေးလုံခြုံရေးအတွက် မီးသတ်ဦးစီးဌာနမှ မီးဘေးသတိမူရေး (Fire Precaution)၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး(Fire Prevention)၊ မီးငြိမ်းသတ်ရေး (Fire Fighting) လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် လျက်ရှိပါသည်။ "မီးဘေးသတိမူရေး" လုပ်ငန်းသည် မီးလုံးဝမလောင်စေရန် ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်ပြီး မီးမလောင်စေရေးအတွက် ကြိုတင်သတိပေးခြင်း၊ ပညာပေးခြင်းများကို ရပ်ကွက်၊ ကျေးရွာများအထိ လက်ကမ်းသတိပေးပိုစတာ၊ စာစောင်များဖြန့်ဝေခြင်း၊ ဟောပြောသရုပ်ပြသခြင်းများ၊ ပညာပေးဇာတ်လမ်းများ ရိုက်ကူး၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပြသခြင်းများ ဆောင်ရွက်နေသလို စာသင်ကျောင်းကို အခြေပြု၍ (School Based)အဖြစ် ကျောင်းသား ကျောင်းသူများကိုလည်း မီးဘေးအန္တရာယ်အကြောင်း ဟောပြောသရုပ်ပြသလျက်ရှိပါသည်။

"မီးဘေးကြိုတင်ကာကွယ်ရေး" လုပ်ငန်းများမှာ မြို့တွင်းသာမက ရပ်ကွက်များ၊ ကျေးရွာများအထိ မီးကိုစနစ်တကျသုံးစွဲမှုရှိ/မရှိ တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးဘေးကာကွယ်ရေးပစ္စည်းများဖြစ်သော မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများ ထားရှိခြင်းရှိမရှိစစ်ဆေးခြင်း၊ မီးဖိုများအသုံးပြုရာတွင် ထင်းမီးဖို၊ မီးသွေးမီးဖို၊ ဓာတ်ငွေ့မီးဖို၊ လျှပ်စစ်မီးဖိုများ အသုံးပြုခြင်းများရှိရာ ထင်း၊ မီးသွေး၊ မီးဖိုများ၊ အသုံးပြုရာ၌ အောက်ခံကြမ်းပြင်တွင် မီးမလောင်နိုင်သော သံပြား၊ သွပ်ပြားခံထားစေခြင်း၊ မီးဖိုပတ်ဝန်းကျင်နံရံများနှင့် မီးဖိုအထက်တို့တွင်လည်း သံပြား၊ သွပ်ပြားများ ကာရံခြင်း၊ မိုးထားစေခြင်း၊ မီးဖိုအနီးအလွယ်တကူ မီးလောင်စေတတ်သော လောင်စာများ စုပုံမထားစေခြင်းတို့ စစ်ဆေးအကြံပေးနေပါသည်။ မီးဘေးကာကွယ်ရေးအတွက် ရပ်ကွက်ကျေးရွာများတွင် လမ်းအလိုက် မီးကင်းများ စနစ်တကျချထားခြင်း၊ မီးလောင်မှုဖြစ်လျှင် အချက်ပေးနိုင်မည့် သံချောင်း၊ ကုလားတက်၊ အုန်းမောင်းစသည့် (Alarm) စနစ်များထားရှိကြရန်လည်း ညွှန်ကြားနေပါသည်။

စက်ရုံ၊ အလုပ်ရုံ ၊ သိုလှောင်ရုံများ၊ ဈေးများတွင်လည်း လျှပ်စစ်မီးများ စနစ်တကျသုံးစွဲစေရေး၊ လျှပ်စစ်ကြိုးလိုင်းများစနစ်တကျ သွယ်တန်းမှုရှိ/မရှိ၊ အသုံးပြုသည့်ဓာတ်အားနှင့် ခံနိုင်သော မီးကြိုးအရွယ်အစား ရှိ/မရှိ၊ အရေးပေါ်လျှပ်စစ်ဓာတ်အားအားလုံး ပိတ်နိုင်/ဖွင့်နိုင်သည့် Main Switch ထားရန်၊ လိုအပ်ပါက လိုင်းခွဲများအလိုက် ပိတ်နိုင်/ဖွင့်နိုင်သည့်ခလုတ်များ ထားရှိရန်စစ်ဆေးအကြံဉာဏ်များ ပေးနေသလို ညအချိန်များတွင်မလိုအပ်ဘဲ လျှပ်စစ်မီးနှင့် အခြားထင်းမီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ခြင်ဆေးခွေများ ထွန်းညှိမထားရေးသတိပေးခြင်းဖြင့် မီးကို မလောင်ခင်က ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်တပ်ဖွဲ့မှစစ်ဆေးအကြံဉာဏ်များပေးနေပါသည်။ ဓာတ်ငွေ့ (Gas) မီးဖိုများ အသုံးပြုသူများကိုလည်း မီးဖိုနှင့် Gas အိုးနီးကပ်စွာမထားစေရေး၊ အကာအရံဖြင့်ခြား၍ အသုံးပြုစေရေး၊ Gas အိုး၏ ဘားများ ကောင်း/မကောင်း၊ ဓာတ်ငွေ့ယိုစိမ့်မှုရှိ/မရှိ အမြဲစစ်ဆေးရပါမည်။ Gas ပိုက်လိုင်းနှင့် မီးဖိုမှ မီးလောင်မှုဖြစ်လျှင် DCP (Dry Chemical Powder) မီးသတ်ဆေးဘူးနှင့် မီး၏အခြေကို ပက်ဖျန်းငြိမ်းသတ်ခြင်း၊ ဓာတ်ငွေ့အဖွင့်အပိတ်ဘားကို ရဲရဲဝံ့ဝံ့ ပိတ်လိုက်နိုင်စေရေးစစ်ဆေးအကြံဉာဏ်များပေးနေပါသည်။

အထူးသဖြင့်နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြများတွင် အထပ်မြင့်တိုက်တာအဆောက်အအုံကြီးများ တည်ဆောက်ကြရာတွင် မီးဘေးကာကွယ်ရေးအတွက် အလိုအလျောက် အချက်ပေးကိရိယာ (Fire Alarm)များ၊ အသေတပ်ဆင်ထားသော မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများတပ်ဆင်ရေး၊ မီးငြိမ်းသတ်ရန် ရေလုံလောက်စွာထားရှိရေး၊ အဆောက်အအုံအတွင်းရှိလူများ မီးဘေးအန္တရာယ်ကြောင့် ထိခိုက်ဒဏ်ရာရမှုနှင့် အသက်အန္တရာယ်ကင်းဝေးစေရေးအတွက် လွတ်မြောက်ပေါက်များ၊ မီးခိုးလုံအခန်းများထားရှိရန် အဆောက်အအုံမဆောက်မီနှင့် ဆောက်လုပ်နေစဉ်အတွင်း မီးသတ်ဦးစီးဌာနက စစ်ဆေးအကြံဉာဏ်များပေးနေပါသည်။ ထိုသို့စစ်ဆေးရာတွင် မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးခများကို အဆောက်အအုံ၏ အကျယ်အဝန်း အတိုင်းအတာအပေါ်တွက်ချက်၍ နိုင်ငံတော်ဘတ်ဂျက်သို့ဆောင်ရွက်ပေးမှုအတွက် ရငွေအဖြစ်ပေးသွင်းရပါမည်။ မီးသတ်ကို ပေးရခြင်းမဟုတ်ပါ။

ယနေ့ခေတ်အခါတွင် မြို့ရွာများခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများလာပြီး လျှပ်စစ်ကြောင့် မီးလောင်မှုများလည်းတိုးပွားလာနေပါသည်။ မြို့ပြများတွင် မီးလောင်မှုတစ်ခုဖြစ်လျှင် အဆောက်အအုံ ပိုင်ရှင်/အိမ်ရှင်ဖြစ်သူများက လွယ်လွယ်ပင် "ဝိုင်ယာရှော့ခ်ဖြစ်တာ" ဟုပြောကြတာ အများဆုံးတွေ့နေရပါသည်။ လျှပ်စစ်သည် ဓာတ်အားစီးမနေလျှင် သူ့အလိုလိုဝိုင်ယာရှော့ခ် မဖြစ်နိုင်ပါ။ သုံးစွဲသူ၏ပေါ့ဆမှုကြောင့်၊ လူကြောင့် ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်သည်အထိ ဖြစ်ပွားရခြင်းဖြစ်ပါသည်။

အများအားဖြင့် လျှပ်စစ်ကွိုင်မီးဖို (Hot Plate) များ အသုံးပြုရာတွင် သတ်မှတ် ဒဏ်ခံနိုင်သော မီးကြိုးများမသုံးခြင်း၊ ပလပ်ခေါင်း (Plug) များမှာ စံချိန်စံညွှန်းမပြည့်ဝသော ပလတ်စတစ်ခေါင်းများ၊ ပလပ်ပေါက်များ အသုံးပြုခြင်း ပလပ်ပေါက်တစ်ခုတည်းကို နှစ်လိုင်း ၊သုံးလိုင်းတပ်ဆင် အသုံးပြုခြင်း၊ ဆင့်ပွားသွယ်ယူသုံးစွဲခြင်း၊ အသုံးပြုပြီးတိုင်း မီးခလုတ်ပိတ်ရုံသာမက ပလပ်ခေါင်းကိုပါ ဖြုတ်ထားရန်ပျက်ကွက်ခြင်းတို့ကြောင့် ရှော့ခ်ဖြစ်ပြီး မီးလောင်မှုများဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။ Hot Plate များဖြင့် ချက်ပြုတ်ရာတွင် မီးလာနေစဉ် ချက်ပြုတ်နေပြီး မီးပျက်သွားပါက ခလုတ်ပိတ်မထားခြင်း၊ ပလပ်ခေါင်းဖြုတ်မထားခြင်းတို့ကြောင့် လူမရှိချိန် မီးပြန်လာသောအခါ အပူလွန်ကဲ မီးလောင်ရခြင်းဖြစ်ပါသည်။ ထို့အပြင် အိမ်များ၌ အမြဲတမ်းလျှပ်စစ်ဓာတ်အားပေးထားရသော ရေခဲသေတ္တာ၊ (Air Con) လေအေးပေးစက်များတွင် Safe Guard ခံထားသော်လည်း အမျိုးအစား ညံ့သောပစ္စည်းဖြစ်လျှင် မီးအားအတက်အကျအလိုက် မီးအားဖြတ်ချခြင်း မပြု၍ အပူလွန်ကဲ မီးလောင်မှု ဖြစ်နိုင်ပါသည်။

ယာဉ်အမျိုးမျိုးတွင်လည်း (Wiring)လျှပ်စစ်လိုင်းများ တပ်ဆင်ရာတွင် ဖြစ်သလိုတပ်ဆင်ခြင်း၊ဘက်ထရီငုတ်များချောင်နေခြင်းရှိ/မရှိ မစစ်ဆေးခြင်းတို့ကြောင့် စက်နှိုးစဉ်နှင့် မောင်းနှင်နေစဉ် (Spark) မီးပွားထွက်ပြီးယာဉ်၏ လောင်စာဆီနှင့် ထိတွေ့မီးလောင်ကြောင်း တွေ့ရှိရပါသည်။ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် အိမ်များ၊ ယာဉ်များတွင် မီးသတ်ဆေးဘူးများ အသင့်ဆောင်ထားကြရမည်ဖြစ်ပါသည်။ မီးသတ်ဆေးဘူးဆောင်ထားရန် တိုက်တွန်းတိုင်း ပြည်သူအတော်များများသည် ငါ့အိမ်၊ ငါ့ယာဉ် မီး လောင်နိုင်ပါဘူး၊ မလိုပါဘူး၊ အပိုတွေပါဟု ယူဆနေကြပါသည်။ မီးသည်စတင်လောင်ချိန်မှာ မီးသေးမီးမွှား (Small Fire) သာဖြစ်ပါသည်။ မီးသေးမီးမွှားအဆင့်၌ ငြိမ်းသတ်လိုက်နိုင်လျှင် မီးလောင်မှုကြီးကြီးမားမားဖြစ်မလာနိုင်ပါ။ မည်သည့်မီးကိုမဆို စတင်လောင်ချိန်၌ DCP ဟုခေါ်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးနှင့် စနစ်တကျငြိမ်းသတ်ပါက အမြန်ဆုံးငြိမ်းစေနိုင်ပါသည်။

မီးသတ်ဆေးဘူးနှင့် မီးငြိမ်းသတ်ရာတွင်လည်း အသုံးပြုနည်းမှာ (P.A.S.S) ဟူ၍အင်္ဂလိပ်လို အတိုကောက် မှတ်သားထားပြီး အောက်ပါအတိုင်း လုပ်ဆောင်ရပါသည်။

- P = Pull the pin (ဆေးဘူးပေါ်ရှိ လက်ကိုင်ကိုညှစ်ရန် သော့ကွင်းတံအား ဆွဲထုတ်ရပါမည်။)
- A = Aim the nozzle at the base of the fire (ဆေးထွက်မည့်ခေါင်းအဝကို မီးတောက်၏အခြေသို့ ချိန်ရွယ်ပါ။)
- S = Squeeze or press the trigger (ဆေးဘူးပေါ်ရှိ လက်ကိုင်နှစ်ခြမ်းစိသွားအောင် ညှစ်ပါ၊ ဆေးမှုန့်များထွက်လာပါမည်။)
- S = Sweep the extinguisher from side to side (တံမြက်စည်းလှည်းသလို ဘယ်ညာ၊အပေါ်အောက် ဝှေ့ယမ်း၍ ငြိမ်းသတ်ပါ။)

မီးသတ်ဆေးဘူးအသုံးပြုငြိမ်းသတ်ရာတွင် မီးသတ်ဆေးဘူးသည် မည်သည့်အန္တရာယ်မှ မပြုပါ။ အချို့က ဆေးဘူးအတွင်း ဆေးမှုန့်ကို လေဖြင့်ဖိနှိပ်ထည့်ထားခြင်းဖြစ်၍ လက်ကိုင်ကိုညှစ်လိုက်သည်နှင့် မပြောပလောက်သော အနည်းငယ်တုန်ခါမှုကို လန့်၍ ပေါက်ထွက်မည်အထင်ဖြင့် လွှတ်ချခြင်း၊ လွှင့်ပစ်ခြင်းကြောင့် မီးသေးမငြိမ်းဘဲ မီးပိုကြီးလာနိုင်ပါသည်။ ငြိမ်းသတ်ရန် အကွာအဝေးကိုလည်း ရှစ်ပေထက်နောက်မဆုတ်ဘဲ ရှေ့တိုးဝှေ့ယမ်းငြိမ်းသတ်ရပါမည်။ ဤနည်းအတိုင်း မော်တော်ယာဉ်များ မီးလောင်မှုဖြစ်လျှင် အင်ဂျင်စက်ဖုံးကို ဆေးဘူး၏ ဆေးမှုန့်ထွက်မည့် နှုတ်သီး သို့မဟုတ် ပိုက်ခေါင်းဝင်နိုင်ရုံ အသာ "ဟ" ၍ကားခေါင်းအတွင်း ဘယ်ညာဝှေ့ယမ်းငြိမ်းသတ်ရပါမည်။ ကားဘီးများဘရိတ်ငြိ၍ မီးလောင်မှုဖြစ်လျှင်လည်း မီးသတ်ဆေးဘူးဖြင့် အဝေးမှ ပက်ဖျန်းငြိမ်းသတ်ခြင်း မပြုရန်၊ ခြောက်ပေအကွာထက်နောက်မဆုတ်ဘဲ ရဲဝံ့စွာရှေ့တိုးဝှေ့ယမ်းငြိမ်းသတ်လျှင် မီးသေးအမြန်ငြိမ်းနိုင်ပါသည်။ အဆိုပါ မီးသတ်ဆေးဘူး တစ်ဘူး၏ တန်ဖိုးမှာ သောင်းဂဏန်းလောက်သာ တန်ဖိုးရှိပြီး တကယ်မီးလောင်ပြီဆိုပါက ဆုံးရှုံးသွားမည့် မိမိအိမ်၊ မိမိယာဉ်၏ တန်ဖိုးနှင့် တွက်ဆလျှင် မပြောပလောက်သော တန်ဖိုးသာရှိသည့်အတွက် အဆောက်အအုံတိုင်း၊ အိမ်တိုင်း၊ ယာဉ်တိုင်းတွင် မီးသတ်ဆေးဘူးများဆောင်ထားဖို့လိုအပ်ပါသည်။

မီးငြိမ်းသတ်ရေး (Fire Fighting) အပိုင်းတွင် မီးလောင်မှုကို ပထမဆုံးစတင် တွေ့ထိသိရှိသူမှာ မီးသုံးစွဲသူနှင့် မိမိအိမ်သူအိမ်သားများဖြစ်ပြီး "ပထမအဆင့်" အဖြစ် ရရာမီးငြိမ်းသတ်နိုင်သည့် ပစ္စည်းဖြင့် အရင်ငြိမ်းသတ်ရမည်။ တစ်စတစ်စ မီးများလာလျှင် ပတ်ဝန်းကျင်ကို အသိပေးအကူအညီတောင်းခြင်းဖြင့် "ဒုတိယအဆင့်" အဖြစ် မီးသတ်တပ်ဖွဲ့ကို အကြောင်းကြားခြင်းနှင့်အတူ တတ်နိုင်သမျှ ဝိုင်းဝန်းငြိမ်းသတ်ကြရပါမည်။ မီးသတ်တပ်ဖွဲ့မှ မီးသတင်းရသည်နှင့် မီးလောင်မှုဖြစ်ရာသို့ မီးသတ်ယာဉ်များအမြန်ဆုံးထွက်ခွာပြီးမီးသတ်တပ်ဖွဲ့ဝင်များက အမြန်ဆုံးငြိမ်းသတ်ခြင်းကို "တတိယအဆင့်" အဖြစ် မီးငြိမ်းအေးသည်အထိ ငြိမ်းသတ်သွားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များသည် လုပ်သားပြည်သူတိုင်း၏ အိုးအိမ်၊ တိုက်တာအဆောက်အအုံ၊ ပစ္စည်းများကို မီးမလောင်စေချင်သည့်စိတ်ဖြင့် ၂၄ နာရီမပြတ်စောင့်ကြပ်ကာကွယ်ကူညီရန်အမြဲအသင့်ရှိနေပါသည်။ မီးလောင်ပါကလည်း လောင်သည့်မီးကို အမြန်ဆုံးငြိမ်းစေချင်သည့်စိတ်ဖြင့် အသက်စွန့်၍ ထိုးဖောက်ဝင်ရောက်ငြိမ်းသတ်ရင်း မီးလောင်မှုအတွင်း ပိတ်မိနေသူများရှိခဲ့လျှင် အသက်ကယ်ဆယ်နိုင်ရေးကိုပါ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန် အမြဲလေ့ကျင့်၊ အမြဲအသင့်ရှိနေပါသည်။ မီးလောင်မှုဖြစ်ခဲ့လျှင် တယ်လီဖုန်းဖြင့် ၁၉၁ ကို အမြန်ဆုံးဆက်သွယ်၍ လိပ်စာတိကျစွာသတင်းပေးကြပါရန်၊ သတင်းရသည်နှင့် မီးသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အမြန်ဆုံးရောက်ရှိ ငြိမ်းသတ်သွားမည်ဖြစ်ပါသည်။ ပြည်သူလူထုကလည်း မပြတ်သော "မီးသတိ" ရှိရန်လိုအပ်ကြောင်းစေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**မီးငြိမ်းသတ်ရေး (Fire Fighting) အပိုင်းတွင် မီးလောင်မှုကို ပထမဆုံးစတင် တွေ့ထိသိရှိသူမှာ မီးသုံးစွဲသူနှင့် မိမိအိမ်သူအိမ်သားများဖြစ်ပြီး "ပထမအဆင့်"အဖြစ် ရရာမီးငြိမ်းသတ်နိုင်သည့်ပစ္စည်းဖြင့် အရင်ငြိမ်းသတ်ရမည်။ တစ်စတစ်စ မီးများလာလျှင် ပတ်ဝန်းကျင်ကို အသိပေးအကူအညီတောင်းခြင်းဖြင့် "ဒုတိယအဆင့်"အဖြစ် မီးသတ်တပ်ဖွဲ့ကို အကြောင်းကြားခြင်းနှင့်အတူ တတ်နိုင်သမျှ ဝိုင်းဝန်းငြိမ်းသတ်ကြရပါမည်**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စု လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ **(ယာပုံ)** အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်းနှင့် စီမံကိန်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြရာ၌ နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် ပြည်ပပို့ကုန်/သွင်းကုန်နှင့် စုစုပေါင်း ကုန်သွယ်မှုဆိုင်ရာများ ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေး၊ စက်မှု၊ လယ်ယာနှင့် ကုန်သွယ်မှု စသည့်ကဏ္ဍရပ်များတွင် စီးပွားရေးဆိုင်ရာ လျာထားချက်များနှင့် ခန့်မှန်းချက်ဆိုင်ရာများ၊ ဘဏ္ဍာရေးစနစ် ပြုပြင်ပြောင်းလဲရေးများနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် နှိုင်းယှဉ်ဖော်ပြခြင်းဆိုင်ရာများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ကုန်ဈေးနှုန်းအပေါ် တိုက်ရိုက်ထိခိုက်နိုင်သည့် အခြေအနေများ ဖြစ်ပေါ်လာနိုင်မှုအပေါ် သတိပြုကိုင်တွယ်ဆောင်ရွက်သင့်သည့် သတိပြုဖွယ်ရာအကြောင်းအချက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းမှုနှင့် ကုန်သွယ်မှုအပေါ် အချိုးကျရောက်မှု ဆိုင်ရာများအပေါ် အသေးစိတ် ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စု လွှတ်တော်နာယက က အဆိုပါဥပဒေကြမ်း၏ မူနှင့် အခြေခံသဘော အပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက



အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း -NCDP (၂၀၁၀-၂၀၃၀)နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က လွှတ်တော်သို့ တင်သွင်းရာ ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

---

အမျိုးသားလွှတ်တော်အစည်းအဝေး

# မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ် (DRONES) များကို စနစ်တကျတရားဝင်အသုံးပြုခွင့် မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၁ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် ၁၃ ခုဖြင့်ကျင်းပရာ **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏ အမျိုးသားလွှတ်တော်သက်တမ်းကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ** အပါအဝင် အစီရင်ခံစာလေးခု တင်သွင်းအတည်ပြုခြင်း၊ **အဆို**တစ်ခုတင်သွင်းခြင်းနှင့် **မေးခွန်း** သုံးခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု၏ **ရန်ကုန်တိုင်းဒေသကြီး ပုလဲမြို့သစ် ပုလဲ(၃)ရပ်ကွက် အတွင်းရှိ ပုလဲမြို့သစ်ဈေးအား ခေတ်မီအဆင့်မြင့်ဈေး ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ပုလဲမြို့သစ်ဈေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အနေဖြင့် သန့်ရှင်းရေး အခွန်မှလွဲ၍ ကျန်အခွန်အခများ ကောက်ခံခြင်းမရှိဘဲ ဈေးလူကြီးငါးဦးက စီမံအုပ်ချုပ်လျက်ရှိသော ဈေးဖြစ်ပါကြောင်း၊ မြေပိုင်ဆိုင်မှုအနေဖြင့် လမ်းမြေပေါ်တွင် တည်ရှိနေသည့် ဈေးတစ်ဈေးဖြစ်၍ ခေတ်မီဈေးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျွန်ခဲန်း၏ **ချင်းပြည်နယ်၌ ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် ကြုံတွေ့နေရသော အိမ်ထောင်စုများအတွက် ဖလမ်းမြို့နယ် ဝေဘူလအုပ်စု**



ဒုတိယဝန်ကြီး ဦးဇင်ယော် ဖြေကြားစဉ်။

**ကင်မွန်းချောင်းကျေးရွာ အနီးတွင် စံပြကျေးရွာ တစ်ခုတည်ထောင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖလမ်းမြို့နယ်အတွင်း ရပ်ကွက်သုံးရပ်ကွက်၊ ကျေးရွာ ၁၄ ရွာတို့တွင် မြေပြိုအက်ကွဲမှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ ဖလမ်းမြို့ပေါ် ရပ်ကွက် သုံးခုတွင် လုံးဝပြိုကျပျက်စီးနေသည့် နေအိမ် ငါးလုံးနှင့် အန္တရာယ်ရှိ၍ ပြောင်းရွှေ့ရမည့် နေအိမ် ၁၂ အိမ် စုစုပေါင်းနေအိမ် ၁၇ အိမ် ရှိသည့်အတွက် နေအိမ်များ ပြန်လည်တည်ဆောက်ပေးနိုင်ရန် ကျင်မွာလ် ရပ်ကွက်အတွင်းရှိ မြေလပ်နေရာတွင် လမ်းဖောက်လုပ်၍ မြေနေရာများ လျာထားဆောင်ရွက်လျက် ရှိပါကြောင်း၊ အန္တရာယ်ရှိ၍ နေအိမ်များ ပြောင်းရွှေ့ရမည့် ကျေးရွာ ၁၄ ရွာအတွင်းရှိ လူနေ အိမ် ၉၅ လုံးအနက် **မိမိကျေးရွာ**အတွင်း၌ လူနေအိမ် ၂၅ လုံးကို ဆောက်လုပ်ပြီးဖြစ်ပါကြောင်း၊ ဆောက်လုပ်ရန် ကျန်ရှိသည့် နေအိမ်အလုံး ၇၀ သည် **မိမိကျေးရွာ** အတွင်းရှိ မြေလပ်နေရာများတွင် ပြန်လည်ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖလမ်းမြို့နယ် ဝေဘူလအုပ်စု ကင်မွန်းချောင်း ကျေးရွာအနီးတွင် စံပြကျေးရွာတစ်ခု တည်ထောင်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးညွှန့်တင်၏ **မြန်မာနိုင်ငံတွင် ယခုအခါ မောင်းသူမဲ့လေယာဉ်၊ ရဟတ်ယာဉ် (DRONES) များကို စနစ်တကျ တရားဝင်အသုံးပြုခွင့် မှတ်ပုံတင်ခြင်းလုပ်ရန် အစီအစဉ်ရှိ၊ မရှိနှင့် မြေပြင်မှထိန်းချုပ်မောင်းနှင်သူများ၏ ကျွမ်းကျင်မှု ရှိ၊ မရှိ စိစစ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်က မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ်များကို ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း၊ ရာသီဥတုနှင့် ဘေးအန္တရာယ် လေ့လာရေးလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ တံတားနှင့် အထပ်မြင့်အဆောက်အအုံများ၏ ကြံ့ခိုင်မှု စစ်ဆေးခြင်းလုပ်ငန်း၊ လမ်းပိတ်ဆို့မှု စောင့်ကြည့်ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်း၊ ကာကွယ်ရေးလုပ်ငန်း စသည့် လူသားအကျိုးပြုလုပ်ငန်းများတွင် အသုံးဝင်သကဲ့သို့ အကြမ်းဖက်လုပ်ရပ်များတွင်လည်း အသုံးပြုလာနိုင်သည့်အတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် မောင်းသူမဲ့ လေယာဉ်၊ ရဟတ်ယာဉ်များကို အလေးချိန်နှင့် စွမ်းဆောင်နိုင်မှု အပေါ်မူတည်၍ အတန်းအစားခွဲခြား သတ်မှတ်ပြီး စနစ်တကျ မှတ်ပုံတင်ခြင်း၊ စီးပွားရေးလုပ်ငန်း အသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်း၊ မြေပြင်မှ ထိန်းချုပ်မောင်းနှင်သူများကို စိစစ်ခြင်းများအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများအား ပို့ဆောင်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ Advisory Circular အဖြစ် ထုတ်ပြန်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် **တောင်သူလယ်သမားများ၊ ဥယျာဉ်ခြံသမားများ ဘဝမြင့်မားရေးအတွက် ဈေးကွက်ညှိနှိုင်းပေးနိုင်ရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ပေးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း** အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးမြင့်ထွန်းက တင်သွင်းရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **အမျိုးသား စီမံကိန်းနှင့်ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ၏ ပထမပုံမှန်အစည်းအဝေးမှ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် တိုင်းရင်းသားရေးရာ ပဋိပက္ခဖြေလျှော့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကော်မတီ၏ ပထမအကြိမ် အမျိုးသား လွှတ်တော် ပုံမှန်အစည်းအဝေး ကာလများအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ** တို့ကို အတည်ပြုကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကော်မတီ၏**



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညွှန့်တင် မေးမြန်းစဉ်။

**ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်း ကာလများအတွင်း လုပ်ငန်း ဆောင်ရွက်မှုအစီရင်ခံစာ**ကို ကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ဖတ်ကြားတင်သွင်းရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

---

**တိမ်အသင့်အတင့်ဖြစ်ထွန်း**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင်အများအားဖြင့် သာယာနေသည်။

(မိုး/ဇလ)

❀ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် နေရာဒေသအလိုက် သဘာဝဘေးအန္တရာယ်လေ့လာသုံးသပ် ကြိုတင်ပြင်ဆင်စီမံထားပြီး မိမိဒေသ၏ သဘာဝဘေးကို ကြံ့ကြံ့ခံနိုင်စွမ်းနှင့် တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ထားရမည်ဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် မိုးရာသီကာလအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှု၊ မြေပြိုမှုများကို လက်တွေ့ရင်ဆိုင်တွေ့ကြုံခံစားခဲ့ကြရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ခဲ့ကြောင်း။



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်း မြစ်ကြီးများနှင့် မြစ်လက်တက်များတွင် မြစ်အောက်ကြမ်းပြင်များ တိမ်ကောလာခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်းနှင့် ကမ်းပါးပြိုမှုများ အလွယ်တကူဖြစ်ပေါ်လာခြင်းတို့ကြောင့် မိုးများသည့် မုတ်သုံကာလတွင် မြစ်ဝှမ်းဒေသများနှင့် ကမ်းရိုးတန်းဒေသများတွင် ရေလွှမ်းမိုးမှုအား ကာကွယ်ထိန်းချုပ်နိုင်စွမ်းအပေါ် ကြီးမားသော သက်ရောက်မှုများ ဖြစ်ပေါ်စေပါကြောင်း။

ရေဘေးအန္တရာယ်၏ ကြီးမားစွာ ထိခိုက်နိုင်မှုနယ်ပယ်ကို မခန့်မှန်းနိုင်ခြင်းနှင့် ကြိုတင်သတိပေးစနစ် အားနည်းခြင်းတို့ကြောင့်လည်း ရေလွှမ်းမိုးမှုအန္တရာယ်နှင့် မမျှော်လင့်ဘဲ ရင်ဆိုင်ရချိန်တွင် ပြည်သူလူထုအနေဖြင့် ထိခိုက်နစ်နာမှုကြီးမားခဲ့ရပါကြောင်း၊ ဘေးလွန်ကာလ လိုအပ်ချက်များ ဆန်းစစ်ခြင်းအစီရင်ခံစာ ပြုစုပြီး ပြန်လည်ထူထောင်ရေး မဟာဗျူဟာချမှတ်၍ စနစ်တကျ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ၊ ပြည်တွင်းပြည်ပမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေများဖြင့် ထူထောင်ထားသည့် သဘာဝဘေးစီမံခန့်ခွဲမှု ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ပွင့်လင်းမြင်သာစွာ စနစ်တကျ သုံးစွဲသွားရန်ဖြစ်ပါကြောင်း။

ရေလွှမ်းမိုးမှု သဘာဝဘေးအန္တရာယ်ကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခဲ့ကြမှုများနှင့် ပတ်သက်၍ နိုင်ငံတကာဥပမာများကို လေ့လာနိုင်ပါကြောင်း၊ အမေရိကန်နိုင်ငံရှိ Tennessee မြစ်ဝှမ်းဒေသသည် မိုးရေချိန်မြင့်မားပြီး သစ်တောများ ပျက်စီးကာ သဘာဝပတ်ဝန်းကျင် ပျက်စီးနေသည့် မကြာခဏရေလွှမ်းမိုးရာဒေသ ဖြစ်ခဲ့ပါကြောင်း၊ ၁၉၃၃ ခုနှစ်တွင် အမေရိကန်ကွန်ဂရက်မှ Tennessee Valley Authority Act ပြဋ္ဌာန်းပြီး Tennessee Valley Authority (TVA) ကို ဖွဲ့စည်းကာ ရေလွှမ်းမိုးမှုထိန်းချုပ်ရေး၊ ရေကြောင်းသွားလာမှုလွယ်ကူစေရေး၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ရေရရှိရေး၊ ရေဆိုင်ရာ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် လူထုအပန်းဖြေနိုင်စေရေး သွင်ပြင်လက္ခဏာများ ပါဝင်သည့် မြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုကို တာတမံပေါင်း ၅၄ ခုဖြင့် တည်ဆောက်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ကိုကို



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်



ပြည်ထောင်စုဝန်ကြီး
ဦးဝဏ္ဏမောင်လွင်



အကြံပေးအဖွဲ့ အတွင်းရေးမှူး
ဒေါက်တာဇော်ဦး

ထိုကဲ့သို့ TVA ဖွဲ့စည်းခဲ့သဖြင့် ရေလွှမ်းမိုးမှုများကြောင့် ပျက်စီးဆုံးရှုံးရမည့်ပမာဏ အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော် သက်သာစေခဲ့ပြီး အခြားသော အကျိုးစီးပွားများ ဖြစ်ထွန်းစေခဲ့သဖြင့် တည်ဆောက်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုပမာဏထက် အကျိုးအမြတ်ရရှိမှုမှာ ခြောက်ဆခန့် ပိုမိုခဲ့ပါကြောင်း၊ ယနေ့ကာလတွင် Tennessee မြစ်ဝှမ်းဒေသသည် အမေရိကန်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် အားကောင်းသော စေ့ဆော်မှုပြုရာနေရာတစ်နေရာနှင့် ကမ္ဘာပေါ်၌ ဘက်စုံတိုးတက်သည့် အသုံးဝင်ဆုံးသော ရေနုတ်ဒေသတစ်ခုအဖြစ် နမူနာယူစရာ ဖြစ်လာခဲ့ပါကြောင်း။

ထို့အတူ တရုတ်နိုင်ငံ ယန်စီမြစ်ဝှမ်းဒေသသည် ယခင်က ရေလွှမ်းမိုးမှု ပုံမှန်ဖြစ်လေ့ရှိသဖြင့် လူသန်းရာပေါင်းများစွာကို အိုးမဲ့အိမ်မဲ့ဖြစ်စေကာ လူမှုစီးပွားဘဝများ ပျက်စီးခဲ့ကြရပါကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ယန်စီမြစ်ဝှမ်းထိန်းသိမ်းရေး (Yangtze River water conservancy) ကော်မရှင်ဖွဲ့စည်း၍ မြစ်ကျဉ်းသုံးသွယ် စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် လုံးဝပြီးစီးခဲ့ပြီး ရေလွှမ်းမိုးမှုကာကွယ်ရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယင်းစီမံကိန်းကြောင့် မြစ်ကြေဒေသများတွင် ရေလွှမ်းမိုးမှုဒဏ်ကို ကာကွယ်နိုင်ခဲ့သည့်အပြင် ရင်းနှီးမြှုပ်နှံသူများ ပိုမိုဆွဲဆောင်နိုင်ခဲ့ခြင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ ရေကြောင်းသွားလာမှု ပိုမိုအဆင်ပြေစေခြင်းနှင့် မိုးခေါင်ရေရှားမှုကို လျော့ပါးစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိခံစားခဲ့ရပြီး လူနေထူထပ်သော၊ ရေအရင်းအမြစ်အကြွယ်ဝဆုံးနှင့် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု အရှိဆုံးသော ဒေသတစ်ခု ဖြစ်လာခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ်တွင် Yangtze River စီးပွားရေးဇုန်၏ ဝင်ငွေသည် တရုတ်နိုင်ငံ GDP ၏ ၂၈ ရာခိုင်နှုန်း ရှိခဲ့ပါကြောင်း။




ထို့အပြင် ဩစတြေးလျ၊ ဂျာမနီ၊ ပြင်သစ်နှင့် နယ်သာလန်တို့ရှိ Murray – Darling Rhine, Maas နှင့် Scheldt မြစ်ဝှမ်းဒေသတို့တွင်လည်း ရေလွှမ်းမိုးမှုနှင့် ဒီရေမုန်တိုင်းအန္တရာယ်တို့မှ ကာကွယ်နိုင်ရန် ရေလွှမ်းမိုးမှုကာကွယ်ရေး စီမံကိန်းကြီးများ တည်ဆောက်ခြင်း၊ ရေသဘာဝ ပတ်ဝန်းကျင်အား ကာကွယ်နိုင်သော ဘက်စုံကုစားသည့် ကြိုးပမ်းမှုများ ဆောင်ရွက်ခြင်း၊ ဂေဟစနစ်ပျက်ယွင်းစေမှုကိုကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အလေးထား လုပ်ဆောင်ခဲ့ကြကြောင်း။

မြန်မာနိုင်ငံ၌လည်း ရေလွှမ်းမိုးမှု ကာကွယ်ထိန်းချုပ်နိုင်ရန် အဓိကမြစ်ကြီးများတွင် ပြီးပြည့်စုံသည့် ဘက်စုံပါဝင်သော Water Basin စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးမှုအစီအမံများ ပြုလုပ်ခြင်း၊ ရာသီအလိုက် ရေစီးဆင်းမှုကို ထိန်းညှိနိုင်ရန် ရေထိန်းသိမ်းရေးအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ မြစ်ကြောင်းများအတွင်း ရေကြီးမှုထိန်းချုပ်နိုင်မည့် တာတမံများ တည်ဆောက်ခြင်း၊ ပေါင်းစည်းမြစ်စီမံခန့်ခွဲမှုစနစ်များ တည်ဆောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်မှုအားကောင်းစေခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် မြစ်ဝှမ်းဒေသအာဏာပိုင်ဆိုင်ရာ ဖွဲ့စည်းမှုဥပဒေများရေးဆွဲပြီး ဥပဒေနှင့်အညီ မြစ်ဝှမ်းဒေသအာဏာပိုင်အဖွဲ့အား ဖွဲ့စည်းနိုင်ရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ချမှတ်ထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးကိုကိုက သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့မှု၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က သဘာဝဘေးဒဏ်သင့်ဒေသများ အမြန်ပြန်လည်

*စာမျက်နှာ ၉ သို့*

# နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (တနင်္လာနေ့) နံနက် ၁၀နာရီအချိန်တွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကခေါ်ယူထားရာ အဆိုပါအစည်းအဝေးကို တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရုံးအမှတ် (၂၀)၊ လွှတ်တော်ရုံးသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက် (တနင်္လာနေ့) ထက်မစော၊ ဇန်နဝါရီလ ၂၆ ရက် (အင်္ဂါနေ့) ထက်နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇန်နဝါရီ ၆**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်(I-19)သို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်(တနင်္လာနေ့)ထက်မစော၊ ၂၆ ရက်(အင်္ဂါနေ့)ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ယူဆောင်လာကြရန် ပန်ကြားထားသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

ထုထောင်ရေးအတွက် နိုင်ငံတကာမှ နည်းပညာနှင့် အကူအညီအထောက်အပံ့များရရှိရေး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က သဘာဝဘေးဒဏ်သင့် ဒေသများ အမြန်ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဇော်ဦးက ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ၊ ဇုန်လိုအပ်ချက်များ ဆန်းစစ်ချက် အစီရင်ခံစာရေးဆွဲခဲ့မှုနှင့် ရေရှည်တည်တံ့သည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်တစ်ရပ်ရေးဆွဲရန် ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ၂၀၁၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ ဘေးဒဏ်သင့်ပြည်သူများ၏ လူမှုစီးပွားဘဝ မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ကူညီထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေထိန်းသိမ်းရေးအခြေအနေများကိုလည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများက ဒေသနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်အတွင်း အဆိုးရွားဆုံးသော ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် အယ်လ်နီညိုရာသီဥတုကြောင့် အလွန်အမင်းမိုးခေါင်ခြင်း၊ ရေကြီးခြင်းတို့ ဖြစ်ပေါ်နိုင်ပါကြောင်း၊ နောက်ဆက်တွဲပြဿနာများအဖြစ် အစာရေစာ ရှားပါးပြတ်လပ်ခြင်း၊ ရောဂါဘယများ ကျရောက်ခြင်း၊ အပူရှိန်လွန်ကဲ၍ တောမီးလောင်ခြင်း စသောပြဿနာများနှင့် ရင်ဆိုင်ရလေ့ရှိကြောင်း၊ ၁၉၉၇-၁၉၉၈ ခုနှစ် အယ်လ်နီညို ရာသီဥတုကြောင့် မြို့ကြီး ၁၈ မြို့၌ အပူချိန်အမြင့်ဆုံး စံချိန်သစ်များတင်ခဲ့ပြီး မြို့ကြီး ၁၅ မြို့၌ မိုးရေချိန်အနည်းဆုံး စံချိန်သစ်များတင်ခဲ့မှုကို သမိုင်းမှတ်တမ်းများအရ သိရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း အယ်လ်နီညိုကာကွယ်ရေးအစီအမံများ စနစ်တကျ ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

### အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အလှူငွေရရှိမှု၊သုံးစွဲမှုနှင့် လက်ကျန်ငွေစာရင်း

| စဉ် | ရန်ပုံငွေအမျိုးအစား | မူလရှိငွေ | သုံးစွဲငွေ | လက်ကျန်ငွေ |
|---|---|---|---|---|
| ၁။ | အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ(OA-011834) | မြန်မာကျပ်ငွေ (၁၃၁၇၈ ဒသမ ၁၃၇)သန်း | မြန်မာကျပ်ငွေ (၆၀၂၆ ဒသမ ၉၂၃)သန်း | မြန်မာကျပ်ငွေ (၇၁၅၁ ဒသမ ၂၁၄)သန်း |
| ၂။ | Natural Disaster Management Fund (1DA-0300086) | အမေရိကန်ဒေါ်လာ (၄ ဒသမ ၈၄၆) သန်း | အမေရိကန်ဒေါ်လာ (၂ဒသမ၂၇၁)သန်း | အမေရိကန် ဒေါ်လာ(၂ ဒသမ ၅၇၅) သန်း |

### သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက အသင့်အနေအထားရှိစေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ သင်တန်းများဖွင့်လှစ်ခဲ့မှု၊ သင်တန်းသားများမွေးထုတ်ပေးနိုင်မှုနှင့် ဟောပြောပွဲများပြုလုပ်နိုင်မှုအခြေအနေ

| စဉ် | ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်း/ဟောပြောပွဲ အမျိုးအစား | အကြိမ် | သင်တန်းသား/သူဦးရေ |
|---|---|---|---|
| ၁။ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း | (၁၃၈)ကြိမ် | (၆၁၉၅)ဦး |
| ၂။ | သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(နည်းပြ)သင်တန်း | (၂၆)ကြိမ် | (၁၃၉၁)ဦး |
| ၃။ | သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း | (၄၈)ကြိမ် | (၁၄၄၀)ဦး |
| ၄။ | သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(မွမ်းမံ)သင်တန်း | (၁၂)ကြိမ် | (၆၇၇)ဦး |
| ၅။ | ရပ်ကွက်/ကျေးရွာအဆင့် အသိပညာပေးဟောပြောပွဲ | (၆၄၇)ကြိမ် | (၉)သောင်းကျော် |

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဂျင်တီးနားသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ဗန်ကောက်မြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အာဂျင်တီးနားသံအမတ်ကြီး မစ္စ အန်နာ မာရီယာ ရာမီရက်ဇ်အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရေး၊ အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**


## နွားနို့တိုက်ပါ



ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး
ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ်
သင့်ကလေးကို
နွားနို့တိုက်ပါစို့


# ATR လေယာဉ်သစ် ရန်ကုန်-ချင်းမိုင်-ဗန်ကောက် ပြေးဆွဲမည်

**ရန်ကုန် ဇန်နဝါရီ ၆**




ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းမှ ဒုတိယမြောက်ATR 72-600 MSN---1309.XY-AJZ လေယာဉ်သည် ဇန်နဝါရီ ၅ ရက် ညနေက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယခုရောက်ရှိလာသော လေယာဉ် ATR(72-600)သည် ATRကုမ္ပဏီက ဝယ်ယူထားသည့် ဒုတိယတစ်စင်းဖြစ်ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်း၏ အမှတ်တံဆိပ်ကို မြှင့်တင်ရန်နှင့် ကမ္ဘာ့လေကြောင်းဈေးကွက်တွင် ယှဉ်ပြိုင်ဖက်အဖွဲ့ဝင်အနေဖြင့် မြန်မာနိုင်ငံ၏ ရပ်တည်မှုကို သိရှိစေရန် အတွက် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လေယာဉ်စုစုပေါင်း ခြောက်စင်းမှာယူထားရာ ကျန်လေးစင်းကို ၂၀၁၆-၂၀၁၇ခုနှစ်တွင် လက်ခံရရှိမည်ဖြစ်ကြောင်း သိရသည်။ ယင်းလေယာဉ်ကို MNA ၏ ပြည်တွင်းခရီးစဉ်များအပြင် ပြည်ပခရီးစဉ်များတွင် ပျံသန်းအသုံးပြုသွားမည်ဖြစ်သည်။

ထို့အပြင် ATR(72-600) လေယာဉ်ကို ပြည်ပခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန်-ဗန်ကောက်မြို့များသို့ ဖေဖော်ဝါရီလတွင် ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်ကာ မြန်မာအမျိုးသားလေကြောင်းလိုင်း အမည်သစ်ဖြင့် ပြည်တွင်းခရီးစဉ်ပေါင်း ၂၆ ခုကို ပျံသန်းပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# တောင်ငူ၌ ဒုတိယအကြိမ် TSDP အားကစားပြိုင်

**တောင်ငူ ဇန်နဝါရီ ၆**

အားကစားဝန်ကြီးဌာနက စီစဉ်ကျင်းပသော ဒုတိယအကြိမ် TSDP အားကစားပြိုင်ပွဲများ ဖွင့်ပွဲကို ယနေ့ညနေ ၃ နာရီက တောင်ငူခရိုင် အားကစားကွင်း၌ကျင်းပရာ တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက အမှာစကားပြောကြားသည်။

ယင်းနောက် အားကစားပြိုင်ပွဲများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ အားကစားဝန်ကြီးဌာန တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့မိ မြို့ဖ ဦးရဲဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြေးခုန်ပစ် မီတာ ၁၅၀၀ နှင့် မီတာ ၁၀၀၊ ပိုက်ကျော်ခြင်း၊ ဘီလိယက်နှင့် စနူကာအားကစားပြိုင်ပွဲများကို ကျင်းပသည်။ အဆိုပါအားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# The Voice Weekly မှ သတင်းမှားယွင်းဖော်ပြခဲ့မှုအပေါ် ပြည့်စုံမှန်ကန်စွာဖော်ပြပေးနိုင်ရေး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီထံသို့ အကြောင်းကြားထားရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

The Voice Weekly ၏ ဇန်နဝါရီ ၂ ရက် Facebook စာမျက်နှာတွင် **"ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ဖားကန့်မော်နယ်မြေအတွင်းစစ်ဆေး"** ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်တင်ခဲ့ခြင်းနှင့်ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်အနေဖြင့် ယင်းဒေသသို့ သွားရောက်ခဲ့ခြင်း မရှိသဖြင့် သတင်းမှားယွင်းကြောင်း ဖော်ပြချက်ကို The Voice Weekly ၏ Facebook စာမျက်နှာ၊ နေ့စဉ်ထုတ်သတင်းစာနှင့် ဂျာနယ်များ၌ ဖော်ပြပေးနိုင်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနက The Voice Weekly သို့ ညှိနှိုင်းအကြောင်းကြားခဲ့သည်။

ထိုသို့ အကြောင်းကြားခဲ့သော်လည်းThe Voice Weekly အနေဖြင့် **"ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်"** (အစား) **"ရထားပို့ဆောင်ရေးဝန်ကြီး"** ဟု ပြင်ဆင်ဖတ်ရှုရန်သာFacebook စာမျက်နှာ၌ ဖော်ပြခဲ့သဖြင့် မှန်ကန်ပြည့်စုံစွာ ပြင်ဆင်ထုတ်ပြန်ခြင်းမရှိခဲ့မှုအပေါ် လိုအပ်သလိုဆောင်ရွက်ပေးနိုင်ပါရန် စွမ်းအင်ဝန်ကြီးဌာနက ပြန်ကြားရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီထံသို့ **"ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ယင်းဒေသသို့ သွားရောက်ခဲ့ခြင်းမရှိသည့် ဖြစ်စဉ်အား The Voice Weekly ၏ Facebook စာမျက်နှာ၊ နေ့စဉ်ထုတ်သတင်းစာနှင့် ဂျာနယ်များတွင် မှန်ကန်ပြည့်စုံစွာ ပြင်ဆင်ရေးသားထုတ်ပြန်ပေးနိုင်ရေး"** အတွက် The Voice Weekly ဂျာနယ်နှင့် ညှိနှိုင်းဆောင်ရွက်ပေးပါရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


The Voice Weekly
2 Jan 2016 at 16:25

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ဖားကန့်မော်နယ်မြေအတွင်း စစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်ပါဝင်သည့် အဖွဲ့သည် ယနေ့ (ဇန်နဝါရီလ ၂ ရက်) နံနက် ၁၀ နာရီခန့်က ဖားကန့်မော်နယ်မြေ ဘာဂျံချောက်မော်အတွင်း လှည့်လည်စစ်ဆေးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

(Photo- Ko Myo Nyut)

# ထိုင်းနိုင်ငံ လိပ်ကျွန်း၌ ဗြိတိသျှစုံတွဲသတ်မှုဖြင့် မြန်မာနှစ်ဦးကို သေဒဏ်ပေးပြီးနောက် အမည်မသိကွန်ပျူတာဖောက်ထွင်း ဝိဇ္ဇာအုပ်စုက ထိုင်းရဲဌာန၏ဝက်ဆိုက်များကို တိုက်ခိုက်

**ဗန်ကောက် ဇန်နဝါရီ ၆**

ထိုင်းနိုင်ငံ လိပ်ကျွန်း၌ ဗြိတိသျှစုံတွဲ ဟန်နာဝှစ်တာရစ်ချ်နှင့် ဒေးဗစ်မီလာတို့ကို သတ်ဖြတ်သည်ဟူသော စွပ်စွဲမှုဖြင့် မြန်မာနှစ်ဦးကို ထိုင်းတရားရုံးက သေဒဏ်ပေးပြီးနောက် အမည်မသိ နိုင်ငံတကာကွန်ပျူတာဖောက်ထွင်းဝိဇ္ဇာအုပ်စုက ထိုင်းရဲဌာန၏ ဝက်ဆိုက်များကို တိုက်ခိုက်ခဲ့ကြောင်းသိရသည်။

ကွန်ပျူတာ ဖောက်ထွင်းအုပ်စုက ထိုင်းရဲဌာနများ၏ ဝက်ဆိုက် ၁၅ ခုကို ဦးတည်ချက်ထားတိုက်ခိုက်မှုပြုလုပ်နေကြောင်း ၎င်းအုပ်စု၏ ဖေ့ဘွတ်ခ်စာမျက်နှာ၌ ဖော်ပြခဲ့သည်။ ယင်းရဲဌာနဝက်ဆိုက် ၁၅ ခုအနက် ကိုးခုမှာ ဇန်နဝါရီ ၆ ရက်က ဝင်ရောက်အသုံးမပြုနိုင်တော့ကြောင်းသိရသည်။

ကွန်ပျူတာဖောက်ထွင်းအုပ်စုက ဗန်ကောက်မြို့တော်ရဲဌာန ဗျူရိုအပါအဝင် အခြားသောရဲဌာနအတော်များများ၏ ဝက်ဆိုက်များကိုဖောက်ထွင်းမှုပြုလုပ်ရန် ချိတ်ဆက်မှုများပြုလုပ်ထားကြောင်း သိရသည်။ ဖောက်ထွင်းခံရသော ရဲဌာနဝက်ဆိုက် ကွန်ပျူတာများပေါ်၌ အမည်းရောင် မျက်နှာပြင်ပေါ်လာပြီး "ဥပဒေပျက်ကွက်ခြင်း" ဆိုသည့် စာတန်းပေါ်လာကြောင်း သိရသည်။ အချို့ဖောက်ထွင်းခံရသော ရဲဌာနဝက်ဆိုက် ကွန်ပျူတာများပေါ်တွင် "တရားမျှတမှုကိုလိုချင်သည်" ဟူသော စာတန်းပေါ်လာကြောင်း သိရသည်။

ထိုင်းရဲဌာနဝက်ဆိုက် တိုက်ခိုက်မခံရမီ ဖောက်ထွင်းအုပ်စုက လိပ်ကျွန်းလူသတ်မှုနှင့် အမှုမှုတွင် မြန်မာနိုင်ငံသားဖြစ်သူ ဇော်လင်းနှင့် ဝင်းဇော်ထွန်းတို့ကို ခေးခုတ်ရာ လက်လျှိုခိုင်းသည်ဟု စွပ်စွဲထားသော ဗီဒီယိုများကို လွှင့်တင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာ ဖောက်ထွင်းမှုများနှင့် ချိတ်ဆက်မှုရှိသော အမည်မသိ ကွန်ပျူတာ ဖောက်ထွင်းသမား (ဟက်ကာ)များက နိုင်ငံခြားခရီးသွား ဧည့်သည်များအား ထိုင်းနိုင်ငံကို သပိတ်မှောက်ရန်နှင့် သေမိန့်ချထားသော ဖမ်းဆီးခံမြန်မာနှစ်ဦးကို ကူညီဆန္ဒပြရန် ဆော်ဩလိုက်သည်။

ထိုင်းရဲများက တိုက်ခိုက်မှုကို အတည်ပြုခဲ့သော်လည်း အရေးကြီးသော သတင်းအချက်အလက်များ ပေါက်ကြားခြင်းမရှိဟု ပြောခဲ့သည်။

ထိုင်းရဲတပ်ဖွဲ့၏ ဝက်ဆိုက်များကို တိုက်ခိုက်သည့်ဟက်ကာအဖွဲ့တွင် နိုင်ငံရပ်ခြားမှ ဟက်ကာများ ပါဝင်ကြောင်းနှင့် နည်းပညာဆိုင်ရာ ပြစ်မှုကျူးလွန်မှုနှိမ်နင်းရေးဌာနက ကွန်ပျူတာ ဖောက်ထွင်းသူများကို ခြေရာခံနေကြောင်း ထိုင်းရဲဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် ဒီချန်နာရွန်က ပြောခဲ့သည်။ **တင်လင်းအောင် (International Business Times)**

# ညောင်တုန်းမြို့ မြစ်ကမ်းပါးအိကျနိမ့်ဆင်းမှု မဖြစ်ပေါ်စေရေးဆောင်ရွက်



**ညောင်တုန်း ဇန်နဝါရီ ၆**

ဇန်နဝါရီ ၂ ရက်ညနေ ၄ နာရီ ၄၅မိနစ်က ဖြစ်ပွားခဲ့သော ၉ လမ်း ကမ်းနားလမ်းနှင့် ၁၀ လမ်း ကမ်းနား မြို့ပတ်တာနိမ့်ကျမှုနှင့် ပတ်သက်၍ ဆက်လက်ထူးခြားမှုမရှိသော်လည်း စောင့်ကြည့်အနေအထားဖြင့် ပြိုအက်ကွဲကျနေသော မြေသားများ မြေလျှောခြင်းနှင့် ကျိုးကျပျက်စီးသွားသော ရေကာတာကွန်ကရစ်များကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

| | |
|---|---|
| မိုးလေဝသ အခြေအနေ | မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။<br>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။<br>နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့်သာယာမည်။ |

# မူးယစ်ဆေးဝါးမှုကြောင့် ၂၀၁၅ ခုနှစ်အတွင်း တရားခံပေါင်း ၉၁၈၈ ဦး အရေးယူနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၆**

၂၀၁၅ ခုနှစ်အတွင်း တပ်မတော်၊ တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပါဝင်သော အဖွဲ့များသည် ဘိန်း ၃၈၈ မှု၊ အလေးချိန် ၈၈၈ ဒသမ ၈၄၄ ကီလို၊ ဘိန်းဖြူ ၂၅၀၂ မှု၊ အလေးချိန် ၁၈၆ ဒသမ ၀၄၁၁ ကီလို၊ ဘိန်းညှိုမှုန့် လေးမှု၊ အလေးချိန် ၅၃၈ ဒသမ ၉၀၆၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၁၅ မှု၊ ၄၉၉၅၀၉၁၂ ပြား၊ ဆေးခြောက် ၂၁၅ မှု၊ အလေးချိန် ၈၇ ဒသမ ၇၀၅၆ ကီလို၊ ဘိန်းရည် ၁၂ မှု၊ ၅၇ ဒသမ ၁၇၁၉ လစ်တာ၊ ဘိန်းဆီခဲ ၇၈ မှု၊ အလေးချိန် ၃၈ ဒသမ ၀၈၄၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၃၇ မှု၊ အလေးချိန် ၃၄ ဒသမ ၉၂၀၃ ကီလို၊ ဆူဒိုအက်ဖီဒရင်းကိုးမှု၊ ဆေးပြား ၁၀၀၀၉၅၀၀၊ အိုက်စ် ၄၉ မှု၊ အလေးချိန် ၂၂၆၁ ဒသမ ၆၉၃၈ ကီလို၊ ဘိန်းစာမှုန့် အမှု ၃၀၊ အလေးချိန် ၆၈၇ ဒသမ ၃၅၁၅ ကီလို၊ ဗျူပရီနော်ဖင်းဆေးပြား လေးမှု၊ ဆေးပြား ၂၉၀၀၊ စိတ်ကြွအကြေမှုန့် ၂၅ မှု၊ အလေးချိန် ၁၉၇ ဒသမ ၈၇၉၂ ကီလို၊ ကဖင်း ခြောက်မှု၊ အလေးချိန် ၉၉၃၂ ဒသမ ၂၆၀၈ ကီလို၊ ကတ်တမင်း အရည် တစ်မှု၊ ၃ ဒသမ ၁ လစ်တာ၊ အက်ဖီဒရင်း ကိုးမှု၊ အလေးချိန် ၁၁၁ ဒသမ ၉၄၄၅ ကီလို၊ အမိုနီယမ်ကလိုရိုဒ် ၁၈ ကီလို၊ ဆူဒိုအက်ဖီဒရင်းမှုန့် တစ်မှု၊ အလေးချိန် ၂၃၅ ဒသမ ၂၅၃ ကီလို၊ လွိုင်ဇောအရည် နှစ်လစ်တာ၊ ဟိုက်ဒရိုကလိုရစ်အက်စစ်အရည် တစ်မှု၊ လစ်တာ ၇၉၅၀၊ ဗျူပရီနော်ဖင်း ထိုးဆေး တစ်မှု၊ ၄၄၃ ပုလင်း၊ ဒိုင်ယာဇီပမ်ဆေးပြား လေးမှု၊ ၂၀၁၇၈၂ ပြား၊ ဒိုင်ယာဇီပမ်ထိုးဆေး ခြောက်မှု၊ ၂၈၃၃ ပုလင်း၊ ထရာမဒေါလ်ထိုးဆေး ပုလင်း ၈၀၊ အက်စီတစ်အင်ဟိုက်ဒရိုဒ် ကီလို ၃၀၊ Sedil ဆေးရည် ၀ ဒသမ ၀၀၂ လစ်တာ၊ အယ်ပရာဇိုလမ် ဆေးပြား နှစ်မှု၊ ဆေးပြား ၁၀၄၃၀၊ ဘိန်းဆီရည် နှစ်မှု၊ ၂၇ ဒသမ ၅၇၅ လစ်တာ၊ ဓာတုဆေးရည် တစ်မှု၊ ၁၀၆၁၉ လစ်တာ၊ ဆေးပြားအရောင်တင်မှုန့် ၀ ဒသမ ၈ ကီလို၊ Anthranilic Acid တစ်မှု၊ အလေးချိန် ၁၁၀၀ ကီလို၊ အက်စီတစ်အင်ဟိုက်ဒရိုအရည် တစ်မှု၊ လစ်တာ ၂၆၀၊ အက်စီတုန်းအရည် လစ်တာ ၁၈၈၀၊ ဆာလဖျူရစ်အက်စစ်အရည် ၂၁၉၇ ဒသမ ၆၅ လစ်တာ၊ ဖီနိုင်းအက်စီတစ်အက်စစ်ခဲ ကီလို ၂၁၅၀၊ ဖီနိုင်းပရိုပီနုန်း အရည် တစ်မှု၊ လစ်တာ ၈၁၉၀၊ အက်တက်စီဆေးပြား တစ်မှု၊ တစ်ပြား၊ အရိုးမီးသွေး အလေးချိန် ကီလို ၇၅၀၊ ဖင်စီဒိုင်းထိုးဆေး ၅၇၅ ပုလင်း၊ ကိုဒင်းချောင်းဆိုးဆေးရည်တစ်မှု၊ ၀ ဒသမ ၁ လစ်တာ၊ မော်ဖင်းထိုးဆေးတစ်မှု၊ ခြောက်ပုလင်း၊ ဒက်စတာမီတာဇုန်းဆေးပြား ၇၀၊ ဒိုင်မီ သိုင်းဆာလဖိတ် နှစ်မှု၊ လစ်တာ ၁၉၂၀၊ ထရာမဒေါလ်ဆေးတောင့် ရှစ်မှု၊ ၂၂၅၇၇ တောင့်၊ ဆက်စပ်ပစ္စည်း တစ်မှု၊ မှတ်ပုံတင်ပျက် ၆၆ မှု၊ အခြားမှု ၂၉ မှု ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၆၄၁၄ မှု ဖမ်းဆီးခဲ့ရာတွင် အမျိုးသားတရားခံ ၈၀၅၅ ဦး၊ အမျိုးသမီးတရားခံ ၁၁၃၃ ဦး စုစုပေါင်း တရားခံ ၉၁၈၈ ဦးတို့အား ဥပဒေအရ အရေးယူနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ဝင်ဗီဇာစနစ်သစ်ဖြင့် ဇန်နဝါရီ ၁၁ ရက်မှ စတင်ပြောင်းလဲကျင့်သုံးမည်

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်လိုကြသည့် နိုင်ငံခြားသားများအတွက် လက်ရှိအသုံးပြုလျက်ရှိသော ပြည်ဝင်ခွင့်ဗီဇာခြောက်မျိုး (အစား) ခေတ်စနစ်နှင့်အညီ ပြောင်းလဲကျင့်သုံးမည့် ပြည်ဝင်ဗီဇာ(Entry Visa) ၁၂ မျိုးနှင့် ပြည်ပြန်ဝင်ခွင့်ဗီဇာ (Re-entry Visa) သုံးမျိုးတို့အား ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှစ၍ အောက်ပါအတိုင်း ခွင့်ပြုပေးသွားမည်ဖြစ်သည်-

**ပြည်ဝင်ဗီဇာ (Entry Visa) (၁၂) မျိုး**

| စဉ် | ဗီဇာအမျိုးအစား | အခကြေး | နေခွင့် |
|---|---|---|---|
| (၁) | သံတမန်/သံအဖွဲ့ဝင်ဗီဇာ (Gratis Diplomatic/ Official Courtesy Visa) | အခမဲ့ | တာဝန်ထမ်းဆောင်သည့်ကာလ |
| (၂) | နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ (Official Visa) | US$ ၂၀ | (၂၈)ရက် |
| (၃) | ကမ္ဘာလှည့်ဗီဇာ (Tourist Visa) | US$ ၂၀ | (၂၈)ရက် |
| (၄) | လုပ်ငန်းဗီဇာ (Business Visa) | US$ ၃၆ | (၇၀)ရက် |
| (၅) | အလုပ်သမားဗီဇာ (Employment Visa) | US$ ၃၆ | (၇၀)ရက် |
| (၆) | လူမှုရေးဗီဇာ (Social Visa) | US$ ၃၆ | (၂၈)ရက် |
| (၇) | သာသနာရေးဗီဇာ (Religious Visa) | US$ ၃၆ | (၇၀)ရက် |
| (၈) | ပညာရေးဗီဇာ (Education Visa) | US$ ၃၆ | (၇၀)ရက် |
| (၉) | စာနယ်ဇင်း/မီဒီယာဗီဇာ (Journalist Visa) | US$ ၃၆ | (၂၈)ရက် |
| (၁၀) | ယာဉ်အမှုထမ်းဗီဇာ (Crew Visa) | US$ ၃၆ | (၂၈)ရက် |
| (၁၁) | အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ (Workshop/Seminar/ Meeting / Research Visa) | US$ ၃၆ | (၂၈)ရက် |
| (၁၂) | ဖြတ်သန်းဗီဇာ (Transit Visa) | US$ ၁၈ | (၂၄)နာရီ |

(၎င်းဗီဇာအမျိုးအစားများအား သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများတွင် လျှောက်ထားရပါမည်။ ဆိုက်ရောက်ဗီဇာ (Visa On Arrival)ဖြင့် လုပ်ငန်းဗီဇာ (Business Visa)၊ **အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ** (Workshop/Seminar/Meeting/Research Visa)၊ **ယာဉ်အမှုထမ်းဗီဇာ** (Crew Visa)၊ **ဖြတ်သန်းဗီဇာ** (Transit Visa) **တို့ ခွင့်ပြုပါမည်**။ eVisa လျှောက်ထားမှုမှာ လက်ရှိအတိုင်း ပြောင်းလဲမှုမရှိပါ)

**ပြည်ပြန်ဝင်ခွင့်ဗီဇာ (Re-entry Visa) (၃) မျိုး**

| စဉ် | ဗီဇာအမျိုးအစား | အခကြေး | နေခွင့် |
|---|---|---|---|
| (၁) | အကြိမ်ကြိမ်အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ Multiple Journey Special Re-entry Visa | US$ ၁၈၀ | ခွင့်ပြုနေခွင့်ကာလ |
| (၂) | အထူးပြည်ပြန်ဝင်ခွင့်ဗီဇာ(သို့မဟုတ်)တစ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ Special Re-entry Visa | US$ ၅၄ | ခွင့်ပြုနေခွင့်ကာလ |
| (၃) | ပြည်ပြန်ဝင်ခွင့်ဗီဇာ (Re-entry Visa) (ပြည်တွင်း၌နေထိုင်သည့်အမြဲနေအရည်အချင်းရှိ နိုင်ငံခြားသားများအတွက်သာ) | ၅၀၀၀ ကျပ် | ခွင့်ပြုနေခွင့်ကာလ (၆)လ |

(၎င်းဗီဇာအမျိုးအစားများအား နိုင်ငံခြားသားများရေးရာဌာနခွဲ၊ နေခွင့်ဌာနစိတ်၊ အမှတ် ၁၂၂၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရပါမည်)

အဆိုပါ ပြည်ဝင်ဗီဇာစနစ်သစ်နှင့်ပတ်သက်၍ အသေးစိတ်ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ Website www.mip.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဖားကန့်၌ ရေဘေးသင့်အန္တရာယ် ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်


**ဖားကန့် ဇန်နဝါရီ ၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာ၌ မိုးရာသီတွင် ရေဘေးအန္တရာယ် မကျရောက်နိုင်ရန်အတွက် ကုမ္ပဏီများ၏ အကူအညီရယူကာ ဇန်နဝါရီ ၆ ရက်က မြေစာသယ်ကားလမ်းကို စတင်ဖောက်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ဆိပ်မူကျေးရွာအုပ်စု မမုံကျေးရွာ၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ (၁) စွန့်ပစ်မြေစာအန္တရာယ် ကင်းရှင်းရေးကော်မတီနှင့်အတူ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ရေဘေးအန္တရာယ် ကျရောက်နိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်ထားသင့်ကြောင်း အကြံပြုခဲ့ကြသည်။

ထို့ကြောင့် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း အနောက်ဘက်၌ ကျင်းအနက်ပေ ၆၀ ကျော်ခန့်၊ အလျားပေ ၁၀၀၀ ကျော်ခန့်ရှိသည့် ချိုင့်ဝှမ်းကြီးဖြစ်နေသဖြင့် မမုံကျေးရွာအတွင်းသို့ ရေများဝင်ရောက်မည့်အန္တရာယ်ကို ရွာသူရွာသားများ စိုးရိမ်လျက်ရှိကြသည်။ သို့ဖြစ်၍ မြေစာသယ်ကားလမ်းကို စတင်ဖောက်လုပ်ကာ ရေထိန်းရေကာတာများ အလျင်အမြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**



ဖားကန့်၌ ရေဘေးအန္တရာယ် ကာကွယ်ရန် ရေကာတာဆောက်လုပ်မည့်နေရာကို တွေ့ရစဉ်။



✪ ကျောဖုံးမှ

ရှကျူရီ၊ ဂလန်းဝီလန်၊ ကာမီရွန်၊ အီရစ်ပီတာ၊ ဖီးလစ်ဝေါစ်ချီ၊ ရှောခရော့စ်၊ ဂလင်းဂျွန်ဆင်နှင့် ဂိုး-ဂျက်ဘက်လန်တို့ပွဲထွက်ခဲ့သည်။ ဧည့်သည် လီဗာပူးအသင်းမှာ ၄-၃-၃ ပုံစံဖြင့် ဖာမီနို၊ လယ်လာနာ၊ ကော်တင်ဟို၊ ဂျိုးအလန်း၊ အီမရီကန်း၊ မိုရီနို၊ လော့ဗ်ရန်၊ ကိုလိုတိုရေး၊ ဆီလီနီနှင့် ဂိုး-မစ်နိုလတ်တို့ ပါဝင်ခဲ့သည်။

လီဗာပူးအသင်းသည် ပထမပိုင်းတွင် လူစားလဲမှုများပြုလုပ်ခဲ့ပြီး ကော်တင်ဟိုနေရာတွင် ဂျော်ဒန်အိုင်ဘီဝင်လာပြီး လော့ဗ်ရန်နေရာတွင် ဂျိမ်းစ်မီလ်နာ ပါဝင်ခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင်ဂျိုးအလန်းဖန်တီးပေးပြီး လူစားဝင်လာသော တိုက်စစ်မှူး ဂျော်ဒန်အိုင်ဘီက လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်စတုတ်စီးတီးတို့ချေပဂိုးရရှိရန် လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း နှစ်သင်းစလုံး ဂိုးထပ်မံမရရှိတော့ဘဲ ဂျော်ဒန်အိုင်ဘီ၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် လီဗာပူးအသင်းအနိုင်ရရှိခဲ့သည်။

ကက်ပီတယ်ဝမ်းဖလား ဒုတိယအကျော့ပွဲစဉ်ကို ဇန်နဝါရီ ၂၆ ရက်တွင် ပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဗိုလ်လုပွဲစဉ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လန်ဒန်မြို့ ဝင်ဘလေကွင်း၌ကျင်းပမည်ဖြစ်ပြီး မန်စီးတီးနှင့် အဲဗာတန်တို့မှ အနိုင်ရသည့်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည် ။ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲကို ၁၉၆၀ ပြည့်နှစ်တွင်စတင်ကျင်းပခဲ့ရာ လီဗာပူးအသင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နေပြီး ရှစ်ကြိမ်ဖလားရရှိထားကာ သုံးကြိမ်ဒုတိယ ရရှိခဲ့သည်။ ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် အက်စ်တွန်ဗီလာအသင်းက ဖလား ငါးကြိမ်ရရှိခဲ့ပြီး ဒုတိယသုံးကြိမ် ရရှိထားသည်။ လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည်လည်း ဖလားငါးကြိမ်ရရှိထားပြီး ဒုတိယ နှစ်ကြိမ်ရရှိထားသည့်အသင်းဖြစ်သည်။

**သီဟ**

# ယမားကွင်း ကြက်သွန်စိုက်သူ ယခင်နှစ်ကထက်ပိုများ

**မုံရွာ ဇန်နဝါရီ ၆**

အမြင့်ဆုံးဈေးသို့ ရောက်ရှိခဲ့သော ပြည်တွင်းကြက်သွန်နီဈေးကြောင့် နှစ်စဉ်စိုက်ပျိုးခဲ့ကြသည့် တောင်သူဦးရေထက် ယခုနှစ် စိုက်ပျိုးသူ တောင်သူဦးရေမှာ ပိုများနေသည်။ ယခုအခါ စိုက်ဧက ပိုကျယ်ပြန့်လာသောကြောင့် လုပ်သားစရိတ်၊ စက်စရိတ်အပြင် နွားချေးစရိတ်များ ပြီးခဲ့သည့်နှစ်ကထက် ဈေးပိုတက်လာပြီး စိုက်ပြီးကြက်သွန်ထွက်ရာသီရောက်၍ ဈေးကွက်ပို့ချိန်ရောက်မှ မထင်မှတ်သောဈေးအထိ ကျဆင်းသွားမည်ကို စိုးရိမ်နေကြကြောင်း ချင်းတွင်းမြစ်အနောက်ဘက် ယမားကွင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

ယခုအချိန်သည် ကြက်သွန်နီစိုက်ရန် ယမားကွင်းသဲသောင်ပြင်မြေများကို ယခင်က ကျွဲ၊ နွားများဖြင့် ပြုပြင်ခဲ့ရာမှ ယခုနှစ်တွင် ထွန်စက်များ ငှားရမ်းဆောင်ရွက်လာကြရာ စက်ငှားခ၊ လယ်ထွန်ယက်ခ၊ မျိုးဖိုး၊ အလုပ်သမားခများအပါအဝင် မဖြစ်မနေထည့်သွင်းရမည့် သဘာဝမြေဩဇာ နွားချေးများ ယခင်နှစ်ကထက် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်စိုက်ရန် လုပ်သား ငှားရမ်းခမှာ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ မှ ကျပ် ၅၀၀၀ အတွင်းရှိပြီး စိုက်ပျိုးရေနှင့်နီးပါက စရိတ်သက်သာ၍ ယမားကွင်းဖြစ်သော်လည်း စိုက်ရေဝေးလျှင် ရေတင်ရေဖျန်းခြင်းများကို ဆောင်ရွက်ရသဖြင့် စိုက်ပျိုးစရိတ်မှာ သိသာစွာ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲ မန္တလေး၌ကျင်းပ

**မန္တလေး ဇန်နဝါရီ ၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ လူကုန်ကူးမှုအသိပညာပေး ဟောပြောပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက မန္တလေးအောင်မြေသာစံမြို့နယ် ဒေါနဘွားကားကြီးဝင်းအတွင်းရှိ စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ ရပ်ကွက်နေပြည်သူများ၊ ကားကြီးဝင်းမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် အမှတ် (၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်နေအောင်ကျော်က လူကုန်ကူးမှုပေါ်ပေါက်လာပုံနောက်ခံသမိုင်းကြောင်း၊ လူကုန်ကူးမှုနှင့်လူမှောင်ခိုမှု ကွဲပြားခြားနားပုံ၊ ရွှေ့ပြောင်းသွားလာခြင်းအကြောင်း၊ လူကုန်ကူးမှုဥပဒေအကြောင်းများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအကြောင်းနှင့် လက်ရှိမြန်မာနိုင်ငံ၏ လူကုန်ကူးမှုဆိုင်ရာတိုက်ဖျက် ဆောင်ရွက်ချက်များကို ပရိဂျက်တာဖြင့် ရှင်းလင်းဟောပြောဆွေးနွေးခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# လွတ်လပ်ရေးနေ့ဂုဏ်ပြု ကတ္တရာလမ်းသစ်ဖွင့်

**ကျောက်ဖြူ ဇန်နဝါရီ ၆**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အလယ်ပိုင်းရပ်ကွက်ရှိ ရုံးတက်လမ်းနှင့်ဗိုလ်ချုပ်လမ်းကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက်က အဆိုပါလမ်း၌ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးထွေးလှ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးသိန်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါကတ္တရာလမ်းသစ်သည် နှစ်မိုင်ရှိကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေကျပ် ၁၇၆ သန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဇန်နဝါရီ ၆ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၆ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၈၅၀၀ | အဟောင်း |
| ၂။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၃၇၀၀၀ | အသစ် |
| ၃။ | ဧရာ/ဧည့်မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၀၀၀ | အသစ် |
| ၄။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၅၀၀ | အသစ် |
| ၅။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၃၀၀၀ မှ ၂၆၀၀၀ | အဟောင်း |
| ၆။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၅၀၀ | အသစ် |
| ၇။ | သုခ(ဆန်) | နယ်စုံ | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၅၀၀ | အသစ်/ရှယ် |
| ၈။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၀၀ မှ ၂၁၅၀ | |
| ၉။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား၊ မြင်းခြံ၊ တောင်တွင်းကြီး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၀၀ မှ ၁၄၅၀ | ရှယ်၊ လတ် |
| ၁၀။ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၂၅၀ မှ ၃၃၀၀ | ရှယ်၊လတ် |
| ၁၁။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၈၀၀ မှ ၃၃၀၀ | ထူး ၂၊၃၊၄၊၅ |
| ၁၂။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၁၀ မှ ၆၁၀ | A1,OK,S1,S2 |
| ၁၃။ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၄၇၅ မှ ၁၇၃၅ | |
| ၁၄။ | ငရုတ်(ရှည်) | အိန္ဒိယ၊ ရှမ်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၅၁၅၀ | |
| ၁၅။ | ထောပတ်သီး | | တစ်တာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀၀၀ မှ ၁၅၀၀၀ | |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။


## လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ၄-၁-၂၀၁၆ဖြင့် **သုဓမ္မဇောတိကဓဇ ဦးကျော်ငွေး** (မန်နေဂျင်းဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီ၏ ချစ်ဇနီး **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား သာသနာတော်ဆိုင်ရာ **သုဓမ္မသိင်္ဂီ**ဘွဲ့တံဆိပ်အား ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ လိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

**ဦးမြင့်နိုင်-ဒေါ်သင်းသင်းနိုင်**

**သား ဇွဲထက်နိုင်**

**ဦးအောင်ဝင်းသန်း-ဒေါ်သင်းသင်းနွယ်**

**မချမ်းမြေ့နိုး**

## အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၆) ၄-၁-၂၀၁၆ဖြင့် **ဒေါ်ခိုင်သက်မွန်** (ဒါရိုက်တာ) ဆုထူးပန်ကျောက်မျက်ကုမ္ပဏီအား **သုဓမ္မသိင်္ဂီ**ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာသာသနာအကျိုးကို ဆတက်တိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဦးကျော်နု-ဒေါ်တင်တင်ချို**

TTC **ဆောက်လုပ်ရေးကုမ္ပဏီ**

**နေပြည်တော်**

## ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)

ရသေ့တောင်မြို့နယ်အသင်း(ရန်ကုန်)မှ အသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အလိုတော်ပြည့်ကျောင်းတိုက်(ရန်ကုန်)၌ ၃၁-၁-၂၀၁၆ရက် နံနက် ၉နာရီတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၁။ ကော်မတီအသစ်ရွေးချယ်တင်မြှောက်ရေး

၂။ သက်ကြီးပူဇော်ပွဲ

၃။ စာအောင်သံဃာတော်များနှင့် ထူးချွန်ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုပွဲတို့ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရသေ့တောင်မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အလှူငွေထည့်ဝင်လိုသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။**

**ဦးစံလှမောင်** ဖုန်း-၀၉-၂၆၁၂၇၈၂၂၉

**ဦးရဲမြင့်** ဖုန်း-၀၉-၈၆၁၄၇၁၇

**ဦးမင်းဟန်ထွန်း** ဖုန်း-၀၉-၅၀၂၅၁၉၁

**ဒေါ်ဒေစီသန်း** ဖုန်း-၀၉-၅၀၆၂၈၉၆

သံဃာတော်များအတွက်-

ရသေ့တောင်မြို့နယ်ဖွား ရန်ကုန်နယ်နိမိတ်အတွင်းမှ (၂၀၁၄/၂၀၁၅)ခုနှစ် ဓမ္မာစရိယ B.Aနှင့် အထက် ပြင်ပမှအဖွဲ့ဝင် ဓမ္မာစရိယB.Aနှင့် အထက်ဘွဲ့ရရှိသော ပုဂ္ဂိုလ်များ တစ်နိုင်ငံလုံးတန်း အသီးသီး၌ (ပ၊ ဒု၊ တ)ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ပုဂ္ဂိုလ်များသည် အောင်လက်မှတ်မိတ္တူနှင့်တကွ ၂၀-၁-၂၀၁၆ရက် နောက်ဆုံးထား၍ ဘဒ္ဒန္တကုဏ္ဍာစာရ ဖုန်း-၀၉-၄၅၀၀၁၀၈၄၀ သို့ ဆက်သွယ်ပေးပို့ကြပါရန်။

**မြို့နယ်အသင်း**

**ရသေ့တောင်မြို့နယ်(ရန်ကုန်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေယံလင်း (၁၀/မမန(နိုင်) ၂၀၃၉၂၈) ၏နိုင်ငံကူးလက်မှတ် MA336148 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၇၈၀၉၈၇၉၅၉

## သွေးသည် အသက်

## ပွဲခပေးမည်

အင်းစိန်မင်းကြီးလမ်းမပေါ်၊ ဘိုးဘွား

ပိုင်မြေ/ဈေးကျပ်သိန်း-၁၂၀၀၀

**ဖုန်း-၀၉-၉၇၁၆၁၃၁၄၁၊**

**၀၉-၃၂၂၀၉၇၂၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅၊ မြေကွက်အမှတ် ၆၇၀၊ စောလှဘော်လမ်း၊ (၄၃'×၆၀')ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဖြိုးပိုင်အောင်(ဘ)ဦးအောင်ကြီး ၁၂/လမန(နိုင်)၀၀၆၁၈၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ထားနွယ်ခင်**(LL.B,D.I.R,D.I.L) | **ဦးကျော်မိုးလွင်**(LL.B,D.B.L) |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၁)** | **ဒေါ်ခိုင်ဇင်ဝင်း**(LL.B,D.B.L) |
| **(ရှေ့နေနားခန်း၊ ဒဂုံတောင်တရားရုံးအတွင်း)** | **ဒေါ်ထွေးဇာခြည်**(LL.B,D.B.L) |
| **ဖုန်း-၀၉-၅၁၉၇၉၃၂၊ ၀၉-၇၃၀၂၇၂၀၄** | **(အထက်တန်းရှေ့နေများ)** |

# အောက်ဆီဂျင်စနစ်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့ရသည့်လေယာဉ် ပြန်လည်ထွက်ခွာ

**ရန်ကုန် ဇန်နဝါရီ ၆**

အောက်ဆီဂျင်စနစ်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့ရသည့် Jet Airways လေကြောင်းလိုင်းလေယာဉ်မှ ခရီးသည်များကို နောက်ထပ်လေယာဉ်တစ်စင်းဖြင့်တင်ဆောင်ကာ ယနေ့နံနက် ၁ နာရီ ၂၆ မိနစ်တွင် ထိုင်းနိုင်ငံ သုဝဏ္ဏဘူမိလေဆိပ်သို့ ပြန်လည်ထွက်ခွာသွားကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စုံစမ်းသိရှိရသည်။

အိန္ဒိယနိုင်ငံအခြေစိုက် Jet Airways လေကြောင်းလိုင်းမှ လေယာဉ်အမှတ် VT-JBZ လေယာဉ်သည် ခရီးစဉ်အမှတ် 9W70 အဖြစ် လေယာဉ်အမှုထမ်းရှစ်ဦးနှင့် ခရီးသည် ၁၈၃ ဦး လိုက်ပါလာပြီး အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ထွက်ခွာလာရာ မြန်မာနိုင်ငံသို့ ဖြတ်ကျော်ပျံသန်းစဉ် အောက်ဆီဂျင်စနစ်ချွတ်ယွင်းခဲ့သဖြင့် ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၅ ခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

ထိုလေယာဉ်မှ ခရီးသည်များအတွက် ယင်းလေကြောင်းလိုင်းရှိ နယူးဒေလီလေဆိပ်မှ လေယာဉ်တစ်စင်းသည် ခရီးစဉ်အမှတ် 9W-9902 အဖြစ် ယင်းနေ့ည ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိလာခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ခရီးသည်များကို တင်ဆောင်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခြင်းဖြစ်သည်။

"လာခေါ်တဲ့ လေယာဉ်က ခရီးသည်အားလုံးမဆံ့လို့ အယောက် ၂၀ လောက်ကို ထိုင်းလေကြောင်းလိုင်းနဲ့လွှဲပြီးပို့လိုက်ရတယ်။ လေယာဉ်အမှုထမ်းခြောက်ဦးလည်း ပြန်လိုက်သွားတယ်။ ကျွန်တော်တို့လေကြောင်းလိုင်းအနေနဲ့ လေယာဉ်နဲ့ပတ်သက်တာတွေအပြင် ခရီးသည်တွေရဲ့ လိုအပ်ချက်တွေကို သက်ဆိုင်ရာနဲ့အတူ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ကိုဇွဲရဲအောင်က ပြောသည်။

အောက်ဆီဂျင်စနစ်ချွတ်ယွင်းခဲ့သည့်လေယာဉ်ကို အဆိုပါလေယာဉ်အမှုထမ်းများနှင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အင်ဂျင်နီယာတို့ ညှိနှိုင်းပေါင်းစပ်၍ပြုပြင်ခဲ့ရာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ပြန်လည်ကောင်းမွန်သွားသဖြင့် ညနေ ၅ နာရီခန့်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သိရှိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**



# ဝိုင်းမော်မြို့နယ်၌ ဘိန်းစိမ်း ၁၄ ဒသမ ၄ ကီလို ဖမ်းဆီးရမိ



**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၄ ရက်က ဆဒုံးမှ ဝိုင်းမော်ဘက်သို့ တူးဂျာ မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁၄ ဒသမ ၄ ကီလိုကို ဖမ်းဆီးရမိခဲ့သည်။ **(ဓာတ်ပုံ)**

အလားတူ ဇန်နဝါရီ ၃ ရက်က ကျိုင်းတောင်းမြို့ ရပ်ကွက်(၁)နေ မနန်းနု၏နေအိမ်ကိုရှာဖွေရာ ခြံဝင်းအတွင်း အိမ်နောက်ဘက် လေးပေခွဲခန့်အကွာ မြေတွင်းထဲမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၄ ပြား နှင့် မြန်မာငွေကျပ် ၉၀၀၀၀တို့ကိုလည်းကောင်း၊ မိုးမိတ်မြို့ လက်ခုတ်တန်းရပ်ကွက်နှင့် ဒေါင့်ကြီးကျေးရွာသွားကားလမ်း နမ့်မိတချောင်းဘေး၌ ဇေယျာထွန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆ ပြားနှင့် ဘိန်းဖြူ ၀ ဒသမ ၀၀၁၃ ကီလိုတို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# တရားမဝင်တမလန်းသစ်များ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ

**ဗန်းမောက် ဇန်နဝါရီ ၆**

ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က တိုင်းအကူတပ်ဖွဲ့မှူး ဒုရဲမှူးကြီးတင်မိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်စိုးတို့ ပူးပေါင်းအဖွဲ့သည် ဗန်းမောက်မြို့နယ် ကြောင်လည်ရွာအနောက်ဘက် ချောင်းကြီးချောင်းကြား တမလန်းခားရွေတုံးဆိုက်စုံ ၁၅ တုံး(၁ ဒသမ ၃၂)တန်နှင့် ညနေ ၃ နာရီတွင် ကံကုန်းရွာ အနီးအနောက်ဘက် တစ်မိုင်ခန့်အကွာတွင် တမလန်းခားရွေတုံးဆိုက်စုံ ကိုးတုံး(၀ ဒသမ ၇၂၀)တန်၊ ညနေ ၄ နာရီက လွင်ကြီးကျေးရွာအနောက်ဘက် တစ်မိုင်ခန့် ရွှေတော်သွားကားလမ်းအနီးတွင် တမလန်းဆိုက်စုံ ၁၁ တုံး(၀ ဒသမ ၉၈၀၂)တန်တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုင်ရှင်မဲ့ တွေ့ရှိသိမ်းဆည်းရမိခဲ့သည့် တမလန်းသစ်များအား ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာနသို့ ညနေ ၅ နာရီခွဲက အပ်နှံထားရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# ထော်လာဂျီ ဘရိတ်ပေါက်ပြီး တိမ်းမှောက် တစ်ဦးသေ၊ ၃၂ ဦး ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၆**

ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီ ခန့်က ရှမ်းပြည်နယ် ဟဲဟိုးမြို့ အထွက် တောင်ကြီး-ရန်ကုန်သွား ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၉၆/၀)တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါလမ်းအတိုင်း ဟဲဟိုးဘက်မှ ရွှေညောင်ဘက်သို့ ကလောမြို့နယ် လက်မောင်းကွေး ရွာနေ မောင်အိုး(ခ)မောင်အုန်း (၄၅နှစ်) မောင်းနှင်လာသော ၈၄/---လေးလုံးထိုးထော်လာဂျီယာဉ်သည် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်သို့ တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် လက်မောင်းကွေးရွာနေ မဖြူ(၄၅ နှစ်)၌ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး တစ်ရွာတည်းနေ မမျိုး(၃၂နှစ်)ပါ ၃၂ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသဖြင့် မောင်အိုး(ခ) မောင်အုန်းအား ဟဲဟိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ရထားနှင့်ဆိုင်ကယ်တိုက်မိ တစ်ဦးသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၆**

ဇန်နဝါရီ ၄ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ် ညောင်တိုဘူတာနှင့် ပင်းချောင်းဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ် (၃၅၀/၁၇-၁၈) ကြားတွင် ရထားနှင့်ဆိုင်ကယ်တိုက်မိမှုဖြစ်ပွားကြောင်း ကျောက်ပန်းတောင်းမြို့မရဲစခန်းမှ သိရသည်။ ဖြစ်စဉ်မှာ စီးကံကျေးရွာဘက် မှ ကျောက်ပန်းတောင်းမြို့ဘက်သို့ စီးကံကျေးရွာနေ ဦးမောင်မောင်ထွေး(၄၇နှစ်) မောင်းနှင်ပြီး ဇနီး ဖြစ်သူ မရီရီသင်း(၃၅နှစ်) လိုက်ပါလာသော ဆိုင်ကယ်သည် အမှတ်(၁၀၈)အစုန် ပခုက္ကူ-နေပြည်တော် ရထားလာနေစဉ် ရထားသံလမ်းကို ဖြတ်မောင်းရာ မရီရီသင်းမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ရထားဖြင့် တိုက်မိ၍ ဒဏ်ရာများရရှိကာ သေဆုံးသွားပြီး ဦးမောင်မောင်ထွေးအား ကျောက်ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုရဲ**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

**ဒေါက်တာနေလင်းဦး Ph.D (Development Administration)**
B.C.Sc, MBA (NY) ကုလသမဂ္ဂ (ESCAP)
**ကြိုးပမ်းအားထုတ်မှု၊ အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါသည်။**

**ဖေဖေ** - ဝဏ္ဏကျော်ထင် ဦးလှမြင့်ဦး (ပျဉ်းမနား)
(ဥက္ကဋ္ဌ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ ပြည်သူ့လွှတ်တော်)
**မေမေ** - ဒေါ်အေးအေးမြင့်
**ဇနီး** - ဒေါ်ဖြူသွယ်မော် (Fifth Avenue Luxury Boutique)
**အစ်ကို၊ အစ်မများ** - ဦးဝင်းမြင့်အောင် (ရေကြောင်းပြမှူးကြီး)၊ ဒေါ်စန္ဒာဦး
- ဒေါက်တာ ဥမ္မာဦး (တွဲဖက်ပါမောက္ခ၊ ရူပဗေဒ)
မန္တလေးအဝေးသင်တက္ကသိုလ်
**သားကလေး** - ဇွဲစည်သူဦး

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၁၆ယ/၆၁၁၁၇၊ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီအောင် ၁၄/ပသရ(နိုင်)၀၀၀၀၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး-မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါပိတ်ရက် ပြောင်းလဲခြင်း)

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အသုံးပြုရန် လိုအပ်သော ဓာတ်အားလိုင်းပစ္စည်းများ ဝယ်ယူလိုပါသဖြင့် တင်ဒါအမှတ်၊ 3-22(T)/MESC/2015-2016,3-23(T)/MESC/2015-2016,3-24(T)/MESC/2015-2016,3-25(T)/MESC/2015-2016 တို့အား အိတ်ဖွင့်တင်ဒါကြော်ငြာဖြင့် ကြေးမုံသတင်းစာတွင် (၃-၁-၂၀၁၆)၊ (၅-၁-၂၀၁၆)၊ (၇-၁-၂၀၁၆)ရက်နှင့် မြန်မာ့အလင်းသတင်းစာတွင် (၂-၁-၂၀၁၆)၊ (၄-၁-၂၀၁၆)၊ (၆-၁-၂၀၁၆)၊ (၈-၁-၂၀၁၆)ရက်များတွင် အသီးသီး ဖော်ပြခဲ့ပါသည်။

၂။ အဆိုပါ အိတ်ဖွင့်တင်ဒါပိတ်ရက်အား ၂၀-၁-၂၀၁၆ရက် ၁၃း၀၀နာရီဟု ဖော်ပြထားခြင်းအစား (၁၅-၁-၂၀၁၆)ရက် ၁၃း၀၀နာရီဟု ပြင်ဆင်သတ်မှတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၇၇ လမ်း၊ ၂၆×၂၇ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၂-၇၃၈၀၁**

**ရတနာမိသားစု အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်**
YADANAR FAMILY INT'L CO.,LTD
**အမှတ် (၆၂/၆၈)၊ ၁၀လွှာ၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်**
**ဖုန်း+၉၅-၁-၂၅၆၄၂၇၊ ၂၅၂၈၆၂၊ ၃၇၆၇၅၀၊ ဖက်စ်+၉၅-၁-၂၅၂၈၆၂**
## ဝန်ထမ်းအလိုရှိသည်
Medical Sale Representative - ကျား (၁၀)ဦး၊ မ (၁၀)ဦး
- ရုံးဝန်ထမ်း မ (၅)ဦး
- ဘွဲ့ရဖြစ်ရမည်။ အင်္ဂလိပ်ဘာသာစကား အသင့်အတင့် ပြောနိုင်ရမည်။
အလုပ်လျှောက်ထားလိုသူတို့သည် ရတနာမိသားစု အပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်။
**နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။**

**ဖခင် အမည်မှန်**
ပုဏ္ဏားကျွန်းမြို့၊ စံပြရပ်ကွက်နေ မောင်နအေးကျော် ၁၁/ပဏက(နိုင်)၀၆၁၀၆၁၏ ဖခင် ဦးထွန်းရွှေမောင်၏ အမည်မှန်မှာ ဦးထွန်းမောင် ဖြစ်ပါကြောင်း။ **ဦးထွန်းမောင် ၁၁/ပတန(နိုင်)၀၀၉၀၁၂**

## ကျေးဇူးဆပ်ပါမည်
ကျွန်တော် ဦးစည်သူအောင်၏ ဘွဲ့လက်မှတ်မူရင်းနှင့် Memory Stick နှစ်ချောင်းပါသော စက္ကူလက်ဆွဲအိတ်သည် ၃-၁-၂၀၁၆ ရက်က တပ်ကုန်းမှ ရန်ကုန်သို့ လာသည့် နေကြယ်မင်း Express ယာဉ်ပေါ်၌ မေ့ကျန်ခဲ့ပါသဖြင့် အကြောင်းအမျိုးမျိုးကြောင့် ရရှိထားသူများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပို့ပါရန်။ **(ကျေးဇူးဆပ်ပါမည်။)**
**ဖုန်း-၀၉-၂၅၄၈၉၁၅၁၉၊ ၀၉-၄၂၈၁၁၈၀၇၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁၆ယ/၄၆၂၇၀၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးတင်လှိုင် ၁၄/ပသန(နိုင်)၀၃၅၈၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

**ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်**
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
ဒီဇင်ဘာ (၂/၅/၇)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
**Speaking** နှင့် ၄ မှ ၈ တန်းထိ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

# ပြင်ဦးလွင်၌ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ



**ပြင်ဦးလွင် ဇန်နဝါရီ ၆**

ပြင်ဦးလွင်၌ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံမြေတိုင်းကျောင်းကြက်တောင်အားကစားရုံ၌ ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီက ကျင်းပသည်။(**အပေါ်ပုံ**)

ပြိုင်ပွဲအပြီး ဆုပေးပွဲဆက်လက်ကျင်းပရာ အကြီးတန်းပြိုင်ပွဲ တစ်ဦးချင်း ဗိုလ်လုပွဲတွင် ပထမဆုရ ဇော်လင်းထူး၊ ဒုတိယဆုရသိန်းနိုင်ဝင်း၊ တတိယပူးတွဲဆုရ ဝင်းနိုင်ဦးနှင့်သူရကျော်ဝင်း၊ အကြီးတန်းနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဇော်လင်းထူးနှင့် သူရကျော်ဝင်း၊ ဒုတိယဆုရ အောင်ထိန်လင်းနှင့် စိုးလှိုင်ဝင်း၊ တတိယပူးတွဲ ဆုရရှိသူများကို မြန်မာနိုင်ငံ မြေတိုင်းကျောင်း ကျောင်းအုပ်ကြီး ဦးသန်းကျော်က ဆုတံဆိပ်၊ ဆုငွေများ ချီးမြှင့်ပြီး အလတ်တန်း တစ်ဦးချင်းပြိုင်ပွဲ ပထမဆုရ ဇေယျာလင်း၊ ဒုတိယဆုရ မိုးကျော်၊ တတိယပူးတွဲဆုရ တင်မောင်စိန်နှင့်နွယ်လေး၊ အလတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ ပထမဆုရ ကိတ်လတ်နှင့်နွယ်လေး၊ ဒုတိယဆုရ နိုင်သူလင်းနှင့်ကျော်ကျော်၊ တတိယပူးတွဲဆုရရှိသူများ၊ ဝါသနာရှင်အဆင့် တစ်ဦးချင်းပြိုင်ပွဲ ပထမဆုရ အောင်ဇော်လင်း၊ ဒုတိယဆုရ အောင်ထက်ပိုင်သူ၊ တတိယပူးတွဲဆုရ ဆန်းကိုနှင့် နိုင်သူလင်းနှင့် ကျန်ဆုရရှိသူများကို တိုင်းဒေသကြီးကြက်တောင်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်ဝင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ်ကြက်တောင်ကလပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဆုတံဆိပ်၊ ဆုငွေများ ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ကျေးလက်ဒေသလုပ်ငန်းဆောင်ရွက်မှုအား စစ်ဆေး

**မြောက်ဦး ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ပီပင်ရင်းနန်းတက်ကျေးရွာ ကျောက်ချောလမ်းခင်းခြင်း (၁/၄) မိုင်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ပီပင်ရင်းနန်းတက်ကျေးရွာ ကျောက်ချောလမ်းခင်းခြင်း (၂/၅) မိုင်နှင့် ပီပင်ရင်းနန်းတက်လမ်းပေါ်ရှိ ရေပြွန်များအား ပြုလုပ်ခြင်းကို မြို့နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းခင်နှင့်အဖွဲ့က ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(၁၅၇)

# ပြည်မြို့နယ်၌ ဓာတ်အားလိုင်းတိုးချဲ့တည်ဆောက်

**ပြည် ဇန်နဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့နယ် ခေတ္တရာမြို့သစ် အောင်သီရိရပ်ကွက်၌ ၁၁/ ၀ ဒသမ ၄ ကေဗွီလိုင်း၊ ၁၀၀ ကေဗွီအေလိုင်း၊ ၁၁ ကေဗွီ လိုင်း ပေ ၁၇၅၀ ၊ ၀ ဒသမ ၄ ကေဗွီ လိုင်း ပေ ၂၆၅၀ ကို တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် မြို့နယ်လျှပ်စစ်မှူး ဦးကျော်စွာလင်းနှင့်အဖွဲ့က ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၄ ရက်တွင် လုပ်ငန်းအားလုံးပြီးစီး၍ ဒေသခံပြည်သူများအား လျှပ်စစ်ဓာတ်အား ပြည့်ဝစွာပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**



# မန္တလေးမြို့တော်ဝန် မီနီမာရသွန်ပြိုင်ပွဲ၌ တားမြစ်ဆေးဝါးသုံး၍ ယှဉ်ပြိုင်မှုမပြုရန်တားမြစ်

**မန္တလေး ဇန်နဝါရီ ၆**

ဇန်နဝါရီ ၉ ရက်တွင် ကျင်းပမည့် မန္တလေးမြို့တော်ဝန်မီနီမာရသွန်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် တားမြစ်ဆေးဝါးများ သုံးစွဲကာ ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို စစ်ဆေးတွေ့ရှိပါက ဆုနှင့်ဆုကြေးများကို ပြန်လည်ရုပ်သိမ်းခံရမည်ဖြစ်ပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီက သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအရလည်းအရေးယူခံရမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

လျှောက်လွှာများကို မြို့တော်စည်ပင်သာယာရေးကော်မတီအုပ်ချုပ်ရေး မှူးရုံးများ၊ ဗထူးအားကစားပြိုင်ကွင်း၊ မြို့တော်စည်ပင်စီမံရေးရာဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန(မနော်ရမ္မံပန်းခြံ)၊ စည်ပင်သာယာရေးကော်မတီရုံးရှေ့(ကျုံးဘေး)တို့၌ ဇန်နဝါရီ ၈ ရက်အထိ လျှောက်လွှာများကို တစ်ဦးလျှင်ငွေကျပ် ၃၀၀ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဇန်နဝါရီ ၄ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်း ပေးသွင်းသူ ၁၀၃၄ ဦးရှိကြောင်း သိရသည်။

ပြိုင်ပွဲတွင် ၁၉၉၅ ခုနှစ်နှင့် နောက်ပိုင်း ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲ၊ တိုင်းဒေသကြီး/ပြည်နယ် ပြိုင်ပွဲများ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများ၌ မာရသွန် မီတာ ၅၀၀၀ နှင့် ၁၀၀၀၀ အမျိုးအစားတွင်ဆုရရှိဖူးသူများ၊ နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများနှင့် ၁၉၉၅ ခုနှစ် ရန်ကုန်မြို့တော်ဝန်နှင့် မန္တလေးမြို့တော်ဝန်မာရသွန်ပြိုင်ပွဲနှင့် ၂၀၀၆ ခုနှစ် မန္တလေးမြို့တော်ဝန် မာရသွန်ပြိုင်ပွဲများ၌ ဆုရရှိဖူးသူများသည် လူသစ်တန်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်း သိရသည်။

မန္တလေးမြို့တော်ဝန်မီနီမာရသွန်ပြိုင်ပွဲကို ၁၉၉၄ ခုနှစ်ကတည်းက စတင်ပြုလုပ်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်တွင်မီနီမာရသွန်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူ အလွတ်တန်းအမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၂၃ ဦး၊ လူသစ်တန်း အမျိုးသား ၁၅၃၇ဦး၊ အမျိုးသမီး ၇၆၀ အပြင် အမေရိကန်၊ ဂျပန်၊ အင်္ဂလန် နိုင်ငံခြားသားအပြေးသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အောင်စေပိုင်စေ**


# လှိုက်လှဲစွာဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ ဦးစိုးသိန်း**အား **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ပြုပါသည်။

**ဦးမြညိမ်း (ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)နှင့်ဇနီး ဒေါ်မြင့်မြင့်သိန်း (မိသားစု)**

လက်ထပ်ကြမည့်မောင်မယ်များနှင့်ဘွဲ့ယူမည့်မောင်မယ်များအတွက်
EXCELLENT
Wedding Dress & Photostudio
ဓါတ်ပုံ၊ဗီဒီယို၊မင်္ဂလာဝတ်စုံ
ဘွဲ့ဝတ်စုံ၊ဆံပင်မိတ်ကပ်
Prewedding စိတ်တိုင်းကျရနိုင်ပါသည်။
01504317.095195684.09421005393
၆၆၊အင်းစိန်လမ်းမ၊စံရိပ်ငြိမ်၆လမ်းထိပ်၊လှည်းတန်း၊ကမာရွတ်၊ရန်ကုန်မြို့

**ပျောက်ဆုံးကြောင်း**

ကျွန်တော် နေလင်းထွန်း၏ ပတ်စ်ပို့ စာအုပ် နံပါတ် M526288သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၃၇၅၅၆**





# သတိပေးကြေညာခြင်း

ညောင်ဦးမြို့၊ (၅)ရပ်ကွက်အတွင်း တည်ရှိနေသည့် နန်းကြည့်ကုန်းနေရာသည် ရွှေစည်းခုံဘုရား၏ ဝတ္တကမြေဖြစ်သည့်အပြင် ကျန်စစ်သားမင်းကြီးလက်ထက် ရွှေစည်းခုံစေတီတော်မြတ်ကြီးကို ဆက်လက်တည်ဆောက်ခဲ့စဉ် ယခုနန်းကြည့်ကုန်းနေရာတွင် ယာယီစံနန်းတော် တည်ဆောက်၍ ကြီးကြပ်စီမံတော်မူသည့်မြေနေရာ ဖြစ်ပါသည်။

သမိုင်းအရတန်ဖိုးရှိသည့် ရှေးဟောင်းအမွေအနှစ်နေရာတစ်ခုဖြစ်ကာ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများ မြေပေါ်မြေအောက် ကြွင်းကျန်တည်ရှိနေပါသဖြင့် ၁၉၉၀ ပြည့်နှစ်ခန့်က စတင်၍ မိမိဌာနမှ တားမြစ်ထိန်းသိမ်းမှုပြုလာခဲ့သည့် ရှေးဟောင်းသုတေသနဆိုင်ရာ နေရာတစ်ခုဖြစ်ပါသည်။

အဆိုပါနေရာသည် သမိုင်းတန်ဖိုး၊ ရှေးဟောင်းသုတေသနဆိုင်ရာ တန်ဖိုးကြီးမားမှုကြောင့် ယဉ်ကျေးမှုအမွေအနှစ်ဇုန်သတ်မှတ်ချက်တွင် ကာကွယ်ထိန်းသိမ်းရေးအတွက် အဓိကအကျဆုံးဖြစ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်(Ancient Monumental Zone)အတွင်းတွင် တည်ရှိပါသည်။

ယခုအခါတွင် နန်းကြည့်ကုန်းနေရာ၌ လူနေအိမ်အဆောက်အအုံများ၊ ဝင်းခြံများ ကျူးကျော်ဆောက်လုပ်နေခြင်းအား ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များမှ စိစစ်တွေ့ရှိရပါသည်။

ထိုသို့ ဆောက်လုပ်နေထိုင်လာခဲ့ကြခြင်းနှင့်အတူ မြေနေရာများကို ရောင်းဝယ်ယူမှုများ ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုနေရာသည် အဆောက်အအုံဆောက်လုပ်ရန် ခွင့်ပြုနိုင်သည့် မြေနေရာမဟုတ်သဖြင့် ရောင်းမှား၊ ဝယ်မှားပြုလုပ်ပါက ပြည်သူများနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်ပါသည်။ သမိုင်းဝင်နေရာတစ်ခုမှာ ယခုအခါ ပျောက်ကွယ်လုအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပါသည်။

နန်းကြည့်ကုန်းပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားရှိသည့် လူနေအိမ်များ၊ ကာရံထားသည့်ဝင်းခြံများကို ကြေညာသည့်ရက်မှစ၍ ကိုးရက်အတွင်း ဖျက်သိမ်းပေးရန်နှင့် ဖျက်သိမ်းခြင်းမပြုပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**



# လွတ်လပ်ရေးနေ့ပြခန်း ကြည့်ရှုသူများဖြင့် စည်ကား

**လှိုင်လင် ဇန်နဝါရီ ၆**

၂၀၁၆ ခုနှစ်(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ဇန်နဝါရီ ၅ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်လင်ခရိုင်ရုံး၌ ခင်းကျင်းပြသထားရာ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါပြခန်းတွင် နိုင်ငံတော်လွတ်လပ်ရေးသမိုင်းကြောင်းများနှင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မှတ်တမ်းများ၊ ဒေသတွင်း လူထုလှုပ်ရှားမှုမှတ်တမ်းများ ပန်းချီ၊ ကာတွန်း၊ ပိုစတာများကို ဝေဝေဆာဆာ ခင်းကျင်းပြသထားသည့်အပြင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်လုပ်ငန်းများနှင့် ဘာသာရပ်အလိုက် စာအုပ်စာစောင်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# နှစ်သစ်ကူးလက်ဆောင်အဖြစ် ကြက်သွန်နီဆယ်အိတ်ဝယ်လျှင် တစ်အိတ်လက်ဆောင်ပေးနေ

**ရန်ကုန် ဇန်နဝါရီ ၆**

၂၀၁၆ နှစ်သစ်ကူးလက်ဆောင်အဖြစ် ဘုရင့်နောင်ပွဲရုံဝင်း ၄ဝါလမ်းသွယ်ရှိ ကြက်သွန်နီရောင်းချသော ပွဲရုံတစ်ရုံ၌ ဒီဇင်ဘာလကုန်ပိုင်းတွင် ကြက်သွန်နီရောင်းချရာတွင် ဆယ်အိတ်ဝယ် တစ်အိတ်လက်ဆောင်ပေးမည်ဟု ကြော်ငြာ၍ ရောင်းချမှုရှိသည်ဟု ရိုးကြီးချောင်းပတ်လမ်းတွင်နေထိုင်သော မြစ်ဝကျွန်းပေါ်သို့ ကုန်ပို့အဝယ်တော်ကိုသက်က ပြောသည်။

အိန္ဒိယမှ တင်သွင်းလာသော ကြက်သွန်နီများကို လက်ကြီးအရွယ်အစား၊ လက်ကားဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၇၀၀ဖြင့် ဝယ်ယူလိုသလောက် ရောင်းချပေးမည်ဟု ကြော်ငြာထားခြင်းဖြစ်သည်ဟု သိရသည်။

ဒီဇင်ဘာ ၂၈ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ကုန်စည်ဒိုင်ဖွင့်ရက်ခြောက်ရက်အတွင်း ဘုရင့်နောင်ပွဲရုံဝင်းသို့ နယ်စုံကြက်သွန်နီပိဿာချိန် ၁၂၃၀၀၀၀ ဝန်းကျင် ဝင်ရောက်မှုရှိသည်။ ဇန်နဝါရီ ၂ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၅၀-၆၅၀-၇၅၀-၇၅၀၊ မြစ်သား ကြက်သွန်နီ တစ်ပိဿာငွေကျပ် ၇၀၀-၉၀၀-၁၀၀၀-၁၁၀၀၊ ၉၀၀-၁၁၀၀-၁၂၀၀-၁၂၅၀ နှုန်း၊ မြင်းခြံ ၄၀၀-၆၅၀-၇၅၀-၇၅၀၊ ၆၀၀-၈၀၀-၉၀၀-၁၀၅၀ နှုန်းအသီးသီးရှိသည်ဟု နေ့စဉ်ကုန်စည် ဒိုင်ဈေးနှုန်းစာရင်းများအရ သိရသည်။ တစ်ပတ်အတွင်း ကြက်သွန်နီတစ်ပိဿာ ဆိပ်ဖြူအလုံးကြီး ငွေကျပ် ၄၅၀၊ မြင်းခြံအလုံးကြီး ငွေကျပ် ၄၀၀၊ မြစ်သားအလုံးကြီး ငွေကျပ် ၂၅၀ ဈေးကျလာခြင်းဖြစ်သည်။

ပြည်ပမှ တင်သွင်းလာသော ကြက်သွန်နီများကြောင့် ပြည်တွင်းတွင် မြင့်တက်လာသော ရောင်းဈေးနှုန်းသည် ထပ်မံမြင့်တက်လာမှု မရှိဘဲ အကျဘက်သို့ ရောက်ရှိခဲ့သည်။ ပြည်တွင်းတွင် ကြက်သွန်နီအသစ်များ ဝင်ရောက်မှုနှင့်အတူ အမြင့်ဆုံးဖြစ်ခဲ့သော ပြည်တွင်းကြက်သွန်နီဈေးနှုန်းသည် ၂၀၁၅ ဒီဇင်ဘာ ၄ ရက်မှ တစ်လခန့်ကြာမြင့်သော ၂၀၁၆ ဇန်နဝါရီ ၂ ရက်တွင် အလုံးသေး(လတ်ချော) အရွယ်အစား တစ်ပိဿာငွေကျပ် ၂၅၅၀၊ ရှယ် အရွယ်အစား အလုံးကြီးငွေကျပ် ၂၉၅၀ ဈေးနှုန်း ကွာဟကျဆင်းလာသည်။

၂၀၁၆ ဇန်နဝါရီ ၂ ရက် ပြည်တွင်း ကြက်သွန်နီဈေးနှုန်းသည် ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၅ ဇန်နဝါရီ ၂ ရက် ဈေးနှုန်းဖြင့် နှိုင်းယှဉ်လျှင် အလုံးကြီးအရွယ်အစားများတစ်ဆဝန်းကျင် ဈေးနှုန်းပိုမိုရရှိဆဲဖြစ်သည်ဟု သိရသည်။ ၂၀၁၄ ဇန်နဝါရီ ၂ ရက်တွင် ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီတစ်ပိဿာ ၂၀၀-၅၀၀-၇၂၅-၉၂၅၊ မြင်းခြံအမျိုးအစား ၁၅၀-၅၀၀-၇၅၀-၈၂၅ ကျပ်၊ ၂၀၁၄ ဇန်နဝါရီ ၃ ရက်တွင် မြစ်သား ၆၅၀-၉၂၅-၁၀၂၅-၁၀၇၅ ကျပ်နှုန်း၊ ၂၀၁၅ ဇန်နဝါရီ ၂ ရက်တွင်မှ ဆိပ်ဖြူ ၆၀-၁၂၅-၂၇၅-၃၅၀၊ မြင်းခြံ ၁၀၀-၁၅၀-၂၇၅-၃၅၀ ၊ မြစ်သား ၂၀၀-၄၀၀-၅၀၀-၆၀၀ နှုန်း အသီးသီးဈေးရှိခဲ့သည်ဟု နှစ်ဟောင်းကုန်စည်ဒိုင်ဈေးနှုန်းပါ ဖော်ပြချက်များတွင် မြင်တွေ့ရသည်။

၂၀၁၆ ဇန်နဝါရီ ၅ ရက် (အင်္ဂါနေ့) ဘုရင့်နောင်ဈေးကွက်တွင် အိန္ဒိယကြက်သွန်နီလက်ကား တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ နှုန်းဖြင့် ရောင်းချသည်ဟု နယ်ပို့အဝယ်တော်တစ်ဦးက ပြောသည်။ **ခင်ဆိုင်**

# ပထမအကြိမ် ဓမ္မစကူးကျောင်းများပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် နန်းဦးပရိယတ္တိစာသင်တိုက် ဓမ္မာရုံအတွင်း၌ ဇန်နဝါရီ ၂ ရက်က ဖေယျာဦးဖောင်ဒေးရှင်း၏ ပထမအကြိမ် ဓမ္မစကူးကျောင်းများ ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဖေယျာဦးဖောင်ဒေးရှင်းမိသားစုက ပထမဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ် နန်းဦးဓမ္မစကူးကျောင်းအား လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဖေယျာသီရိမြို့နယ် ရှမ်းရွာဓမ္မစကူးကျောင်းအားလည်းကောင်း၊ တတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့ မဟာဝိဇိတာရုံ ဓမ္မစကူးကျောင်းအား လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် ဓမ္မစကူးကျောင်း ခြောက်ကျောင်းအား လည်းကောင်း၊ အကောင်းဆုံးဆရာဆုရ နန်းဦးကျောင်းမှ ဆရာမဒေါ်သင်းသင်းအောင်အား ဆုတော်ငွေကျပ်သုံးသိန်းအား လည်းကောင်း ဆုများချီးမြှင့်လှူဒါန်းသည်။

ဖေယျာဦး ဖောင်ဒေးရှင်း၏ ပထမအကြိမ် ဓမ္မစကူးကျောင်းများ ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဇမ္ဗူသီရိမြို့ နန်းဦးပရိယတ္တိစာသင်တိုက်၌ ကျင်းပခဲ့ရာ နေပြည်တော်ရှိ ဓမ္မစကူးကျောင်းကိုးကျောင်းမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများကျင်းပ

## ရွှေတောင်မြို့

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့ လွတ်လပ်ရေးကျောက်တိုင်၌ ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက ဖတ်ကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပင်လောင်းမြို့

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျောက်တိုင်၌ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဖတ်ကြားပြီး (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## လှိုင်းဘွဲမြို့

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ဘားအံခရိုင် လှိုင်းဘွဲမြို့ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီက ကျင်းပရာ ဇွဲမာန်အားကစားကွင်း၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သည့် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်းက ဖတ်ကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျုံပျော်မြို့

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို တေဇရပ်ကွက်ရှိ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ်၂၀က ကျင်းပရာ အခမ်းအနားတွင် တာဝန်ရှိသူများက ပြည်သူ့ရဲအလံတင်တပ်ဖွဲ့ဝင်များနှင့်အတူ နိုင်ငံတော်အလံလွှင့်ထူခြင်း၊ အလေးပြုခြင်း အစီအစဉ်များကို စနစ်တကျ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေဝင်းမြင့် (ပြန်/ဆက်)**

## တန့်ယန်းမြို့

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်တွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်းကြီး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို မြို့နယ်ရဲတပ်ဖွဲ့၏ဦးဆောင်မှုဖြင့် အလေးပြုကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဝဏ်လွှာကိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က ဖတ်ကြားသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

## နောင်ချိုမြို့

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က နောင်ချိုမြို့ မြစိမ်းသာပန်းခြံကျောက်တိုင်ကွင်းအနီး၌ ကျင်းပပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သည့် (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေက ဖတ်ကြားသည်။

**စိုးဝင်း(နောင်ချို)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဒီးမော့ဆို ဇန်နဝါရီ ၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇန်နဝါရီ ၃ ရက်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဖရူးခေါ်-ဆီဆောင်လမ်း (၂/၄)မိုင် မြေသားလမ်းခင်းခြင်းလုပ်ငန်း၊ ဒေါတငူး-ဒေါတမြေးလမ်း (၁/၂)မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်း၊ ဖရူးခေါ်-နီဒူးခူ သစ်သားတံတားလုပ်ငန်းနှင့် ခူးပရာကျောက်စီမြေနံရံကာလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ လုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် ဖရူးခေါ်ကျေးရွာ၊ ဆီဆောင်ကျေးရွာ၊ နီဒူးခူကျေးရွာ၊ ဟန်လီကျေးရွာနှင့် ဒေါရောက်ခူကျေးရွာမှ ကျေးရွာနေပြည်သူ ၁၉၈၅ ဦးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြန်မာနိုင်ငံ၏အနာဂတ်နှင့်အဆင့်မြင့်စိုက်ပျိုးမွေးမြူရေးပညာသင်ကြားရေး

ဒေါက်တာမျိုးကြွယ်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးအဓိကနိုင်ငံဖြစ်ပြီး လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) ၂၂. ၁% (၂၀၁၄-၂၀၁၅) စုစုပေါင်း ပို့ကုန်တန်ဖိုး၏ ၂၀% နှင့် နိုင်ငံ၏ အလုပ်လုပ်သူဦးရေ ၆၁. ၂%ကျော် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ (Source : MOAI 2015, Myanmar Agriculture in Brief)

ထိုသို့ ထုတ်လုပ်ရာတွင် ကျွမ်းကျင်သောနည်းပညာရှင်များ၊ စိုက်ပျိုးရေးသိပ္ပံပညာရှင်များကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး (Human Resource Development) သည် ကျွန်တော်တို့နိုင်ငံအတွက် အရေးပါလာသလို စီမံကိန်းနှင့်အညီ ကျွမ်းကျင်ပညာရှင်များနှစ်စဉ်မွေးထုတ်ပေးရန် စဉ်းစားလာရပါမည်။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် မြန်မာနိုင်ငံအတွက်စိုက်ပျိုးရေးဘွဲ့ရပညာရှင်များ မွေးထုတ်ပေးရာ တစ်ခုတည်းသောတက္ကသိုလ်ဖြစ်ပါသည်။ နှစ်စဉ် စိုက်ပျိုးရေးဘွဲ့ရ ၄၀၀ ခန့်၊ မဟာစိုက်ပျိုးရေးပညာနှင့် ပါရဂူဘွဲ့ရ ၂၀ မှ ၃၀ ခန့် မွေးထုတ်ပေးနေပါသည်။ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှ စတင်၍ စိုက်ပျိုးရေးတက္ကသိုလ် အခြေခံပညာအထက်တန်းအောင်ပြီး၍ ပထမနှစ်သို့ တက်ရောက်လိုသူ လျှောက်လွှာပေါင်းမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လျှောက်ထားလာသည်မှာ ၁၂၀၀ မှ ၂၀၀၀ ခန့်အထိရောက်ရှိလာပါပြီ။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် အများဆုံးလက်ခံနိုင်သော ဦးရေမှာ ၅၀၀ ခန့်အထိသာရှိပြီးစိုက်ပျိုးရေးကျောင်းသား ကျောင်းသူများ တိုးချဲ့လက်ခံသင်ကြားပေးနိုင်ရေးမှာ အနာဂတ်၏ စိန်ခေါ်မှုတစ်ရပ် (Future Challenge) ဖြစ်လာပါပြီ။

မြန်မာနိုင်ငံနှင့် ASEAN နိုင်ငံတချို့တက္ကသိုလ် ကျောင်းသား ကျောင်းသူများ စိုက်ပျိုးမွေးမြူရေး (Agriculture Graduate) ဘွဲ့ရရှိမှုကိုတခြားနိုင်ငံများနှင့် **ဇယားတွင်** နှိုင်းယှဉ်ဖော်ပြထားပါသည်။

၂၀၁၁ ခုနှစ်တွင် ကျွန်တော်တို့အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်စဉ်က ဟနွိုင်းစိုက်ပျိုးရေးတက္ကသိုလ် Hanoi University of Agriculture (ယခုဗီယက်နမ် အမျိုးသားစိုက်ပျိုးရေးတက္ကသိုလ် Vietnam National University of Agriculture) တွင် နှစ်စဉ်ဘွဲ့ရကျောင်းသား ကျောင်းသူပေါင်း တစ်သောင်းကျော်ရှိသည်ဟု ကြားသိခဲ့ရပါသည်။ ထိုတက္ကသိုလ်၏ စုစုပေါင်းကျောင်းသားကျောင်းသူဦးရေမှာ ငါးသောင်းခန့်ရှိပြီး မဟာဌာနများမှာ စိုက်ပျိုးရေးစာရင်းကိုင်ပညာနှင့်စီးပွားရေးစီမံခန့်ခွဲမှု၊ လယ်ယာ သီးနှံ၊ တိရစ္ဆာန်မွေးမြူရေးသိပ္ပံပညာ၊




ကျောင်းပညာရေး (Vocational Agricultural Education)အတွက် ဒီပလိုမာလက်မှတ်ပေးသော စိုက်ပျိုးမွေးမြူရေးသိပ္ပံ(State Agricultural Institute-SAI) များမှာ တိုင်းဒေသကြီးနှင့်ပြည်နယ် အားလုံးတွင်ရှိသော်လည်း လုံလောက်သော အရေအတွက် မရနိုင်သေးပါ။ တစ်ဖန် သီးသန့်ဘာသာရပ်များဖြစ်သော စိုက်ပျိုးရေး အင်ဂျင်နီယာ (Agricultural Engineering)၊ စိုက်ပျိုးပညာပေးရေး (Agricultural Education and Extension) တို့မှာအထူးပြုဘာသာရပ်အနေဖြင့် တစ်နိုင်ငံလုံးသင်ကြားပို့ချနိုင်ခြင်း မရှိသေးပါ။

စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် စုစုပေါင်းတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူဦးရေ၏ စိုက်ပျိုးမွေးမြူရေးဘွဲ့ရ အရေအတွက် ရာခိုင်နှုန်းမှာ ၀. ၅၁% အနည်းဆုံးဖြစ်နေပြီး အိမ်နီးချင်းအာဆီယံနိုင်ငံများမှာ စုစုပေါင်းကျောင်းသား ကျောင်းသူ ဘွဲ့ရ အရေအတွက်၏ အနည်းဆုံး ၁. ၈၈% မှအများဆုံး ၆. ၁၅%အထိ စိုက်ပျိုးမွေးမြူဘွဲ့ရများ မွေးထုတ်ပေးနေသည်ကို တွေ့ရခြင်းမှာ စဉ်းစားဆင်ခြင်စရာဖြစ်နေပါသည်။ နည်းပညာတက္ကသိုလ်များ၊ ဆေးတက္ကသိုလ်၊

ဇယား (၁) အာဆီယံနိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍနှင့် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ် ကျောင်းသား/ သူများ နှိုင်းယှဉ်ချက်

| စဉ် | နိုင်ငံ | လူဦးရေ သန်း (၂၀၁၂) | ကျေးလက် လူထု % (၂၀၁၁) | US$ Billion GDP (၂၀၁၂) | စိုက်ပျိုးရေး % GDP | မြေဧရိယာ ဟက်တာ သန်းပေါင်း (၂၀၁၁) | စိုက်ပျိုးရေး % | နှစ်စဉ် ဘွဲ့ရတက္ကသိုလ် ကျောင်းသား/သူ စုစုပေါင်း (အရေအတွက်) | စိုက်ပျိုး/ မွေးမြူရေး ကျောင်းသား % | နှစ်စဉ် စိုက်ပျိုး/ မွေးမြူ တက္ကသိုလ်ဘွဲ့ရ ကျောင်းသား/သူ (အရေအတွက်) |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြန်မာ | ၅၁.၇ | ၆၇ | ၅၅ | ၂၂.၁ | ၆၅ | ၁၉ | ၂၉၅၉၄၁ | ၀.၅၁ | *၁၅၃၅ |
| ၂ | မလေးရှား | ၂၉.၃ | ၂၇ | ၃၀၄ | ၁၀.၁ | ၃၃ | ၂၄ | ၂၆၁၈၁၉ | ၁.၈၈ | ၄၉၂၂ |
| ၃ | ကမ္ဘောဒီးယား | ၁၄.၄ | ၈၀ | ၁၄ | ၃၆.၇ | ၁၈ | ၃၂ | ၃၂၁၇၇ | ၂.၀၇ | ၆၄၃ |
| ၄ | ထိုင်း | ၆၉.၉ | ၆၆ | ၃၆၆ | ၁၂.၄ | ၅၁ | ၄၁ | ၄၄၃၆၄၃ | ၂.၄၀ | ၁၀၆၄၇ |
| ၅ | ဖိလစ်ပိုင် | ၉၆.၅ | ၅၁ | ၂၅၀ | ၁၂.၈ | ၃၀ | ၄၁ | ၅၂၂၅၇၀ | ၃.၄၇ | ၁၈၁၃၃ |
| ၆ | လာအို | ၆.၄ | ၆၆ | ၉ | ၃၀.၈ | ၂၃ | ၁၀ | ၃၁၄၉၆ | ၅.၈၇ | ၁၈၄၈ |
| ၇ | အင်ဒိုနီးရှား | ၂၄၄.၈ | ၄၉ | ၈၇၈ | ၁၄.၇ | ၁၈၁ | ၃၀ | ၈၆၇၈၂၂ | ၅.၉၃ | ၅၁၄၆၁ |
| ၈ | ဗီယက်နမ် | ၈၉.၇ | ၆၉ | ၁၄၂ | ၂၁.၃ | ၃၁ | ၃၅ | ၄၁၇၄၃၆ | ၆.၁၅ | ၂၅၆၇၂ |

Source –FAO Statistics, Agricultural in Brief 2015; http://data.world bank.org/data.catalogue/ed.stats

*** စိုက်ပျိုးမွေးမြူရေးဘွဲ့ရများအပြင် အခြားဆက်နွယ်သော ဘာသာများ ပါဝင်နိုင်ပါသည်။**

ငါးလုပ်ငန်း၊ ဇီဝနည်းပညာ၊ စိုက်ပျိုးစီးပွားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ပတ်ဝန်းကျင် သိပ္ပံပညာ၊ အစားအသောက်သိပ္ပံနှင့် နည်းပညာ၊ သတင်းအချက်အလက်နည်းပညာ၊ မွေးမြူဆေးကုသရေးပညာ စသည်ဖြင့် စုံလင်လှပါသည်။

ကျွန်တော်တို့နိုင်ငံတွင်မူ စိုက်ပျိုးရေးနှင့်မွေးမြူရေး ပညာဘွဲ့ပေးသော စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များမှာ တစ်ခုစီသာရှိပြီး အသက်မွေးဝမ်းစီးပွားရေးတက္ကသိုလ်များ များပြားနေချိန်တွင် မြန်မာ့စိုက်ပျိုးရေးနိုင်ငံ၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် တခုစီသာရှိနေခြင်းမှာအနာဂတ်စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မကွေးယင်းချောင်းတံတားထိပ်က ဆရာစံနှင့် သခင်ဖိုးလှကြီးရုပ်တုများကို ပြုပြင်မွမ်းမံရန် လိုအပ်

**မကွေး ဇန်နဝါရီ ၆**

နယ်ချဲ့ဗြိတိသျှတို့ကို ဆန့်ကျင်တိုက်ခိုက်သော လူထုလှုပ်ရှားမှုများအနက် တောင်သူ လယ်သမားအရေးတော်ပုံနှင့် (၁၃၀၀) ပြည့် အရေးတော်ပုံတို့သည် အကြီးမားဆုံးနှင့် အပြင်းထန်ဆုံး လူထုလှုပ်ရှားမှုကြီးများဖြစ်ခဲ့သည်။ ယင်းအရေးတော်ပုံကြီးများမှ တောင်သူလယ်သမားခေါင်းဆောင် ဆရာစံနှင့် အလုပ်သမားခေါင်းဆောင် အာဇာနည် သခင်ဖိုးလှကြီးတို့မှာ အထူးထင်ရှားလှသည်။

(၁၉၃၈) ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော (၁၃၀၀) ပြည့် လူထုအရေးတော်ပုံကြီး၌ မကွေးမြို့သည် သမိုင်းယှက်နွယ်ခဲ့ဖူးသော မြို့တစ်မြို့ဖြစ်ခဲ့သည်။

ထို့ပြင် ပန်းခြံထဲတွင်လည်း ပန်းပင်နှင့် တူသောအပင်ဟူ၍ မတွေ့ရဘဲ ကျွဲနွားများကျောင်းရန် စားကျက်မြေ၊ ခရီးသွားများ အပေါ့အလေးသွားရာမြေ အဖြစ် စိတ်မကောင်းဖွယ်ရာ မြင်တွေ့နေရသည်။

ယင်းပန်းခြံကြီးနှင့် အာဇာနည်ရုပ်တုကြီးများကို သက်ဆိုင်ရာမှ အမြန်ဆုံး ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း ဒေသခံများက ပြောသည်။

**ကျော်စွာ(မကွေး)**



## မူလတန်းကျောင်းဆောင်သစ်ထားဝယ်၌ ဖွင့်

**ထားဝယ် ဇန်နဝါရီ ၆**

လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ထားဝယ်မြို့ အိုးလုပ်ရပ် အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါ ကျောင်းသစ်ရှေ့၌ ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ဧပြီ ၃၀ ရက်က အိုးလုပ်ရပ်ကွက် မီးလောင်ကျွမ်းမှု ဖြစ်ပွားသည့်အတွက် အိမ်ခြေ ၅၁ လုံးနှင့်အတူ ပါဝင်ဆုံးရှုံးခဲ့သည့် အိုးလုပ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းကို ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဦးဆောင် ဆောက်လုပ်ခြင်းဖြစ်သည်။ ယခုဖွင့်လှစ်သော ကျောင်းဆောင်သစ်သည် ပေ(၇၀×၄၀×၃၆) သွပ်မိုး RCC သုံး ထပ်ဖြစ်ပြီး တန်ဖိုး ငွေကျပ် ၁၅၁၈ ဒသမ ၅ သိန်း အကုန်အကျခံ၍ ကနောင်အေးရှားကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## ကန်ပက်လက်၌ လွတ်လပ်ရေးအခမ်းအနားကျင်းပ

**ကန်ပက်လက် ဇန်နဝါရီ ၆**

(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ကန်ပက်လက်မြို့အထွေထွေအုပ်ချုပ်ရေးရုံး ရွှေမြက်ခင်းပြင်၌ ဇန်နဝါရီ ၄ ရက်က ကျင်းပရာ အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ ပေးပို့သော (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ညောင်ဦးမြို့ ဗူးဘုရားသို့ ဘုရားဖူးလာသူများပြား၍ လှေဆိပ်၌ စက်လှေများ များပြား

**ညောင်ဦး ဇန်နဝါရီ ၆**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဒေသသို့ ပြည်တွင်း ပြည်ပ ဘုရားဖူးဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ပုဂံညောင်ဦးမြို့၏ အထင်ကရ သမိုင်းဝင်ဆုတောင်းပြည့် စွယ်တော်လေးဆူဖြစ်သည့် တုရင်တောင် စွယ်တော်မြတ်စေတီ၊ လောကနန္ဒာ စွယ်တော်မြတ်စေတီ၊ ရွှေစည်းခုံစွယ်တော်မြတ်စေတီနှင့် တန့်ကြည်တောင်စွယ်တော်မြတ်စေတီများသို့ အများဆုံး သွားရောက်ဖူးမြော်ကြလေ့ရှိကြောင်း သိရသည်။

အဆိုပါ ဆုတောင်းပြည့်စွယ်တော်လေးဆူသို့ နေ့စဉ်ပြည်တွင်း၊ ပြည်ပဘုရားဖူး ဧည့်သည်များ စက်လှေများဖြင့် သွားရောက်ကြည်ညိုကြသဖြင့် အထူးပင်စည်ကားနေကြောင်း စက်လှေဆိပ်ရှိ လုပ်ငန်း ရှင်များထံမှ သိရသည်။



"ကျွန်တော်တို့ ပုဂံညောင်ဦးမှာ ခရီးသွားရာသီချိန်ကို အမှီပြုပြီး စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ စီးပွားရေးလုပ်ကိုင်နေကြရတာပါ။ ပြီးတော့ ခရီးသွားရာသီကလည်း ခြောက်လလောက်ပဲရှိတာ။ အခုအချိန်ကတော့ ပြည်တွင်း ပြည်ပ ဘုရားဖူးတွေ အများအပြား လာရောက်တဲ့အချိန်ပါ။ ပုဂံခေတ် ယဉ်ကျေးမှုအမွေအနှစ်တွေကို ပြည်တွင်းဘုရားဖူးဧည့်သည်တွေသာမက ပြည်ပနိုင်ငံတွေက နိုင်ငံခြားသားတွေလည်း အများအပြား လာရောက် လည်ပတ်နေကြတာတွေ့ရပါတယ်။ စက်လှေပို့ဆောင်ခကတော့ တန့်ကြည်တောင် စွယ်တော်ဆိုရင် မနက်ပိုင်းဈေး နှုန်း ကစင်းလုံးငှားဆိုရင် ငွေကျပ် ၃၅၀၀၀ ထိရှိပါတယ်။ ညနေပိုင်းဆိုရင် ငွေကျပ် ၂၀၀၀၀ နဲ့ ပို့ဆောင်ပေးနေပါတယ်။ ဒါပေမယ့် ဘုရားဖူး ဧည့်သည်တွေအနေနဲ့ လူစုပြီး သွားမယ်ဆိုရင်တော့ ကျွန်တော်တို့ စက်လှေသမားတွေကလူအယောက် (၅၀၊ ၆၀) လောက်ရရင် ပို့ဆောင်ပေးပါတယ်။ အဲဒါဆိုရင် ဘုရားဖူး ဧည့်သည်တစ်ယောက်ကို ငွေကျပ် ၁၀၀၀ နှုန်းပဲကုန်ကျတာပါ။ ဒါ့အပြင် ညနေဆည်းဆာအလှကို ခံစားရင်း မှတ်တမ်းဓာတ်ပုံရိုက်တဲ့ နိုင်ငံခြားသားဧည့်သည်တွေကိုတော့ အချိန်နဲ့တွက်ပြီး ဈေးနှုန်းသင့်သလိုပို့ဆောင်ပေးပါတယ်။ အခုလိုခရီးသွားရာသီချိန်ကတော့ ကျွန်တော်တို့ ဗူးဘုရား အနီးမှာရှိတဲ့ စက်လှေဆိပ်ကနေ့စဉ် ပြည်တွင်း ပြည်ပဘုရားဖူးဧည့်သည်တွေနဲ့ အထူးပင် စည်ကားပါတယ်"ဟု ယင်းစက်လှေဆိပ်မှ စက်လှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ရမည်းသင်း၌ မြန်မာ့စီးပွားရေးဘဏ်ရုံးသစ်ရာနှုန်းပြည့်ပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ရုံးသစ်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနခွင့်ပြု ငွေကျပ်သိန်း ၁၂၆၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ရာ ဇန်နဝါရီ ၃ ရက်က တည်ဆောက်နေမှုလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

အဆောက်အအုံသစ်မှာ တောင်မြောက် ပေ ၆၀၊ အရှေ့အနောက် ပေ ၄၀၊ အမြင့် ၂၆ ပေရှိပြီး အာစီနှစ်ထပ်ဖြစ်သည်။

ရုံးဖွင့်ခွင့်ရရှိပါက ယခုယာယီဖွင့်လှစ်ထားသည့် ဝင်းသူဇာအရောင်းဆိုင်မှ ရုံးသစ်သို့ ပြန်လည်ရွှေ့ပြောင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း AME ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**(၀၁၁)**

## (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ ညောင်ရွှေမြို့၌ ကျင်းပ

**ညောင်ရွှေ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက်က(၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဇေလှက ဖတ်ကြားသည်။

ထို့နောက်အဆိုပါကွင်း၌ ပြေးခုန်ပစ်ကစားပြိုင်ပွဲများ ပြုလုပ်ရာ မီတာ ၁၀၀၀၀ အားကစားပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရ အားကစားသမားများကို UBK သောက်ရေသန့် လုပ်ငန်းရှင် ဦးဘုန်းကြွယ်က ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၀၅၄)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးတန်းမော်တော်ယာဉ်နှင့်လုံခြုံရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် မီးတန်းလုံခြုံရေးမော်တော်ယာဉ် ၄၅ စီးရရှိပြီး တစ်မြို့နယ်လျှင် တစ်စီးနှုန်းဖြင့် လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီးမြင့်ထွေး၊ မင်္ဂလာတောင်ညွန့် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်တို့၏ကြီးကြပ်မှုဖြင့် နေ့ဘက်တွင် ရဲအုပ်ဝင်းထွန်းနှင့် အဖွဲ့သည် မင်္ဂလာတောင်ညွန့် မြို့နယ်ရှိရပ်ကွက် ၂၀ လူစည်ကားသောနေရာများသို့ လှည့်လည်ပြီး ညဘက်တွင်နယ်ထိန်းခေါင်းဆောင်ရဲအုပ်သန်းဝင်းနှင့်အဖွဲ့သည် မြို့နယ် သုံးမြို့နယ်ကို ယာဉ်သုံးစီးဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် ရန်ကုန်မြို့အတွင်း မီးတန်းမော်တော်ယာဉ် လှည့်ကင်းများဖြင့် ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဆုပေးပွဲကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၆**

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(TSDP)အရ ကျင်းပသည့် လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘီလိယက်နှင့် စနူကာ၊ မီနီမာရသွန်၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်ညနေပိုင်းက ဇွဲမာန်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင်ဆုရရှိကြသည့် အားကစားသမားများကို ပြည်နယ်အား/ကာ ဒုတိယညွှန်ကြားရေးမှူးဦးအေးလွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီအဖွဲ့ဝင်များက ဆုဖလားနှင့်ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါအားကစားပြိုင်ပွဲကိုဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကံမမြို့၌ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲကျင်းပ

**ကံမ ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ ပြည်သူ့အားကစားကွင်း၌ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် မြို့ပေါ်ရပ်ကွက်များနှင့်ကျေးရွာအချို့အား ကိုယ်စားပြု၍ အမျိုးသမီးငယ် ၁၅ ဦးပါဝင်ယှဉ်ပြိုင်ပြီး ဆုရရှိသူများကို မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ဌေးဌေးလွင်နှင့် တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**





ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ခြင်းလုံးအားကစားအဖွဲ့မှ (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်က ရွှေညောင်ပင်မြို့မခြင်းလုံးအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ ရွှေတံဆိပ်များရှင် မသူဇာအောင်၏ တစ်ပင်တိုင်ခြင်းလုံးစွမ်းရည်ပြသနေစဉ်။ ပုသိမ်လှကြည်

## ဒိုက်ဦးမြို့၌ စက်ရေတွင်းဖွင့်ပွဲကျင်းပ

**ဒိုက်ဦး ဇန်နဝါရီ ၆**

ကြိမ်နီချောင်းကျေးရွာစက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကြိမ်နီချောင်းကျေးရွာရှိစက်ရေတွင်းမုခ်ဦး၌ ကျင်းပသည်။

စက်ရေတွင်းသည် တွင်းနက်အမျိုးအစားဖြစ်ပြီး ရေဂါလန် ၂၀၀၀ ဆံ့အုတ်ကန်ဖြင့် အားကောင်းသောအင်ဂျင်၊ ဒိုင်နမို၊ ရေမြှုပ်ပန့်နှင့်မော်တာများ တပ်ဆင်ပေးထားကာရေထွက်နှုန်း ၁၅၀၀ ဂျီပီအိတ်ချ်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေ ၉၇ သိန်း ငါးသောင်းဖြင့် ဆောင်ရွက်ပေးခဲ့သောကြောင့် ကြိမ်နီချောင်းကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်

**လွယ်ဂျယ် ဇန်နဝါရီ ၆**

ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက လွယ်ဂျယ်မြို့ အောင်သီရိရပ်ကွက် အမှတ် ၁၇ လမ်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းကွန်ကရစ်လမ်းသစ်အတွက် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ခွင့်ပြုငွေကျပ် ၄၅ သိန်းမတည်၍ ရပ်မိ/ရပ်ဖ ပြည်သူလူထုထည့်ဝင်ငွေ ငွေကျပ်သိန်း ၂၈၀ စုစုပေါင်း ၃၂၅ သိန်းကုန်ကျခဲ့ပြီး လမ်းအရှည် ၇၅၆ ပေ၊ အကျယ်၂၄ ပေရှိ ကွန်ကရစ်လမ်းဖြစ်သည်။ အဆိုပါလမ်းသည် အောင်သီရိရပ်ကွက်နှင့် အောင်ချမ်းသာ ရပ်ကွက်တို့ကို ဆက်သွယ်ထားရာ လွယ်ဂျယ်မြို့နေပြည်သူများ၏ ကူးသန်းသွားလာမှုအတွက် များစွာ အထောက်အပံ့ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ရင်မြိမ်းပန်း(လွယ်ဂျယ်)**

# ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့မှုနှင့် ယနေ့ခေတ်အခြေအနေ

မြန်ဂုဏ်ဆောင်

လူတစ်ဦး၏အထွတ်အထိပ်ထားရာဦးခေါင်းသည် အမြင့်မြတ်ဆုံးကိုဆောင်သည်။ လူတစ်ယောက်ကို အနီးအဝေးမှလှမ်းကြည့်ပါက ဦးခေါင်းကိုသာ အဓိက ထား၍ကြည့်ကြသည်။ လူ့ခန္ဓာကိုယ်တွင် ဦးခေါင်းကသာ အထွတ်အမြတ်ဖြစ်၍ မြန်မာအမျိုးသမီးတိုင်းက လွန်ခဲ့သောနှစ်တစ်ရာကာလကြာ ဆံကေသာအလှကို တသသထားခဲ့ကြသည်။

ရှေးခေတ်မြန်မာအမျိုးသမီးများ၏ ဆင်ယင်ထုံးဖွဲ့မှုတွင်-

"ဦးစွန်းကိုမပယ်ရ၊ ဆံညွန့်ကိုမဖြတ်ရ" ဟူ၍ ရှေးမိတို့ဖတို့က သွန်သင်ဆုံးမခဲ့မှုအပေါ် နားထဲမှ မထွက်နိုင်အောင်ဖြစ်ရသည်။ နာယူမှတ်သားမှု အပြည့်အဝပြုခဲ့ကြသည်။ ဆံပင်၏အရှည်အတိုင်းအတာအပေါ် ဂုဏ်ယူသည်။ ပိတုန်းရောင်ကေသာကို စွဲတသသ ဖြစ်သည်။

"မိန်းမတို့ဘုန်းဆံထုံး၊ မိန်းမတို့အိန္ဒြေရွှေပေး၍မရ၊ ခြေတစ်လှမ်း ကုဋေတစ်သန်း"ဟူ၍ ပြောဆိုကာ မြန်မာအမျိုးသမီးများကို နေရာပေးဂုဏ်တင်ခဲ့ကြသည်။

မိန်းမတို့၏ ကြန်အင်လက္ခဏာတွင် ဆံပင်၏ ကောင်းခြင်းက တစ်ပါးဖြစ်သည်။

ဆံပင်၏အလှကိုခြယ်သရာတွင်၊ ဆံထုံးထုံးဖွဲ့ရာတွင် "ဆံထုံးတော်ကြီး တမာသီး"ဟူသည့် ရေသည်ပြဇာတ်က ရေသည်မ၏ဆံထုံးမဟုတ်၊ ကောလိပ်ဆံထုံး၊ ဘီအေဆံထုံးအဖြစ် ဆံစုများထည့်၍ အရွယ်ပမာဏကြီးမားအောင် ထိပ်ကားကားထုံးဖွဲ့သည်။ လက်ယာဘက်ဘေးတွင် ဆံမြိတ်တိုလေးများ ချထားသည်။

အချို့က ဆံမြိတ်တိုတိုကို ပြန်ခေါက်သွင်းကာ ဆံမြိတ်တွင်းပြုလုပ်၍ချထားတတ်သည်။ ဆံထုံးထုံးရာတွင် မိမိ၏ဆံပင်ကို ဦးခေါင်းထိပ်လယ်၌စု၍ စည်းနှောင်ကြသည်။ ဆံပင်နည်းနည်းသာပေါက်သူများက ဆံစုများထည့်၍ ချည်နှောင်ကြသည်။ ဆံစုပေါင်သည်။ ဆံပင်စုစည်းထားသည့်ရှေ့တွင် ဘီးငယ်ကလေးများကို စိုက်ထားသည်။ ဆံထုံးကြီးစေလိုပါက ဘီးကြီးကြီး၊ ဘီးနှစ်ချောင်းသုံးချောင်းသုံး၍စိုက်သည်။ ဆံထုံးသေးစေလိုပါက ဘီးငယ်ငယ်သုံး၍စိုက်သည်။

ဆံကေသာထက်ကဘီးကို ဝါး၊ ဆင်စွယ်၊ လိပ်ခွံ၊ ကော်တို့ဖြင့်ပြုလုပ်ပြီး ဆံညှပ်များကိုထောင်၍ ထုံးဖွဲ့သည်။ အချို့က ဆံထုံးကိုအထက်ကား အောက်သေး ပုံသဏ္ဍာန်ဖန်တီး၍ ဆံထုံးထုံးသည်။ ဆံထုံးမှဘီးဆံစုကိုဖုံးစေရန် ဖဲပြားလိပ်ပြာပုံကို ချည်နှောင်ကြသည်။ ကောလိပ်ဆံထုံးဟူ၍လူသိများသည်။

ဆံပင်ကို ကျစ်ဆံမြီးတစ်ချောင်း၊ နှစ်ချောင်းဖြင့် ဦးခေါင်း၏တစ်ဖက်တစ်ချက်၊ နှစ်ချက်ပြုလုပ်၍ ဖဲပြားတပ်ဆင်ကြသည်။ တချို့က တစ်ပတ်လျှိုဆံထုံးထုံးလျက် ဆံမြိတ်ရှည်ချကြသည်။

မြန်မာအမျိုးသမီးများက ကျစ်ဆံမြီးချခြင်း၊ ဆံထုံးထုံးဖွဲ့ခြင်းကိုပြုလုပ်ကြသည်။ ငွေကြေးပြည့်စုံသူတို့က ဘီးတွင်ရွှေကွပ်၍ အလှဆင်ကြသည်။

"ဘီးရွှေကွပ်ပုံ ဆန်းလဲဆန်းလှတယ်" ဟူ၍ ကောလိပ်ကျောင်းသားများက စာချိုးစပ်ဆိုခဲ့ကြသည်။

"မိန်းကလေးများ၏ ဆင်ယင်ပုံမှာ ပြောဖွယ်ရာမရှိတော့ပေ။ သူ့ခေတ်အလျောက် အစွမ်းကုန်ခြယ်လှယ်၍ ကျောင်းတက်တော့၏။ အော်လံနှင့်တူသည့် ခါးသိမ် အထက်ကားဆံထုံးကြီးများမှာ နောက်ခုံတွင် ထိုင်သူများအတွက် ရှောင်ရတိမ်းရနှင့် မျက်စေ့နောက်စရာဖြစ်၏။ သို့သော် တစ်ခုတော့ကောင်းပါသည်။ ပဲလှော်စားပြီး ပဲလှော်ခွံများကိုထည့်ရန် အမှိုက်တောင်းသဖွယ်ဖြစ်၏"ဟု မန္တလေးတက္ကသိုလ် အငြိမ်းစားပါမောက္ခချုပ်ဦးလှရွှေ ရေးသားသည့် ဟိုတစ်ခါက စာအုပ်တွင် ဖော်ပြထားသည်။

"မိန်းကလေးများမှာ ပဒုမ္မာအင်္ကျီအဖြူ လက်ရှည် အနားကားဝတ်ဆင်ကြပါသည်။ လုံချည်မှာ နိုင်ငံခြားဖြစ်နှင့် ပြည်တွင်းဖြစ်များဝတ်ကြပါသည်။ လုံချည်အရောင်နှင့် ပိန်းတန်းဖိနပ်အရောင်လိုက်အောင် ဖက်ရှင် ဝတ်လေ့ရှိကြပါသည်။ နှုတ်ခမ်းနီးပါးနီမဆိုး။ ခေတ်ဆံ ပင်မကောက်၊ မဖြတ်၊ သနပ်ခါးဘဲကြားမလိမ်း။ ပါးမို့မှာ ပါးကွက်မတင်။ ရိုးရိုးယဉ်ယဉ်ဖီးလိမ်းတတ်ကြပါသည်။

နောက်တစ်နှစ်ပြီးတစ်နှစ် ဖရက်ရှာအချို့ အစုလိုက် ဆံထုံးမထုံးဘဲ ဆံပင်နောက်စည်းခြင်း၊ နောက်တွဲ ထုံးခြင်း၊ ဘီးနှင့်နောက်ပတ်ထားခြင်းများနှင့်သာ အတန်းတက်စပြုလာပါသည်။ အင်္ကျီပွရှည်လက်ကားတို့မှာလည်း တဖြည်းဖြည်း ခါးတိုလက်ကျဉ်းပုံသို့ ပြောင်းလာကာ ပဒုမ္မာသာမက ရှန်သားများလည်း ဝတ်ဆင်လာကြပါသည်။ ပင်နီအင်္ကျီ မဝတ်သလောက်ရှားပါသည်။ ကျွန်မသည် နေရှင်နယ်ကျောင်းထွက်ဖြစ်သဖြင့် ပင်နီဝတ်လေ့ရှိပါသည်။ နောင်နှစ်များတွင် ပင်နီအင်္ကျီဝတ်ခြင်း ဖက်ရှင်ဖြစ်လာသောအခါ ကျွန်မ ပင်နီမဝတ်တော့ပါ။ ပင်နီဝတ်တိုင်း မျိုးချစ်စိတ်ရှိ၍ မဟုတ်ကြောင်းသိလာပါသည်"ဟု ဆရာမကြီး ဒေါ်ခင် သိန်း၏ နှစ် ၅၀ ဆင်ယင်ထုံးဖွဲ့မှု တက္ကသိုလ်အမှတ်တရ ဝတ္ထုဆောင်းပါးစာအုပ်တွင် ဖော်ပြထားသည်။

(မှတ်မိသေးတယ်၊ မြသဇင်)

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလတွင် ကောလိပ်ကျောင်းသူများက ဆံထုံးကြီးများကိုမထုံးတော့ပါ။ ပွဲလမ်းသဘင်များ၊ အခမ်းအနားများတွင် ဆံပင်ကိုကုပ်ပေါ်တစ်ပတ်လျှိုထုံးလျက် ပိုသောဆံပင်ကို ညာဘက်ပခုံးပေါ်၌ ဆံမြိတ်ချသည်။ ထိုဆံပင်ထုံးဖွဲ့မှုကို ပူပုံပန်းဆံထုံးဟူ၍



**မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဆံကေသာအလှကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

သတ်မှတ်ကြသည်။

ပူပုံပန်းဆံပင်ပေါ်ပြီးနောက် ဒုတိယကမ္ဘာစစ်ဖြစ်ရာ ခေတ်ရှေ့ပြေးနိမိတ်ဟူ၍ သတ်မှတ်လိုက်ကြသည်။ ကောလိပ်ကျောင်းသူအမျိုးသမီးများက အင်္ကျီတိုကိုယ်ထည်ပွပွ လက်ပွပွလက်ရှည်ထားဝတ်ကြသည်။ အဖြူရောင် ဝိုင်ရှန်သားပဒုမ္မာပိတ်စကိုအသုံးများသည်။ ပဒုမ္မာပိတ်စတွင် တယော၊ ယစ်၊ မယ်ညို၊ ငွေသော့၊ မှန်ဘီဒိုတံဆိပ်များကို လူကြိုက်များသည်။ လျှော်လျှင်ပျော့နေသဖြင့် ကော်တင်၍မီးပူတိုက်လျှင် ပျော့သွားသည်။

အတွင်းခံအင်္ကျီက ရှင်မီးအတွင်းခံ အင်္ကျီရှည်ဖြစ်သည်။ ရှင်မီးအင်္ကျီကို ပိတ်တွင်ဇာကွပ်၍ဝတ်ကြသည်။ နောက်အရွယ်ရောက်သောအပျိုစင်များက ဇာဘော်လီများ ဝတ်ကြသည်။ အပေါ်အင်္ကျီကို ရင်ဖုံး၊ ရင်စေ့နှစ်မျိုးဝတ်ကြသည်။ ရင်ဖုံးအင်္ကျီတွင် ညာဘက်ဖုံး၊ ဘယ်ဘက်ဖုံးနှစ်မျိုးရှိသည်။ ပုသိမ်ဘက်မှအမျိုးသမီးများက အင်္ကျီကို ဘယ်ဘက်ဖုံးက ထမီကိုလည်း ဘယ်ဘက်ဖုံးဝတ်ကြသည်။

ရှေးမြန်မာအမျိုးသမီး ကုမ္မာရီတို့က အင်္ကျီလက်ရှည်ပွပွ၊ ခါးရှည်၊ ကိုယ်ထည်ကျယ်ကျယ်ကိုဝတ်သော်လည်း တဖြည်းဖြည်း ကိုယ်ထည်ကျပ်ကျပ်ကျဉ်းကျဉ်းများကို ဝတ်လာကြသည်။ အင်္ကျီစကုန်ကျစရိတ်သက်သာအောင် အစကိုချွေတာရာမှ ပုံစံသစ်ကိုတီထွင်လာကြသည်။

ပဒုမ္မာအထည်တစ်အုပ်လျှင် ကိုယ်ထည်ပွပွချုပ်က အင်္ကျီရှစ်ထည်ရရာမှ ကိုယ်ထည်ကျပ်ကျပ်ကျဉ်းကျဉ်းချုပ်ရာတွင် အင်္ကျီဆယ်ထည်ထိချုပ်နိုင်သည်။

ကောလိပ်ကျောင်းသူများက ၁၉၃၇-၁၉၃၈ ခုနှစ်ဝန်းကျင်တွင် ရှန်သားပဒုမ္မာစများဝတ်ဆင်၍ နိုင်ငံခြားဖြစ် အဝတ်အထည်များကို ဆန့်ကျင်တော်လှန်ခဲ့ကြသည်။ ပင်နီဝတ်ထည်များကိုလည်း နီမှိုင်းမှိုင်းအရောင်သာမက အစင်းအကွက်အဆင်မျိုးစုံကို ရက်လုပ်ဝတ်ကြသည်။

မိတ္ထီလာ၊ ဝမ်းတွင်း၊ မုံရွာ၊ အမရပူရ၊ ပခုက္ကူထည်များကို မန်ကျည်းစေ့ ကွက်ဖော်၍ ၁၉၃၆-၁၉၃၈ ခုနှစ်ကြား ကောလိပ်သပိတ်ခေတ်တွင် အမျိုးသားစိတ်ဓာတ်ဖြင့် နေရာယူခဲ့သည်။

နိုင်ငံခြားဖြစ်အဝတ်အထည်စများကို လက်ခံဝတ်ဆင်သူများသည် လုံချည်ကိုမူ မြန်မာ့ပြည်တွင်းဖြစ် ပိုးလုံချည်ကိုသာဝတ်ဆင်ကြသည်။ မြန်မာဖြစ်လုံချည်များတွင် မန္တလေးပိုး၊ ရွှေတောင်၊ အင်းလေး၊ ဗန်ကောက်၊ ဇင်းမယ်များ၊ အိန္ဒိယဖြစ် စူရတီလုံချည်၊ တရုတ်ဖြစ် ဖဲလုံချည်၊ အင်္ဂလန်ဖြစ် ပိုးပျော့လုံချည်များကို လုံချည် အောက်နား၌ ပန်းပွင့်များထိုး၍လည်းကောင်း လုံချည် တစ်ထည်လုံး ရောင်စုံပန်းများထိုး၍လည်းကောင်း၊ လုံချည်နံဘေးတွင် အမြိတ်ပန်းများထိုး၍ လည်းကောင်းဝတ်ကြသည်။

ဒုတိယကမ္ဘာစစ်မီး ၁၉၄၂ ခုနှစ်နောက်ပိုင်း ၁၉၄၅ ခုနှစ်တွင် ကောလိပ်ကျောင်းသူများ ဆံထုံးကြီးကြီးကားကား ထုံးဖွဲ့ခြင်းမျိုးမပြုတော့ပါ။ ဘီးကျော်ပတ်ပတ်လျက်၊ ဦးခေါင်းနောက်ဘက်တွင် နှစ်ပတ်လျှိုဆံထုံးထုံးလျက် ကျောင်းတက်ကြသည်။ အချို့က ဦးခေါင်းနောက်စေ့ပေါ်တွင် ဆံပင်ကိုစုစည်း၍ လက်ကိုဆံပင်အောက်ဘက်မှကိုင်ကာ ဆံပင်ကိုတစ်ပတ်ရစ်သည်။ ဆံထုံးမှပိုနေသော ဆံပင်ကို ဆံထုံး၌ပင် ပြန်ရစ်ပတ်ကြသည်။ ဆံမြိတ်ချလေ့မရှိပါ။ ဆံပင်ကို နှစ်ပတ်လိမ်၍လျှိုရသဖြင့် "နှစ်ပတ်လျှိုထုံး"ဟူ၍ခေါ်ကြသည်။

စစ်ဒဏ်လေးနှစ်ကြာခံရပြီးနောက် ခန္ဓာကိုယ်ကို ပြင်ဆင်ခြယ်သခြင်းမပြုကြတော့ဘဲ ရိုးရိုးယဉ်ယဉ် ပြင်ဆင်ကြသည်။ စစ်ပြီးနောက် နှစ်နှစ်ကြာသောအခါ ကောလိပ်ကျောင်းသူတို့က ဘီးခံဆံထုံးများမထုံးဖွဲ့ကြဘဲ ဆံပင်ကိုလိမ်လျက် အခွေပြုကြပြီး နောက်စေ့ပေါ်၌ ထုံးထားကြသည်။ ကျစ်ဆံမြီးကျစ်ကြသည်။ ဘီးကျော်ပတ်ကြသည်။ အချို့က ဆံပင်ကိုဖြတ်၍ အလိမ်အကောက်အမောက်များပြုကြသည်။

အမျိုးသမီးတို့က ဦးခေါင်းတွင် ဆံပင်ကိုအဖျားမှစလိပ်ပြီး ဦးခေါင်းအထိကပ်နေအောင်လိပ်ကာ အဝတ်နှစ်ဖက်ကိုချည်၍ ဆံပင်ခွေအဝိုင်းဖြစ်အောင်ပြုလုပ်ကြသည်။ အချို့က ပိတ်စအစား ဝိုင်ယာကြိုးစကို အသုံးပြုလာကြသည်။ အဆိုပါဆံပင်ထုံးဖွဲ့မှုက ဝိုင်းဝိုင်းပေါင်မုန့်နှင့်ဆင်တူ၍ ကြည်ဘန်းပုံဟူ၍ ခေတ်စားလာကြသည်။ ကျစ်ဆံမြီးနှစ်ခုကိုကျစ်ပြီး တစ်ဖက်မှတစ်ဖက်သို့ ကူးပြောင်းယှက်သွယ်မှုကြောင့် "မုန့်ကြိုးလိမ်ဆံပင်"ဟူ၍ ခေါ်ကြသည်။

၁၉၅၀ ပြည့်နှစ်နောက်ပိုင်း အနောက်နိုင်ငံများနှင့် ဆက်ဆံရာမှ မြန်မာအမျိုးသမီးတို့၏ ဆံကေသာဆင်ယင်မှု၊ ဆံပင်ထုံးဖွဲ့မှုများ ပြောင်းလဲလာသည်။ ဆံပင်ရှည်ထားပါက ခေါင်းဖီးရန်အချိန်ကြန့်ကြာ၍ ဆံပင်တိုဖြင့် အစားထိုး ပြင်ဆင်ကြသည်။ ဆံပင်ကိုဘီးဟိုက် (Bee Hive) ပျားအုံပုံသဏ္ဍာန်၊ ပိုနီတေး (Pony Tail) မြင်းမြီးပုံများခေတ်စားလာသည်။ အချို့ကဆံပင်ကို ပခုံးထိဖြတ်၍ ဖားလျားချကြသည်။ ဆံပင်အဖျားကို အိုမီဂါပုံကော့တက် အောင်ပြုကြသည်။ အချို့က ဖရင့်ခ်ျရိုး (French Roll) ပုံဆံပင်ကို ဒေါင်လိုက်ရှည်ရှည် ကလေးလိပ်ထားကြသည်။ ဆံပင်ကို နှစ်ပတ်လျှိုထုံး သူ၊ တစ်ပတ်လျှို ဆံမြိတ်ချသူများကို မြင်တွေ့ရသည်။

စစ်ပြီးခေတ်တွင် ကောလိပ်ကျောင်းသူများက လေထီးပိုးစများ ဝတ်လာကြသည်။ အင်္ကျီပုံစံကား မပြောင်းဘဲ ရင်ဖုံးအင်္ကျီ၊ လက်ရှည်အင်္ကျီများ ဝတ်လာကြသည်။ ရှိုးယားနိုင်လွန်၊ မှန်နိုင်လွန်၊ စိန်နိုင်လွန်စများဝတ်ဆင်ကြသည်။ နိုင်ငံခြားဖြစ် စီပီယာ၊ ဂျော်ဂျက်၊ ခရစ်နိုင်လွန်၊ ခရစ်ဂျော်ဂျက်၊ တက်ထရွန်စများကို အရောင်မျိုးစုံဖြင့်ဝတ်ဆင်လာကြသည်။

အင်္ကျီကရင်ဖုံးဖြစ်သော်လည်း ပုံစံအနည်းငယ်ပြောင်းလာသည်။ ရှေးက ရင်ဖုံးက အပေါ်ဘက်သေး၍ အောက်ဘက်၌ အနံကျယ်သည်။ ထောင့်ချိုးဖြစ်သည်။ ယခုအခါ အပေါ်ဘက်ကြီး၍ အောက်သို့သေးသွယ်သွားပြီး ထောင့်ချိုးနေရာတွင် အဝိုင်းရင်ဖုံးများဖြစ်လာသည်။

စစ်ပြီးခေတ်မြန်မာအမျိုးသမီးများက နိုင်ငံခြားဖြစ် ပိုးလုံချည်၊ ကေကေပိုး၊ ခရစ်ပိုး၊ ဖဲပြောင် (Satin)၊ ကတ္တီပါ (Velvet)၊ နှစ်ထပ်ဇာ (Embossed)နှင့် မြန်မာပိုးထည် ဇင်းမယ်၊ အင်းလေး၊ ဗန်ကောက်၊ မန္တလေးပိုးတို့ကို ဝတ်ဆင်လာကြသည်။

၁၉၆၀ပြည့်နှစ်နောက်ပိုင်းတွင် ကောလိပ်ကျောင်းသူများက ပိုးဖဲဝတ်ဆင်မှုနည်းသွားသည်။ တိုင်းရင်းဖြစ်ချည်ထည်၊ ရခိုင်လုံချည်၊ ကချင်လုံချည်နှင့် မုဒ်ုလုံချည်တို့ကိုဝတ်ဆင်ကြသည်။ နိုင်ငံခြားဖြစ် ချည်ဘရိုကိတ်၊ ဖဲဘရိုကိတ်၊ ပွင့်ရိုက်ချည်ထည်၊ ပါတိတ်များဝတ်ဆင်ကြသည်။

လုံချည်ဝတ်ဆင်ရာတွင် ထူးခြားလာပြီး တင်ပါးနေရာတွင် ကိုယ်လုံးနှင့်တန်ရုံ တင်ပါးပုံဒေါက်ခံ၍ချုပ်ကြသည်။ လုံချည်ဒူးဆစ်အောက်နားတွင် တစ်ဖက်နှင့်တစ်ဖက် တွယ်ချိပ်ဖြင့်တွယ်၍လည်းကောင်း၊ သီချုပ်၍လည်းကောင်း ဝတ်ဆင်ကြသည်။ ခန္ဓာကိုယ်ကိုထုပ်ပိုးထားသည့်သဏ္ဍာန်ဖြစ်၍ ခြေလှမ်းတုံ့နေသည်။

လွတ်လပ်ရေးရပြီးနောက် ကောလိပ်ကျောင်းသူများက အချိန်အခါနှင့်တစ်ပြေးညီ တက်ကြွမြန်ဆန်စွာ လှုပ်ရှားရုန်းကန်ရသဖြင့် လုံချည်ကိုတိုတိုဝတ်ဆင်ကြသည်။ ဘယ်ဘက်ခြေသလုံးဖုံးဝတ်ကြသည်။

လွန်ခဲ့သောနှစ် ရာစုတစ်ခုအတွင်း မြန်မာအမျိုးသမီးများဝတ်စားဆင်ယင်မှုနှင့် ဆင်ယင်ထုံးဖွဲ့မှုတွင် မြန်မာပီပီ မြန်မာဆန်ဆန် လှပယဉ်ကျေးစေရန် လိုအပ်ပါသည်။ ရှေးမိဘဘိုးဘွားများ လက်ထက်ကပင် "ဗိုင်းကောင်းကျောက်ဖိ" နေထိုင်ကျင့်ကြံသွားလာခဲ့မှု ဂုဏ်သိက္ခာကို အလေးကဲဖို့လိုသည်။

တစ်ခေတ်ပြီးတစ်ခေတ်ပြောင်းလဲမှု ခေတ်ရေစီးကြောင်းနှင့်အတူလိုက်ပါ၍ မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ပြောင်းလဲလာမှုကို အတိုင်းအတာတစ်ခု၊ စည်းကမ်းဘောင်တစ်ခုအတွင်းမှာသာ လက်ခံသင့်သည်။ အရှေ့တိုင်းယဉ်ကျေးမှု၊ အနောက်တိုင်းယဉ်ကျေးမှုမတူညီသော အခြေခံအကြောင်းရင်းခံတို့ကို လေ့လာထားဖို့လိုသည်။ ခေတ်နှင့်မညီသော လိုက်ပါပြောင်းလဲမှုများကို ရှောင်ကြဉ်ထိန်းသိမ်းဖို့လိုသည်။

မြန်မာ့ယဉ်ကျေးမှုနေရာတွင် သဘာဝလေ့စရိုက်နှင့်မဆန့်ကျင်သော ကိုရီးယားဇာတ်လမ်းတွဲများကို ကြည့်၍ ကိုရီးယားယဉ်ကျေးမှုများကို အစားထိုးလာကြသည်။ ယခင်မြန်မာမလေးများ ခြေသလုံးမပေါ်အောင် ဖုံးဖိဝတ်ဆင်မှုက ယခုအခါ ခြေသလုံးအထက်ပေါ်ကိုဖော်၍ အရှက်အကြောက်ကင်းမဲ့လာကြသည်။ မြန်မာအမျိုးသမီးများ အမျိုးသားစီးစက်ဘီး ပေါင်တန်းပေါ်လွှား၍ စက်ဘီးစီးစဉ်မြင်ရသော ခြေသလုံးကိုကြည့်၍ ရင်ဖိုခဲ့ရသော အနေအထားလည်း ပျောက်ကွယ်ခဲ့ရပြီ။ မလုံမလဲ၊ ကျပ်ကျပ်ထုပ်ထုပ်ဝတ်ဆင်မှု၊ ပေါ်နိုင်သမျှပေါ်အောင်ဝတ်မှု၊ ခန္ဓာကိုယ်လုံးကို ကျပ်ကျပ်တည်းတည်း ရုပ်လုံးပြသမှုများက ကျေးလက်ဒေသတိုင် ထိုးဖောက်ဝင်ရောက်နေကြသည်။ ကျေးလက်ပျိုဖြူတို့က မြို့ကြီးသူဆန်လာသည်။

ဝတ်စားဆင်ယင်မှုကို ကြည့်ရုံဖြင့် မြန်မာမိန်းကလေးမှန်းသိအောင် ဝတ်စားဆင်ယင်ထုံးဖွဲ့ဖို့လိုသည်။ ကျီးမဟုတ်၊ ဘုတ်မဟုတ်၊ အောက်ကလိအောက်ကလာဖြစ်ဖို့မလိုပါ။ ဖားတစ်ပိုင်း ငါးတစ်ပိုင်းဖြစ်ဖို့မလိုပါ။ ပထွေးကို အဖေခေါ်ချင်သော နိုင်ငံသားမျှော်သမားမဖြစ်ဖို့လိုသည်။

ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးတို့ ပကတိတည်ငြိမ်ရင့်ကျက်သော ရိုးရာဆင်ယင်ထုံးဖွဲ့မှုကို ယနေ့ခေတ်မြန်မာမလေးများ အသက်ချင်းဆက်၍ ဆက်၍ ထိန်းသိမ်းကြဖို့လိုပါပြီ . . . . .။

# ထိပ်တန်းအသင်းတွေ အပြိုင်ဂိုးသွင်းပြဦးမယ့် လာလီဂါပွဲစဉ် (၁၉)

မိုးမြင့်လင်းလက်

***ဒီတစ်ပတ်ရဲ့ စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဇန်နဝါရီ ၉ ရက်နဲ့ ၁၀ ရက်တွေမှာ လာလီဂါပွဲစဉ်(၁၉) ကို ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေဖြစ်တဲ့ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်တို့ရဲ့ အမှတ်ပြည့်ရယူဖို့အတွက် တိုက်စစ်ဖွင့်ကစားဟန်တွေကို ရင်သပ်ရှုမောဖွယ်ရာ မြင်တွေ့ခံစားကြရဦးမှာဖြစ်ပါတယ်။ ဒါ့အပြင် အိမ်ကွင်းမှာအောင်ပွဲခံနိုင်ဖို့အတွက် ခြေကုန်ထုတ်လာကြမယ့် ဂီတာဖေး၊ ဆီဗီလာအသင်းတွေရဲ့စွမ်းဆောင်မှုတွေကိုလည်း အားပေးကြရပါဦးမယ်။***



**ဘာစီလိုနာနှင့် ဂရန်နာဒါ**

ပွဲတိုင်းတိုက်စစ်စွမ်းရည်မြင့်မားကြောင်း ပြသဖို့ကြိုးစားနေတဲ့ ဘာစီလိုနာတို့ဟာ အခုပွဲမှာလည်း ဂိုးပြတ်သွင်း အောင်လံလွှင့်ဖို့ အားထုတ်လာဦးမှာ သေချာပါတယ်။ လူစုံပါဝင်ကစားဖို့ရှိနေတဲ့ ဘာစီလိုနာဟာ အိမ်ကွင်းလည်း ဖြစ်နေတာမို့ ဂရန်နာဒါတို့ အသက်ရှူမှားအောင် ခုခံကာကွယ်ရဖို့ရှိနေပါတယ်။ တန်းဆင်းဇုန်အတွင်း ကျဆင်းနေတဲ့ ဂရန်နာဒါတို့အတွက် အခုပွဲမှာလည်း ဂိုးပြတ်မရှုံးအောင်ကလွဲပြီး ကျန်တဲ့မျှော်လင့်ချက်ထားလို့မရတဲ့ပွဲပါပဲ။ ဘာစီလိုနာတို့အတွက်ကတော့ အိမ်ကွင်းမှာ ဘယ်သူတွေ ဟက်ထရစ်သွင်းမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**ရီးရဲမက်ဒရစ်နှင့် ဒီပိုတီဗို**

၂၀၁၄ ခုနှစ်မှာ ဒီပိုတီဗိုအသင်းကို ရှစ်ဂိုးအထိသွင်းယူထားခဲ့ဖူးတဲ့ ရီးရဲမက်ဒရစ်ဟာ အခုပွဲမှာ အဲဒီစံချိန်ကိုချိုးနိုင်မလား အကဲခတ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ တိုက်စစ်စွမ်းရည်ထက်မြက်နေတဲ့ ရီးရဲမက်ဒရစ်တိုက်စစ်ကလည်း ပွဲတိုင်းဂိုးတွေသွင်းယူနေပြီး အကောင်းဆုံးတိုက်စစ်ဖြစ်ကြောင်း ပြသနေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုမှတ်တမ်းကိုကြည့်ရင် ရီးရဲမက်ဒရစ်တို့ကချည်း နိုင်ပွဲတွေရရှိခဲ့တာမို့ အခုပွဲမှာလည်း အနိုင်ရရှိရေးထက် ဂိုးများများသွင်းယူနိုင်ရေးကို ပိုပြီးအာရုံစိုက်သွားပါလိမ့်မယ်။

**ဆီဗီလာနှင့်ဘီလ်ဘာအို**

ဆီဗီလာရဲ့ခြေစွမ်းက တက်ရိပ်ပြန်ပြလာတာမို့ ဒီပွဲမှာ အနိုင်ရရှိရေးခံစစ်အခြေပြုတိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ ဘီလ်ဘာအိုတို့ကလည်း ခံစစ်ပိုင်းမာကျောအောင် ပြုပြင်ပြီးပွဲတိုင်းအမှားနည်းအောင်ကစားနေပါတယ်။ ဆီဗီလာတို့က ရှစ်ပွဲဆက်တိုက် အမှတ်ဆုံးရှုံးမှုမရှိအောင် စွမ်းဆောင်ထားနိုင်တာက အသိအမှတ်ပြုစရာဖြစ်နေပါတယ်။ ကစားအားရော စိတ်ဓာတ်ပိုင်းပါ တိုးတက်လာတဲ့ ဆီဗီလာရဲ့ကြိုးစားမှုကို ဒီပွဲမှာအသိအမှတ်ပြုပေးရမှာ ဖြစ်ပါတယ်။

**ဂီတာဖေးနှင့် ဘက်တစ်**

အခုတလောခြေစွမ်းကျဆင်းနေတဲ့ ဂီတာဖေးတို့ အိမ်ကွင်းမှာနိုင်ပွဲကို ပြန်လည်ပုံဖော်နိုင်မလားဆိုတာ ရင်ပူစရာတော့ကောင်းနေပါတယ်။ ဂီတာဖေးဟာ လေးပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးနေပြီး အမှတ်တွေဆုံးရှုံးနေတာကို ရပ်တန့်ဖို့အတွက် အခုပွဲမှာတော့ အကောင်းဆုံးပြင်ဆင်မှုတွေနဲ့ ပွဲထွက်လာမှာဖြစ်ပါတယ်။ ခက်တာက ဘက်တစ်တို့ဟာ ဂီတာဖေးကို ဘယ်လိုကစားရမယ်ဆိုတာ သိရှိနေတာမို့ အိမ်ရှင်တို့ခြေကုန်ဖွင့်မှ အမှတ်မျှော်လင့်ချက်ထားနိုင်မယ့်ပွဲပါပဲ။

**လီဗန်တေးနှင့် ဗယ်လီကာနို**

နှစ်သင်းစလုံးတန်းဆင်းဇုန်ထဲကျဆင်းနေတဲ့အနေအထားမှာ တွေ့ဆုံကြတဲ့ပွဲဖြစ်တာမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ တစ်မှတ်ရရင်ပဲ နှစ်သင်းစလုံးအတွက် အကျိုးရှိမှာမို့ အနိုင်မခံ၊ အရှုံးမပေးဘဲ ဒီပွဲမှာ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ အပြင်းအထန်အားထုတ်ကြမှာပါ။ လီဗန်တေးနဲ့ဆုံတိုင်း ဗယ်လီကာနိုတို့ ရှုံးပွဲမရှိအောင်ကစားနိုင်ခဲ့တာတွေက သတိပြုစရာဖြစ်နေတာမို့ အိမ်ကွင်းဆိုပေမယ့် လီဗန်တေးတို့ သိပ်တော့မလွယ်ပါဘူး။ ဒါ့အပြင် လီဗန်တေးတိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ အခုပွဲမှာ ဧည့်သည်ဗယ်လီကာနိုတို့ အခက်အခဲကြားက အောင်ပွဲခံသွားဖို့ အခွင့်အရေးရသွားနိုင်ပါတယ်။




## မန်ယူကိုရောက်နိုင်တဲ့ ဂါးရက်ဘေးလ်

ခုနစ်လတာကိုင်တွယ်ခွင့်ရခဲ့တဲ့ နည်းပြရာဖေးလ်ဘင်နီတက်ဇ်ကို ရီးရဲမက်ဒရစ်က အလုပ်ဖြုတ်လိုက်ပြီးတဲ့နောက် ကမ္ဘာ့ပြောင်းရွှေ့ကြေးဈေးအကြီးဆုံး ကစားသမား ဂါးရက်ဘေးလ်ကို မန်ယူကိုခေါ်ယူဖို့ အခွင့်အလမ်းတွေပွင့်လန်းလာပြီလို့ဆိုပါတယ်။ ဂါးရက်ဘေးလ်အနေနဲ့ ဘင်နီတက်ဇ်ရဲ့ လက်ထက်မှာ အတော်လေးစိတ်ရှုပ်သည်းခံခဲ့ရတယ်လို့ဆိုပါတယ်။ ခုနစ်လကြာတာဝန်ထမ်းဆောင်ခဲ့တဲ့ စပိန်နိုင်ငံသား ရာဖေးလ်ဘင်နီတက်ဇ်ကို အလုပ်ဖြုတ်လိုက်ပြီး ကမ္ဘာကျော်ဘောလုံးသမားဟောင်း ဇီဒန်းကိုခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ပါတယ်။ ပြင်သစ်နိုင်ငံသား ဇီဒန်းဟာ ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့တဲ့ ကမ္ဘာကျော်ဘောလုံးသမားတစ်ဦးဖြစ်ပါတယ်။ ရီးရဲမက်ဒရစ်အသင်းမှာ ဇီးဒန်းနည်းပြဖြစ်သွားပြီးတဲ့နောက် ရာသီအကုန်မှာ ဂါးရက်ဘေးလ်ကို မန်ယူကိုရောင်းထုတ်ဖို့အလားအလာရှိနေပါတယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်းမှာလည်း ဇီဒန်းက ချယ်လ်ဆီးအသင်းကိုရောက်နေတဲ့ အီဒင်ဟာဇတ်ကိုခေါ်ယူဖွယ်ရှိနေတယ်လို့ ဆိုပါတယ်။ မန်ယူအနေနဲ့လည်း ဂါးရက်ဘေးလ်ကိုခေါ်ယူဖို့ စိတ်အားထက်သန်မှုတွေရှိနေတယ်လို့ဆိုပါတယ်။ ရာသီအကုန်မှာ ရီးရဲမက်ဒရစ်က ထွက်ခွာနိုင်တဲ့ ဂါးရက်ဘေးလ်ကို မန်ယူက အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။ စပိန်ထိပ်သီးကလပ် ရီးရဲမက်ဒရစ်ကတော့ မော်ရင်ဟိုကိုကျော်ပြီး ဘင်နီတက်ဇ်နေရာမှာ လူငယ်အသင်းနည်းပြ ဇီဒန်းကိုပဲရွေးချယ်လိုက်တယ်လို့ဆိုပါတယ်။ ဂါးရက်ဘေးလ်နဲ့ဘင်နီတက်ဇ်တို့ အဆင်ပြေသော်လည်း စပိန်သားဘင်နီတက်ဇ် ထွက်ခွာမှုကြောင့် ဂါးရက်ဘေးလ်လည်း မန်ယူကိုရောက်ဖို့ အလားအလာများစွာရှိနေတာဖြစ်ပါတယ်။

## ဒီနှစ်မှာပဲ ဖလားရအောင် ကစားမယ်ဆိုတဲ့ ဇီဒန်း

ရီးရဲမက်ဒရစ်အသင်းအနေနဲ့ ယခုနှစ်အတွင်းမှာပဲ ဖလားရအောင် ကစားသွားဖို့ သန္နိဋ္ဌာန်ချထားတယ်လို့ နည်းပြသစ်ဖြစ်လာတဲ့ ဇီးနက်ဒင်းဇီဒန်းက ပြောဆိုလိုက်ပါတယ်။ ဘင်နီတက်ဇ်နေရာမှာ နည်းပြဖြစ်လာပြီးတဲ့နောက် ဇီဒန်းက ပြောဆိုလိုက်တာဖြစ်ပါတယ်။

ပြင်သစ်အသင်းနဲ့အတူ ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့တဲ့ ပြင်သစ်ဂန္ထဝင်ဘောလုံးသမား ဇီဒန်းဟာ နည်းပြအတွေ့အကြုံအနေနဲ့ ကာစတဲလ်အသင်းနဲ့သာ အတွေ့အကြုံရှိခဲ့ဖူးတယ်လို့ သိရပါတယ်။ အသက် ၄၃ နှစ်အရွယ်သာ ရှိသေးတဲ့ ဇီဒန်းကို ရီးရဲမက်ဒရစ်အသင်းဥက္ကဋ္ဌ ပီယက်စ်က ၂၅ ပွဲကြာ ကိုင်တွယ်ခဲ့တဲ့ ဘင်နီတက်ဇ်နေရာမှာ ခန့်အပ်လိုက်ပြီဖြစ်ကြောင်း တနင်္လာနေ့က အတည်ပြုပြောကြားလိုက်ပါတယ်။ ဒီအသင်းက "ခင်ဗျားအသင်း၊ ခင်ဗျားရဲ့ကွင်း၊ ခင်ဗျားကို အားလုံးကထောက်ခံပါတယ်"လို့ အသင်းဥက္ကဋ္ဌ ပီယက်စ်က ဆိုပါတယ်။ နည်းပြသစ်ဖြစ်လာတဲ့ ဇီဒန်းက "ရီးရဲမက်ဒရစ်အသင်းကို ကိုင်တွယ်ခွင့်ပေးခဲ့တဲ့အတွက် အသင်းဥက္ကဋ္ဌကိုရော အသင်းတာဝန်ရှိသူတွေကိုပါ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ စပိန်လာလီဂါဖလားကို ဒီနှစ်ထဲမှာပဲ အရယူဖို့ ဆုံးဖြတ်လိုက်ပါပြီ"လို့ ဆိုပါတယ်။ "ရီးရဲမက်ဒရစ်အသင်းဟာ ကမ္ဘာ့ပရိသတ်ထောက်ခံအားပေးမှု အများဆုံးအသင်းဖြစ်သလို အကောင်းဆုံးအသင်းလည်းဖြစ်တဲ့အတွက် ဖလားရအောင်ယူသွားဖို့ ဆုံးဖြတ်ထားတာပါ"လို့ ဇီဒန်းကဆိုပါတယ်။



ကောင်းမြတ်သူ ➤ စုစည်းသည်




## ကစားသမားသစ် ၇၇ ဦးကိုခေါ်ယူဖို့ မှတ်ပုံတင်ခဲ့တဲ့ ဘာစီလိုနာ

ဘာစီလိုနာအသင်းအနေနဲ့ ကစားသမားခေါ်ယူမှုကို ၁၄ လကြာ ပိတ်ပင်ခံရပြီးနောက် ကစားသမားသစ်ခေါ်ယူဖို့ မှတ်ပုံတင်ထားတဲ့ ကစားသမားသစ် ၇၇ ဦးရှိခဲ့တယ်လို့ ဆိုပါတယ်။ ဘာစီလိုနာအသင်းဟာ အသက် ၁၈နှစ်အောက် ဘောလုံးသမားခေါ်ယူမှုအတွက် ကစားသမားခွင့်ခေါ်ယူခွင့်ကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ၁၄ လကြာ ပိတ်ပင်ထားခဲ့တာဖြစ်ပါတယ်။ သို့ပေမယ့် ပိတ်ပင်ထားမှုဟာ ပြီးဆုံးသွားပါပြီ။ ကစားသမားသစ် ခေါ်ယူခွင့်ရပြီးနောက် မှတ်ပုံတင်ခဲ့တဲ့ ကစားသမားသစ် ၇၇ ဦးမှာ တူရကီကွင်းလယ်ကစားသမားတစ်ဦးဖြစ်တဲ့ အာဒန်တူရန်လည်း အပါအဝင်ဖြစ်ပါတယ်။ အက်သလက်တီကိုက အဲလက်ဇစ်ဒလ်ဟာလည်း ဘာစီလိုနာရောက်လာတဲ့ လူသစ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဘာစီလိုနာအသင်းမှာ အဓိက ကစားသမားတွေအဖြစ် ပါဝင်လာဖွယ်ရှိနေပါတယ်။

နည်းပြလူးဝစ်အန်းနရစ်ရဲ့ ဘာစီလိုနာအသင်းဟာ ၂၀၁၅ ခုနှစ်မှာ အောင်မြင်တဲ့အသင်းဖြစ်ခဲ့ပြီး ချန်ပီယံလိဂ်အပါအဝင် ဖလားငါးလုံးဆွတ်ခူးနိုင်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။

# အမှိုက်က တစ်စ .... ပြဿနာက တစ်ရာ

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် နိုင်ငံရေးနှင့်လည်းမပတ်သက်. . . စစ်မက်ရေးရာနှင့်လည်း မဆက်စပ်သော စိန်ခေါ်မှုနှစ်မျိုးကို ရင်ဆိုင်နေကြရလျက်ရှိသည်။ ထိုစိန်ခေါ်မှု နှစ်မျိုးမှာကား. . . အမှိုက်စွန့်ပစ်ရေးနှင့် လျှပ်စစ်စွမ်းအင် လုံလောက်စွာ ရရှိရေးတို့ပင် ဖြစ်ကြသည်။ လူမျိုး၊ ဘာသာ၊ ဓလေ့၊ ထုံးတမ်းမတူညီကြသော်လည်း . . . အသားအရောင် ကွဲပြားနေကြသော်လည်း. . . စားသောက်နေထိုင်မှုပုံစံ အမျိုးမျိုးအဖုံဖုံ ဖြစ်နေကြသော်လည်း. . . ကျင့်သုံးနေသည့် နိုင်ငံရေးလမ်းစဉ် အထွေထွေအပြားပြားရှိနေကြသော်လည်း. . . ကိုင်စွဲနေသည့် မူဝါဒများ အသီးသီး ပြဋ္ဌာန်းထားကြသော်လည်း. . . လူနေမှုဘဝ၏ အခြေခံအကျဆုံးဖြစ်သည့် အမှိုက်ပြဿနာနှင့် လျှပ်စစ်စွမ်းအင် တိုးမြင့်ရရှိရေးဟူသည့် စိန်ခေါ်မှုနှစ်မျိုးကိုမူ ရှောင်လွှဲ၍ မရနိုင်ကြပုံချင်း တူညီလျက်ရှိနေကြသည်။

၁၉၀၀ ပြည့်နှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြား နှစ်တစ်ရာကာလအတွင်း ကမ္ဘာ့လူဦးရေသည် သန်းပေါင်းငါးထောင်ကျော် တိုးပွားလာခဲ့သည်။ လူဦးရေတိုးပွားလာခြင်းနှင့်အတူ စက်မှုဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူ့အသုံးအဆောင်များ တိုးပွား များပြားလာခြင်း၊ လူနေမှုအဆင့် မြင့်မားလာခြင်းတို့ကလည်း ထက်ကြပ်မကွာ လိုက်ပါလျက်ရှိနေကြရာ ထိုထိုသောအကြောင်းချင်းရာများကြောင့်လည်း လူမှုအဖွဲ့အစည်းများအတွင်း၌ အမှိုက်ပြဿနာကို ပို၍ရင်ဆိုင်ကြုံတွေ့လာကြရသည်။

လူတစ်ဦးတစ်ယောက်ချင်းတို့က စွန့်ပစ်လိုက်သော အမှိုက်တစ်စစီတို့သည် မျိုးတူအမှိုက်များနှင့် ပေါင်းစည်းသွားသည့်အခါ လူ့အဖွဲ့အစည်းကို ပြန်၍ခြိမ်းခြောက်နေသော သက်မဲ့ ဒြပ်ဝတ္ထုအပုံကြီးအဖြစ်သို့ ရောက်ရှိသွားသည်။ ကမ္ဘာပေါ်ရှိ အမှိုက်အားလုံးကို အဆင့်အားဖြင့် ခွဲခြားကြည့်မည်ဆိုပါက ထုပ်ပိုးခွံများသည် အောက်ဆုံးအခြေခံအဆင့်၌ ရှိနေကြပြီး ချူကလီးယားစွန့်ပစ်အမှိုက်များကမူ အပေါ်ဆုံးအဆင့်၌ ရှိနေကြသည်။

ရှေးအတိတ်ကာလများက အမှိုက်ပြဿနာကို မြေကျင်းတူး၍ မြှုပ်နှံခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ စုပုံဆွေးမြည့်စေခြင်းစသော နည်းလမ်းများဖြင့် ဖြေရှင်းခဲ့ကြသည်။ သို့ရာတွင် မျက်မှောက်ကာလ၌မူကား ခေတ်သစ်အမှိုက်များဟုဆိုရမည့် ပလတ်စတစ်အမှိုက်၊ ဖိုင်ဘာအမှိုက်၊ သတ္တုအမှိုက်၊ ဓာတုအမှိုက်၊ အီလက်ထရွန်နစ်အမှိုက် စသည်တို့သည် ကမ္ဘာ့အမှိုက်ပုံများ၌ ဝင်ရောက်နေရာယူလျက် ရှိနေကြပြီဖြစ်သည်။

ထိရှစေနိုင်သော မှန်နှင့်ဖန်အမှိုက်များသည်လည်း ရှေးကာလကတည်းက ရှိခဲ့သည့်အမှိုက်များဖြစ်သည့်တိုင် ယနေ့အချိန်တွင် ပမာဏအားဖြင့် အဆမတန်များပြားလာပြီး မှန်နှင့်ဖန်အမှိုက်များကင်းသည့် အမှိုက်ပုံဟူ၍ပင် မရှိတော့ပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ၌ အများဆုံးထွက်ရှိနေသည့် အမှိုက်မှာ ထုပ်ပိုးခွံအမှိုက်များပင်ဖြစ်ကြသည်။ ယနေ့ခေတ်အသုံးပြုနေကြသော အစားအစာထုပ်ပိုးခွံများနှင့် အရည်ထုပ်ပိုးခွံတို့မှာ ရေနံထွက်ပစ္စည်းများကို အခြေခံ၍ ထုတ်လုပ်ထားသော ပစ္စည်းများဖြစ်ကြသည့်အတွက် နှစ်ပေါင်းများစွာ ကြာညောင်းသည့်တိုင် ဆွေးမြည့်မသွားနိုင်ကြပေ။ ယင်းသို့ ဆွေးမြည့်မသွားနိုင်သည့်အတွက် မြေဆွေးမြေဩဇာအဖြစ်သို့လည်း ရောက်ရှိသွားနိုင်မည်မဟုတ်ပေ။ လွယ်လင့်တကူ ပျက်စီးဆွေးမြည့်ခြင်းမရှိသော မျက်မှောက်ခေတ် ထုပ်ပိုးခွံအမှိုက်များသည် စိုက်ခင်းများရှိ ကောက်ပဲသီးနှံများ၏ ရှင်သန်ဖွံ့ဖြိုးမှုကို ပျက်စီးစေသလို . . . သဘာဝအလျောက် သစ်ပင်သစ်တောများ ပေါက်ရောက်ရှင်သန်မှုကိုလည်း ဟန့်တားထားလျက် ရှိနေကြသည်။

ကမ္ဘာ့ အပူပိုင်းဒေသနှင့် သမပိုင်းဒေသအကြား အပူလျော့ပိုင်းဒေသရှိ သမုဒ္ဒရာရေဝဲကြီးငါးခု၌ ဧရာမ အမှိုက်ပုံကြီးများ စုဝေးရောက်ရှိနေကြသည်။ ကမ္ဘာကမိမိဝင်ရိုးပေါ်၌ ၂၃ ဒီဂရီ တိမ်းစောင်းလျက် လည်နေသည့် ဖြစ်စဉ်ကြောင့် သမုဒ္ဒရာများ၌ ရေဝဲကြီးများ ဖြစ်ပေါ်နေရခြင်း ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားကမ်းခြေမှ ကီလိုမီတာ ၁၆၀၀ ကွာဝေးပြီး ဂျပန်ကမ်းခြေမှ ကီလိုမီတာ ၁၁၂၀၀ ကွာဝေးသော နေရာရှိ သမုဒ္ဒရာ ရေဝဲကြီးများတွင် ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ စွန့်ပစ်သောပလတ်စတစ်အမှိုက်များ စုပုံလျက်ရှိနေကြသည်။

ကမ္ဘာပေါ်တွင် အမှိုက်အများဆုံးရှိနေသော နေရာမှာ ဩစတြေးလျနှင့် နယူးဇီလန်အကြား တက်စ်မန်ပင်လယ် (Tasman Sea) ၏ တောင်သမုဒ္ဒရာရပ်ဝန်းဒေသ (Southern Ocean Boundary) ဖြစ်သည်။ ထိုဒေသတွင် ပလတ်စတစ်အမှိုက်အများဆုံးပါဝင်နေသော ကမ္ဘာ့အကြီးဆုံး အမှိုက်ပုံကြီးတည်ရှိနေသည်။ ထိုဒေသသည် ပင်လယ်ငှက်မျိုးစိတ်များ ထူးထူးခြားခြား များပြားစုံလင်သောနေရာလည်း ဖြစ်သည်။

ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်ပြင်များပေါ်၌ မျောပါနေသော အမှိုက်ပုံကြီးများနှင့် သမုဒ္ဒရာရေဝဲကြီးများ၌ စုပုံနေသည့် အမှိုက်ပုံကြီးများကြောင့် ရေနေနို့တိုက်သတ္တဝါ ၄၃ ရာခိုင်နှုန်း သေဆုံးခဲ့ကြရပြီဖြစ်သည်။ မျောပါနေသော အမှိုက်ပုံကြီးများနှင့် စုပုံနေသော



**အမှိုက်များအား ကိုယ်ပိုင်အသိစိတ်ဖြင့် လိုက်လံသိမ်းဆည်းပေးနေသည့် အမျိုးသမီးငယ်တစ်ဦးအား ရန်ကုန်မြို့ရှိ လူစည်ကားရာ မြို့လယ်ကောင်တွင် မြင်တွေ့ရစဉ်။**

အမှိုက်ပုံများအတွင်းရှိ ပလတ်စတစ်အမှိုက်များကို အစာအမှတ်ဖြင့် စားသောက်မိကြသည့်အတွက် ခန္ဓာကိုယ်အတွင်းရှိ အစာချေဖျက်ခြင်းဖြစ်စဉ် ပျက်စီးကာ သေဆုံးကြရခြင်းဖြစ်သည်။

အလားတူပင် ပင်လယ်တွားသွားသတ္တဝါများ၏ ၈၆ ရာခိုင်နှုန်းသည်လည်းကောင်း၊ ပင်လယ်ပျော်ငှက်များ၏ ၄၄ ရာခိုင်နှုန်းသည်လည်းကောင်း ပလတ်စတစ်အမှိုက်များကို အစာအမှတ်ဖြင့် ဝါးမြိုမိကြခြင်းကြောင့် သေဆုံးခဲ့ကြရပြီးဖြစ်သည်။

သိပ္ပံသုတေသီတို့သည် ၁၉၆၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ နှစ်ပေါင်းငါးဆယ်ကာလအတွင်း ပင်လယ်ပျော်ငှက်များအပါအဝင် ငှက်မျိုးစိတ် ၁၃၅ မျိုး၏ အစာစားသောက်မှုပုံစံများကို ကမ္ဘာ့သမုဒ္ဒရာများအတွင်းရှိ ပလတ်စတစ်အမှိုက်ပမာဏနှင့်ချိန်ထိုးကာ သုတေသနပြုခဲ့ကြသည်။ အဆိုပါ သိပ္ပံဆိုင်ရာသုတေသနပြုချက်များအရ ၁၉၆၀ ပြည့်လွန်နှစ်များက ပလတ်စတစ်အမှိုက်ကို အစာအမှတ်ဖြင့် ဝါးမြိုမိခဲ့သော ပင်လယ်ပျော်ငှက်ပမာဏမှာ ငါးရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်အရောက်တွင် ရှစ်ဆယ်ရာခိုင်နှုန်းအထိ အဆမတန် တိုးပွားများပြားလာခဲ့သည်။

အဆိုပါသုတေသနပြုချက်၏ အဖြေများက ကမ္ဘာပေါ်၌ ထုပ်ပိုးခွံအမှိုက် အမျိုးအစားတစ်ခုဖြစ်သည့် ပလတ်စတစ်အမှိုက်များပမာဏ မည်မျှတိုးပွားလာကြောင်းကို မီးမောင်းထိုးပြပေးခဲ့သည်။ ထိုသို့သော မီးမောင်းထိုးပြမှုကြီးအပေါ် နောက်ကြောင်းပြန်ဖော်ထုတ်မှုများကို ဆောင်ရွက်ခဲ့ကြရာ ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ ကမ္ဘာပေါ်၌ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းများကို စီးပွားဖြစ် စတင်ထုတ်လုပ်ခဲ့ကြကြောင်းနှင့် နှစ်ကာလ ၁၁ နှစ်ကြာတိုင်း ထုတ်လုပ်မှုပမာဏ နှစ်ဆတိုးပွားလာခဲ့ကြောင်း လေ့လာတွေ့ရှိကြရသည်။

လက်ရှိအချိန်တွင် ပျမ်းမျှအားဖြင့် ကမ္ဘာအရပ်ရပ်ရှိ သမုဒ္ဒရာရေပြင် တစ်စတုရန်းကီလိုမီတာ အဝန်းအဝိုင်းအတွင်း၌ ပလတ်စတစ်ထုပ်ပိုးခွံအမှိုက်စပေါင်း ငါးသိန်းရှစ်သောင်းနှုန်း မျောပါလျက်ရှိနေကြသည်။ အကျိုးဆက်အဖြစ် ၂၀၁၅ ခုနှစ်အတွင်းက ပစိဖိတ်သမုဒ္ဒရာအတွင်းမှ နမူနာအနေဖြင့် ဖမ်းယူခဲ့သော ငါးများအနက် ၃၅ ရာခိုင်နှုန်း၏ ဝမ်းဗိုက်ထဲတွင် ပလတ်စတစ်အမှိုက်စများကို တွေ့ရှိခဲ့ကြရသည်။

တစ်နေ့တခြား ကြီးထွားလာနေသော အမှိုက်ပြဿနာ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တိရစ္ဆာန်ရုံအတွင်း၌ ကောင်းစွာမွေးမြူစောင့်ရှောက်ထားပါလျက်နှင့် အရွယ်မတိုင်မီ သေဆုံးသွားသော သစ်ကုလားအုပ်ကို ဗိုက်ခွဲကြည့်လိုက်သည့်အခါ အစာအိမ်အတွင်း၌ ချေဖျက်ခြင်းမပြုနိုင်သော ပလတ်စတစ်အမှိုက်စ ငါးကီလိုဂရမ်ခန့်ကို သိပ္ပံသုတေသီတို့က မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြသည်။

ဤကဲ့သို့ အမှိုက်ပြဿနာ ကြီးထွားလာနေခြင်းကြောင့် ပင်လယ်ပျော်ငှက်အများစုတို့သည် ပလတ်စတစ်အမှိုက်စများကို အစာအမှတ်ဖြင့် မှားယွင်းစားသောက်ထားမိကြပြီးဖြစ်ရာ ၂၀၅၀ ပြည့်နှစ်မတိုင်မီ ပင်လယ်ပျော်ငှက် ၉၉ ရာခိုင်နှုန်းခန့်အထိ သေဆုံးကုန်ကြလိမ့်မည်ဟု သိပ္ပံပညာရှင်တို့က ခန့်မှန်းထားကြသည်။

ပလတ်စတစ်ထုပ်ပိုးခွံအမှိုက်များအပါအဝင် အမျိုးမျိုးသော စွန့်ပစ်အမှိုက်များကို တစ်ကျော့ပြန် အသုံးချနိုင်အောင် စီမံပြုလုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို တတ်နိုင်သမျှ ရှောင်ရှားနိုင်ရန်အတွက် ဂျပန်သုတေသီတို့က လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်ကတည်းကပင် စိတ်ကူးကြံဆခဲ့ကြသည်။ အမှိုက်များကို စုစည်းချေဖျက်ကာ ဖိသိပ်ခြင်းအားဖြင့် ထွက်ရှိလာသော ဇီဝဒြပ်ထုလောင်စာတောင့်များအား မီးရှို့ပြီး တာဘိုင်စက်များကို လည်ပတ်စေလျက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်ဟူသော နည်းလမ်းများကို တီထွင်အောင်မြင်ခဲ့ကြသည်။

အမှိုက်များကို တစ်ကျော့ပြန် အသုံးချပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရယူသော အဆိုပါနည်းစဉ်သည် အမှိုက်ပြဿနာကို အတိုင်းအတာတစ်ရပ်အထိ ဖြေရှင်းပေးနိုင်ခဲ့သည်။ သို့ရာတွင် အဆိုပါနည်းပညာသုံး စက်ကိရိယာများသည် စွန့်ပစ်အမှိုက်များကို ဖျောက်ဖျက်ပေးနိုင်ရုံမျှသာဖြစ်ပြီး ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားက စီးပွားဖြစ်အဆင့်ထိ ရောက်မလာခဲ့ပေ။

စက်ကိရိယာများအတွက် ရင်းနှီးမြှုပ်နှံရသည့် ငွေကြေး၊ တည်ဆောက်လည်ပတ်ရန်အတွက် မြေနေရာ၊ သိမ်းဆည်းပြီး အမှိုက်များကို စက်ရုံသို့ သယ်ယူပို့ဆောင်ရသည့် စရိတ်စက စသည်တို့နှင့် နှိုင်းစာလျှင် ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားတန်ဖိုးက အကျိုးအမြတ်များများရအောင် စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် ရင်းနှီးမြှုပ်နှံရမည့် စီးပွားရေးလုပ်ငန်းရှင်များကို ဆွဲဆောင်နိုင်ခြင်း မရှိခဲ့ပေ။

သို့ဖြစ်၍ စွန့်ပစ်အမှိုက်များကို ဖျောက်ဖျက်ပစ်သည့် အဆိုပါနည်းပညာနှင့် စက်ကိရိယာများကို သက်ဆိုင်ရာအစိုးရ သို့မဟုတ် မြူနီစီပယ်အဖွဲ့များကသာ ဝယ်ယူသုံးစွဲခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ အမှိုက်ပြဿနာကို ရှင်းပေးနိုင်သည့် နည်းလမ်းတစ်ခုကြောင့် အောင်မြင်မှုအဆင့်တစ်ခုအထိရောက်ခဲ့ခြင်းကို အသိအမှတ်ပြုကြရမည်ဖြစ်သည်။

၂၀၁၀ ပြည့်လွန်နှစ်ကာလများသို့ ရောက်ရှိလာသည့်အခါ၌မူ စွန့်ပစ်အမှိုက်မျိုးစုံကို တစ်ကျော့ပြန်အသုံးချသော ခေတ်သစ်နည်းပညာတစ်ရပ် ထပ်မံပေါ်ထွက်လာခဲ့သည်။ ERS ဟု အတိုကောက်အားဖြင့် ခေါ်ဝေါ်သော Environmental Recycling System ဖြင့် စွန့်ပစ်အမှိုက်များကို အသုံးပြုကာ လျှပ်စစ်ဓာတ်အားကို စီးပွားဖြစ် ထုတ်ယူနိုင်ရုံမျှမက ဘေးထွက်ပစ္စည်းအဖြစ် ထွက်ရှိလာသည့် တိရစ္ဆာန်အစားအစာနှင့် မြေဩဇာတို့ကလည်း စိုက်ပျိုးမွေးမြူရေးကို အထောက်အကူပြုမည်ဖြစ်သည့်အတွက် ဝင်ငွေရလမ်းကို တိုးပွားလာစေပြီ ဖြစ်သည်။

ERS နည်းပညာအဆင့်မြင့်လာသည်နှင့်အမျှ ညစ်ညမ်းနေသော ရေအိုင်ကြီးများကို သန့်ရှင်းကြည်လင်အောင် ပြုပြင်ခြင်း၊ ဓာတုအညစ်အကြေးများ ရောနှောပျော်ဝင်နေသောရေများကို ဓာတုပစ္စည်းကင်းစင်အောင် ပြုပြင်ခြင်း၊ ပုပ်သိုးနေသော ရေဆိုးများကို အနံ့အသက်ကင်းဝေးအောင်ပြုပြင်ခြင်းစသည့် ဓာတုနည်းစဉ် (Chemical Process)များကိုပါ ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။

ခေတ်သစ် ERS စက်များကိုလည်း အရွယ်အစားအမျိုးမျိုး ထုတ်လုပ်ပေးထားသည့် အားလျော်စွာ တစ်ဦးတစ်ယောက်ချင်းအနေဖြင့် ရင်းနှီးမြှုပ်နှံမှု မပြုနိုင်သည့်တိုင် ရပ်ကွက်နှင့်ကျေးရွာများအလိုက်သော်လည်းကောင်း၊ မြို့နယ်နှင့်စီရင်စုများအလိုက်သော်လည်းကောင်း တစ်ပိုင်တစ်နိုင်ဝယ်ယူထူထောင်လည်ပတ်နိုင်ကြပြီဖြစ်သည်။

လူတို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင်တည်တံ့ရေးတို့ကို အကြီးအကျယ်ခြိမ်းခြောက် စိန်ခေါ်နေသော အမှိုက်ပြဿနာနှင့် လူမှုဘဝ ရှင်သန်ဖွံ့ဖြိုးရေးကိုစိန်ခေါ်နေသော လျှပ်စစ်စွမ်းအင် လိုအပ်ချက်ပြဿနာနှစ်မျိုးကို ERS နည်းပညာက တစ်ပြိုင်နက်တည်းဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်သည်။

သို့ရာတွင် အမှိုက်ဟူသည်မှာ စွန့်ပစ်ရန် လွယ်ကူသလောက် ERS နည်းပညာ မသုံးနိုင်သေးသည့် နယ်မြေဒေသများ၌ ပျောက်ပျက်သွားရန် နှစ်ကာလနှင့်ချီ၍ ကြာမြင့်သော ဒြပ်ဝတ္ထုများဖြစ်နေသေးသည့်အတွက် အမှိုက်တစ်စကိုစွန့်ပစ်မည်ဟုကြံရွယ်တိုင်း နောက်ဆက်တွဲ ပြဿနာတစ်ရာကိုပါ ထည့်သွင်းစဉ်းစားပြီး စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်းမပြုဘဲ သတ်မှတ်ထားသည့် အမှိုက်ပုံနှင့် အမှိုက်ပုံးများ၌သာ စနစ်တကျစွန့်ပစ်ကြခြင်းအားဖြင့် ပြဿနာတစ်ရာကို ဖြေရှင်းဆောင်ရွက်ကြရမည့်သူတို့ကို တတ်နိုင်သည့်ဘက်က ကူညီသွားသင့်ကြပေသည်။ ။

# တာမွေလမ်းဆုံ ခုံးကျော်တံတားတည်ဆောက်မှု သတ်မှတ်လျာထားချက်ကာလအတွင်း ပြီးစီးမည်

သတင်းဆောင်းပါး
မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ – မင်းထက်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ရွှေတောင်ကုမ္ပဏီက အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားတည်ဆောက်မှုမှာ သတ်မှတ်လျာထားချက်ကာလအတွင်း ပြီးစီးနိုင်ရေး တံတားတည်ဆောက်ရေးလုပ်ငန်းများကို လူ့စွမ်းအား၊ စက်စွမ်းအားများဖြင့် နေ့၊ ညမပြတ်အစွမ်းကုန် ဆောင်ရွက်လျက်ရှိကြောင်း တံတားတည်ဆောက်ရေးလုပ်ငန်းခွင်မှ သိရသည်။

အဆိုပါ တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားကို တင်ဒါအောင်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လဆန်းပိုင်းက မြေစမ်းသပ်ခြင်းလုပ်ငန်းများ၊ မြေအောက်ရေပိုက်လိုင်းများ၊ မြေအောက် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဆက်သွယ်ရေးကြိုးများ၏ တည်နေရာကို ရှာဖွေသတ်မှတ်ရန်နှင့် ယာယီခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။

"ကျွန်တော်တို့ ဒီတာမွေခုံးကျော်တံတား တည်ဆောက်တဲ့အခါမှာ အခြားတံတားတွေနဲ့မတူဘဲ အခက်အခဲ တော်တော်များများ ကြုံတွေ့ခဲ့ရတယ်။ တံတားရဲ့အောက်မှာ ရေပိုက်လိုင်းတွေက တစ်လျှောက်လုံးရှိနေတယ်။ အဲဒါတွေကို သေချာလေ့လာတိုင်းတာပြီး ဆောက်နေရတာဆိုတော့ နည်းနည်းတော့ အချိန်ယူရတယ်။ ဒါပေမယ့် ဒီအပိုင်း (၁)ကိုတော့ သတ်မှတ်လျာထားချက်ဖြစ်တဲ့ ဒီဘဏ္ဍာနှစ်ကုန်ဧပြီလဆန်းပိုင်းလောက်မှာ အပြီးတည်ဆောက်မှာပါ။ ကျန်တဲ့အပိုင်း (၂)ကိုတော့ အစပိုင်းလောက်ပဲ စနိုင်မှာဖြစ်ပြီးတော့ လာမယ့်ဇွန်လပိုင်းလောက်ဆို အပြီးတည်ဆောက်မှာဖြစ်ပါတယ်။ အပိုင်းနှစ်ပိုင်းလုံးကို တစ်ပြိုင်တည်း ဆောက်ဖို့ဆိုတာက ကားလမ်းတွေ ကျပ်မှာစိုးတာကြောင့် အခုလိုတစ်ပိုင်းပြီး တစ်ပိုင်းတည်ဆောက်ရတာဖြစ်တယ်။ စပြီးတည်ဆောက်ဖို့ အဆိုတင် ကတည်းက ဒီအတိုင်းဆောက်ဖို့ ကျွန်တော့်တို့တင်ခဲ့တာပါ" ဟု အဆိုပါခုံးကျော်တံတားကို တာဝန်ယူတည်ဆောက်နေသည့် ပရောဂျက်ဒါရိုက်တာ ဦးမောင်မောင်မြင့်က ပြောသည်။

တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားသည် တိုင်းဒေသကြီး တာမွေမြို့နယ် ဗညားဒလလမ်း၊ ဦးချစ်မောင်လမ်းနှင့် အရှေ့မြင်းပြိုင်ကွင်းလမ်း ငါးခွဆုံကိုဗဟိုပြုကာ ဝိုင်ပုံသဏ္ဌာန်တည်ဆောက်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့တွင်း တည်ဆောက်ပြီး ခုံးကျော်တံတားများနှင့် တည်ဆောက်ဆဲ ခုံးကျော်တံတားများအထဲတွင် အရှည်ဆုံးဖြစ်ပေါ်လာမည့် ခုံးကျော်တံတားကြီးဖြစ်သည်။ တံတားပုံသဏ္ဌာန်မှာ ဝိုင်ပုံသဏ္ဌာန်ဖြစ်ပြီး ဗညားဒလလမ်းနှင့် ဦးချစ်မောင်လမ်းဘက်ခြမ်း တံတားအရှည်သည် ၂၈၇၅ ဒသမ ၀၇ ပေရှိပြီး နှစ်လမ်းမောင်း လေးလမ်းသွားဖြစ်ကာ အရှေ့မြင်းပြိုင်ကွင်းလမ်းဘက်သို့ခွဲထွက်သွားသော လက်တက်ပွားနှစ်လမ်းမောင်း တစ်လမ်းသွားအဖြစ်အသုံးပြုမည့် ခုံးကျော်တံတားသည် အရှည် ၁၉၇၁ ဒသမ ၅၂ ပေရှည်မည်ဖြစ်သည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ် လွန်တူးဘိုးပိုင်ဖြစ်ပြီး တံတားအပေါ်ထည်ကို သံမဏိရက်မနှင့် သံကူကွန်ကရစ် ကြမ်းခင်းလက်ရန်းများ တပ်ဆင်တည်ဆောက်လျက်ရှိသည်။ တံတား အကျယ်မှာ ဗညားဒလလမ်း-ဦးချစ်မောင်လမ်းဘက် ပင်မတံတားသည် ၄၂ ပေ ၈ လက်မ၊ အရှေ့မြင်းပြိုင်ကွင်း လမ်းဘက်လက်တက်ပွားတံတားသည် ၂၃ ပေရှိကာ တံတားအောက် ကင်းလွတ်အမြင့်မှာ ၁၆ ပေ ရှိပြီး ယာဉ်တစ်စီးချင်းစီခွင့်ပြုတန်ချိန်မှာ ၇၅ တန် အထိ ခံနိုင်ဝန်ရှိမည်ဖြစ်သည်။

"အခုလို ရန်ကုန်မြို့မှာ ကားကျပ်တာတွေကြောင့် သက်ဆိုင်ရာတွေအနေနဲ့ ခုံးကျော်တံတားတွေဆောက်တာ ကောင်းပါတယ်။ ဒါပေမယ့် အထိုက်အလျောက်တော့ ယာဉ်ကြောကျပ်တည်းမှုတွေ လျော့နည်းခဲ့ပေမယ့် ရာနှုန်းပြည့်တော့ အဆင်မပြေဘူးပေါ့။ အခု ယာဉ်တင်သွင်းခွင့်တွေကလည်း ပြန်ကျပ်လိုက်ပြီဆိုတော့ နောင်မှာ အတော်အသင့်တော့ အဆင်ပြေသွားမယ်လို့မြင်တယ်။ လမ်းတွေချဲ့ တံတားတွေဆောက်နေရုံနဲ့လည်း ဒီယာဉ်ကြောကျပ်တည်းမှုက မလျော့နည်းနိုင်ပါဘူး။ ယာဉ်မောင်းတွေရဲ့ စည်းကမ်းလိုက်နာမှုမှာလည်း အများကြီးမူတည်တယ်လို့ မြင်ပါတယ်" ဟု တာမွေမြို့နယ်မှ အငှားယာဉ်မောင်း ကိုမြင့်မောင်က ဆိုသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်နေသည့် လမ်းငါးခွဆုံ ဝိုင်ပုံသဏ္ဌာန်ခုံးကျော်တံတားကို မြန်မာငွေကျပ် ၂၂ ဒသမ ၅ ဘီလီယံဖြင့် ရွှေတောင်ကုမ္ပဏီကအောင်မြင်ခဲ့ပြီး တည်ဆောက်နေခြင်းဖြစ်သည်။ အဆိုပါတံတားတည်ဆောက်ရာတွင် တံတားဘိုးပိုင်များအောက် မြေအောက်တစ်လျှောက်လုံးတွင် ရေမြောင်းများ၊ ရေပိုက်လိုင်းများရှိနေခြင်းကြောင့် အချိန်ကြန့်ကြာမှုအနည်းငယ်ရှိခဲ့သော်လည်း ယခုအခါ ပြည်တွင်းအင်ဂျင်နီယာ ၄၀၊ ကျွမ်းကျင်အင်အား ၄၀၀ ဖြင့် သတ်မှတ်ချိန်ကာလအတွင်း အပြီးတည်ဆောက်နိုင်ရန် နေ့ဆိုင်း၊ ညဆိုင်းများဖြင့် တည်ဆောက်လျက်ရှိရာ ယခုအခါတွင် တည်ဆောက်မှုမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



ဆောက်လုပ်ဆဲ တာမွေလမ်းဆုံ ဝိုင်ပုံသဏ္ဌာန် ခုံးကျော်တံတားလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# တာလေမြို့ တောင်ပေါ်နှင့် ကျေးရွာများ၌ လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ

**တာလေ ဇန်နဝါရီ ၆**

လားဟူတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ လားဟူတိုင်းရင်းသားများစုပေါင်းနှစ်သစ်ကူးပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့၌ ကျင်းပသည်။

နှစ်သစ်ကူးပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက တာလေမြို့ရှိ ကျာကူနီပြည်သူ့စစ်ဌာနေအဖွဲ့ခေါင်းဆောင် ဦးဝါရှင်နှင့် မိုင်းကိုးလားဟူပြည်သူ့စစ်ခေါင်းဆောင် ဦးကျလောတို့၏နေအိမ်၌ကျင်းပခဲ့ရာ တာလေမြို့နယ်အတွင်းရှိ တောင်ပေါ်နှင့် ကျေးရွာများတွင်နေထိုင်သော လားဟူတိုင်းရင်းသားများက အဖွဲ့လိုက် ရှေးရိုးရာဘူးပလွေမြေဝိုင်းအကများဖြင့်**(အောက်ပုံ)** ဖျော်ဖြေတင်ဆက်ကြပြီးနောက် ဦးဝါရှင်နှင့် ဦးကျလောတို့အား လူငယ်များက ရိုးရာလက်ဆေး မင်္ဂလာခံယူကြသည်။



လားဟူတိုင်းရင်းသားများသည် ရာသီနှစ်တစ်နှစ်တာအား တိရစ္ဆာန်အကောင် ၁၂ ကောင်တို့ဖြင့် သတ်မှတ်ထားရှိရာ ယခင်နှစ် ၂၀၁၅ ခုနှစ် သိုးနှစ်မှ ယခုနှစ် ၂၀၁၆ ခုနှစ် မျောက်နှစ်သို့ ကူးပြောင်းရောက်ရှိလာခဲ့ရာ တစ်နှစ်တာရာသီကာလအတွင်း ကျင်းပကြသည့်ပွဲတော်များထဲတွင် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို အထွတ်မြတ်ဆုံး၊ အကြီးအကျယ်ဆုံးပွဲတော်အဖြစ် သတ်မှတ်ထားရှိကြောင်း၊ တစ်နှစ်တာကာလအတွင်း ရှာဖွေစုဆောင်းရရှိလာခဲ့သည့် ဥယျာဉ်ခြံမြေ ထွက်အသီးအနှံများနှင့် ပစ္စည်းဥစ္စာများမှ ဦးဦးဖျားဖျားကို ပါဝင်လှူဒါန်းဆောင်ရွက်မှုပြုလုပ်ကြသည့် ပွဲတော်ကြီးတစ်ခုဖြစ်သည်။ လားဟူတိုင်းရင်းသားများသည် ၎င်းတို့ဝတ်ဆင်သော ရိုးရာအဝတ်အစား၏ အရောင်ကိုအမှီပြု၍ ကျိုင်းတုံခရိုင်တွင် အများဆုံးနေထိုင်သော လားဟူအနက်၊ မိုင်းဆတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအနီ၊ မိုင်းဖြတ်မြို့နယ်တွင် အများဆုံးနေထိုင်သော လားဟူအဝါ၊ လားဟူအဖြူနှင့် လားဟူကျိုင်းရှီးဟူ၍ မျိုးနွယ်စု ငါးစုမှပေါက်ဖွားကာ ယနေ့အထိ လားဟူမျိုးနွယ်စု ၂၀ ကျော်အထိ ရှိခဲ့သည်။ ၎င်းတို့၏အထိမ်းအမှတ်မှာ ဘူးပလွေဖြစ်ပြီး လားဟူတို့၏ ထင်ရှားသောအကမှာ ကာခေ့ပွဲဟုခေါ်သော မြေဝိုင်းအကဖြစ်သည်။ ထင်းရှူးပင်ငယ်တစ်ပင်ကို အလယ်တွင်ထားပြီး ထင်းရှူးပင်ကိုဝိုင်းပတ်၍ တီးမှုတ်ကာ ကရသော အကတစ်မျိုးဖြစ်သည်။ နှစ်သစ်ကူးတွင် ခေါပုတ်ထောင်းရင်းဆုံစည်းကြမယ် အဓိပ္ပာယ်ရသောသီချင်းကို သီဆိုလေ့ရှိသည်။ ထူးခြားသောယဉ်ကျေးမှုအစီအစဉ်တစ်ခုမှာ သက်ကြီးဝါကြီးပုဂ္ဂိုလ်များကို လူငယ်တွေက ရိုးရာလက်ဆေးမင်္ဂလာခံယူခြင်းဖြစ်သည်။

ပွဲတော်သို့ ဌာနဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအဖွဲ့များ၊ သတင်းမီဒီယာများ စုံလင်စွာ တက်ရောက်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# လွတ်လပ်ရေးနေ့ ဂုဏ်ပြု ကျေးရွာအုပ်စု ရေပေးရေးဖွင့်လှစ်

**သီပေါ ဇန်နဝါရီ ၆** (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ကျောက်မဲမြို့နယ် စခန်းသာကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ ရေပေးရေးလုပ်ငန်းဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့သည်။ အဆိုပါပိန္နဲကုန်းကျေးရွာ ရေပေးရေးလုပ်ငန်းကို စုပေါင်းထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရေစစ်ကန်၊ ရေစက်ကန်ဂါလန် ၅၀၀၀ ဆံ့ ရေကန်ဖြင့် အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# စက်စဲကမ်းခြေအလှတရားကို ထိန်းသိမ်းရန်လိုအပ်လာ

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်စဲကမ်းခြေတွင် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့က အနားယူအပန်းဖြေသူများဖြင့် အလွန်စည်ကားလျက်ရှိသည်ကို မြင်တွေ့ရသည်။ ကမ်းခြေကုန်းမြင့်ပေါ်တွင် ခရီးသွားများလိုက်ပါလာသည့် ကိုယ်ပိုင်ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်တို့သည် ပြည့်ကျပ်များပြားလျက်ရှိသည်။

ကမ်းခြေ စားသောက်ဆိုင်တန်းမှ ဆိုင်ပိုင်ရှင်အမျိုးသမီးကြီး၏ အဆိုအရ ယခုအချိန်သည် ထားဝယ် ရှင်ကိုးရှင်ဘုရားများ ပြန်လည်စည်ကားလာချိန်ဖြစ်သဖြင့် လာရောက်ဖူးမြော်ကြရင်း စက်စဲကမ်းခြေသို့ ဝင်ရောက်အပန်းဖြေပုံရကြောင်း သိရသည်။

လူငယ်များ၏ ပျော်ရွှင်စွာ အော်ဟစ်သံများကို ပင်လယ်ရေစပ်တွင် အဆက်မပြတ်ကြားရသကဲ့သို့ အဆက်မပြတ် မြင့်တက်ကာ ကမ်းသို့ တစ်ဝုန်းဝုန်း ရိုက်ခတ်လာသည့် လှိုင်းလုံးများကြောင့်လည်း ကမ်းခြေသည် အလွန်ပျော်ရွှင်ဖွယ်မြင်ကွင်းများဖြစ်နေသည်။ စက်စဲကမ်းခြေရှိ လှိုင်းလုံးများသည် လာရောက်အပန်းဖြေသူများကို စိတ်ရောကိုယ်ပါ လွတ်လပ်ပေါ့ပါးစေပြီး တစ်ခါတစ်ရံတွင် လူပါလွင့်ပါမတတ် အင်အားကောင်းလှသည်ကိုလည်း မြင်တွေ့ရသည်။



သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ကိုကြီးတင်

စက်စဲကမ်းခြေတွင် အနားယူအပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ။

မျက်စိတစ်ဆုံး မြင်တွေ့ရသည် ပင်လယ်ရေစပ် တစ်လျှောက်တွင် ရေကစားသူများဖြင့် ရှုမျှော်မဆုံးအောင် များပြားလှပြီး ကမ်းစပ်သောင်ပြင်တစ်လျှောက် မော်တော်ဆိုင်ကယ် စီးနင်းသူများ၊ လေးဘီးဆိုင်ကယ်စီးနင်းသူများ၊ စက်ဘီးစီးနင်းသူများကလည်း လူများအကြားတွင် တိုးဝှေ့မောင်းနှင်နေကြသည်ကို မြင်တွေ့ရသည်မှာ ပင်လယ်ပြင်မှပေးသည့် ခံစားမှုရသများကို အားပျက်စေသည့် အနေအထားအဖြစ် မြင်တွေ့ရသည်။


ပျော်ရွှင်စွာရေကစားကြသူများအား တွေ့ရစဉ်။

သဲသောင်ပြင်အစပ်၌ ဗောကွင်းငှားသူ၊ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးငှားသူများကလည်း အပြိုင်အဆိုင်အလုအယက် ငှားရမ်းပေးနေကြသကဲ့သို့ ငှားရမ်းသူများကလည်း မပြတ်ငှားရမ်းစီးနင်းကြသဖြင့် ဆိုင်ကယ်နှင့် စက်ဘီးများအကြား လူအများမှာလည်း ကမ်းခြေအလှထက် ယာဉ်အန္တရာယ်ကို သတိပြုနေကြရကြောင်း လာရောက်သူတစ်ဦးထံမှ သိရသည်။

မော်တော်ဆိုင်ကယ် တစ်စီးလျှင် တစ်နာရီငှားရမ်းခ ငါးထောင်ကျပ်၊ လေးဘီးဆိုင်ကယ်တစ်စီး နာရီဝက်ငှားရမ်းခ ခြောက်ထောင်ကျပ်နှင့် စက်ဘီးငှားရမ်းခတို့မှာ ငွေကျပ် ၁၀၀၀ မှ ၂၀၀၀ အထိ ပေးရကြောင်း မြင်တွေ့ရသည်။

ရေစပ်တွင် စက်လှေတစ်စင်းပေါ်သို့ စီးနင်းမည့်ခရီးသည်များ တက်ရောက်နေကြသည်ကို မြင်ရပြီး မေးမြန်းကြည့်ရာ လူခုနစ်ယောက်အထိ စီးနင်းနိုင်သည့် ကမ်းခြေတစ်လျှောက်အပျော်စီးမောင်းနှင်ပေးခြင်းဖြစ်ကြောင်းသိရသည်။ ခရီးစဉ်ကို ငွေကျပ် ၇၀၀၀ သတ်မှတ်ထားကြောင်း စက်လှေမောင်းနှင်သူက ပြောကြားသည်။

ထိုစည်ကားရာ ကမ်းခြေစပ်၌ ထီးကြီးများဖွင့်ကာ စားသောက်ဖွယ်ရာနှင့် ကမ်းခြေအပြန်လက်ဆောင် အရောင်းဆိုင်များမှာ စီတန်းလျက်ရှိပြီး ဝယ်ယူစားသုံးသူများနှင့် ရောင်းချသူများက နှစ်ဦးနှစ်ဖက် တက်ညီလက်ညီဖြင့် အမှိုက်များကို ဖြစ်သလို စွန့်ပစ်နေကြသည်ကို မြင်တွေ့ရပြီး ယင်းအမှိုက်များဖြင့် ကမ်းခြေ၏ အလှအပကို အဆိုးရွားဆုံးထိခိုက်ကာ ပျက်စီးစပြုလျက်ရှိလာသည်ကို မြင်တွေ့ရသည်။

ကမ်းခြေသဲသောင်ပြင်၌ စားသုံးပြီး စွန့်ပစ်သည့် ပလတ်စတစ်အိတ်များ၊ အသားကင်တုတ်ချောင်းများနှင့် ပုလင်းခွံများသည် ပြန့်ကြဲလျက်ရှိပြီး စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များက လိုက်လံကောက်ယူနေသော်လည်း ဝန်နှင့်အားမမျှ ဖြစ်လာကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မွန်ပြည်နယ် စက်စဲကမ်းခြေသည် သဘာဝအလှတရားတို့ဖြင့် ကျော်ကြားသည့်ကမ်းခြေတစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကမ်းခြေများတွင်လည်း လူစည်ကားသည့် ကမ်းခြေတစ်ခုဖြစ်သည်။ သာယာလှပသည့် သဘာဝတရားတို့နေရာတွင် အစားထိုးဝင်ရောက်လာခဲ့သည့် ခေတ်မီစားသောက်ပျော်ပါးခြင်းနှင့် စက်တပ်ယာဉ်များကြောင့် မကြာမီ စက်စဲကမ်းခြေရှိ သဘာဝဂေဟစနစ်များကို ခြိမ်းခြောက်လာနေပြီဖြစ်ကြောင်းကိုလည်း ကမ်းခြေသို့ ရောက်ရှိ အပန်းဖြေသူအချို့က သုံးသပ်ပြောကြားသည်။

ယခုနောက်ပိုင်းတွင် ဈေးရောင်းချသူ များပြားလာမှုနှင့် လာရောက်အပန်းဖြေကြသူများ၏ စည်းကမ်းမလိုက်နာမှုကြောင့် သဘာဝအလှများကို ကောင်းစွာ ခံစားရန်ပင် အားနည်းလာခဲ့ပြီ ဖြစ်သည်။

ထို့ကြောင့် စက်စဲကမ်းခြေ ရေရှည်တည်တံ့ရေးနှင့် ပိုမိုစည်ကားရေးအတွက် ရှိနှင့်ပြီးသားသဘာဝ အလှတရားများ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရေးမှာ ကမ်းခြေတွင် စီးပွားရှာကြသူများနှင့် အပန်းဖြေကြသူများ အားလုံး၏ တာဝန်ပင်ဖြစ်ပြီး ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းသင့်ပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ငါန်းဇွန်မြို့၌ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့်(၃၈)ဖြာ မင်္ဂလာတရားတော် သရုပ်ဖော်ပြိုင်ပွဲကျင်းပ

**ငါန်းဇွန် ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ ရှင်ပင်မိုးကောင်းမြတ်စွာဘုရားဝင်းအတွင်းရှိ မိုးသိင်္ဂီဇာတ်ရုံ၌ မြို့နယ်လုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် (၃၈)ဖြာမင်္ဂလာတရားတော် သရုပ်ဖော်ပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၃ ရက်အထိ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ ဓမ္မစကူးလ်ကျောင်းပေါင်း ၂၉ ကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင် ဗုဒ္ဓဝင်အဖွဲ့(ဗဟို)မှ ဆရာတော်များက အကဲဖြတ်အမှတ်ပေးကြသည်။

သုတစုံလင်ဗုဒ္ဓဝင် ပြိုင်ပွဲတွင် ပထမဆုကို ရွှေလင်ပန်းဓမ္မစကူးလ်မှ မောင်သိန်းသန်းဝင်း၊ ဒုတိယဆုကို သဲဖြူဓမ္မစကူးလ်မှ မအိမ်စည်ဦး၊ တတိယဆုကို ရွှေလင်ပန်း ဓမ္မစကူးလ်မှ မဆွေဆွေအောင်၊ စတုတ္ထဆုကို ရွှေလင်ပန်းဓမ္မစကူးလ်မှ မောင်မျိုးဟိန်းဇော် တို့ကလည်းကောင်း၊ (၃၈)ဖြာမင်္ဂလာတရားတော် သရုပ်ဖော်ပြိုင်ပွဲ၌ ပထမဆုကို သာကျင်ဓမ္မစကူးလ်၊ ဒုတိယဆုကို ရွှေလင်ပန်းဓမ္မစကူးလ်(၃)၊ တတိယဆုကို သာစည်ဓမ္မစကူးလ်နှင့်စတုတ္ထဆုကို မြောက်ကျွန်းဓမ္မစကူးလ်တို့က ကျောင်းသား ကျောင်းသူကလေးများက ရရှိသည်။

ပြိုင်ပွဲသို့ မြို့နယ်ဓမ္မစကူးလ်ကော်မတီ ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနရပတိ(ဂန္ထဝါစက ပဏ္ဍိတ)၊ ဓမ္မစကူးလ်အသီးသီးမှ ဦးစီးနာယက ဆရာတော်များ ကြွရောက်ကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ပြိုင်ပွဲကျင်းပနေစဉ် အခမ်းအနားသို့ တက်ရောက်လာသူများအား မြန်မာ့ရိုးရာအစားအစာများဖြင့် ကုသိုလ်ရှင်များက ပြိုင်ပွဲကျင်းပရာ မိုးသိင်္ဂီဇာတ်ရုံပြင်ပ၌ စည်ကားသိုက်မြိုက်စွာ တည်ခင်းဧည့်ခံကြသည်။ **(မြို့နယ် ပြန်/ဆက်)**





## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လျှပ်စစ်မီး စတင်ဖြန့်ဝေ

**ဝမ်းတွင်း ဇန်နဝါရီ ၆**

(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးသည့် လိပ်တက်ကျေးရွာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်နေ့ ၁၁ နာရီက လိပ်တက်ကျေးရွာ၌ကျင်းပပြုလုပ်သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးက လိပ်တက်ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး ဟိန်းထက်လွင်ကုမ္ပဏီမှ မီးလင်းရေးနှင့် ပတ်သက်သောစာရွက်တမ်းများကို ကျေးရွာမီးလင်းရေးကော်မတီထံသို့လွှဲပြောင်းပေးခဲ့သည်။ ထို့နောက်ရပ်မိရပ်ဖတစ်ဦးက ကျေးရွာမီးလင်းရေးပတ်သက်၍ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူးနှင့်မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

# သင့်မျက်ကြည်လွှာဖြင့် ကြိုတင်လှူဒါန်းနိုင်သည့် ဒါနဥပပါရမီ ဖြည့်ကျင့် ပြီးပြီလား


ရုတ်တရက်သေဆုံးသွားရသည့် ကိုဇော်လင်းထွန်း ရုပ်ကလာပ်ကို ကြည့်ရင်း ဇနီးဖြစ်သူ မအေးမြင့် ဖြေမဆည်နိုင်အောင် မျက်ရည်ကျမိသည်။ မိသားစုအတွက် အချိန်ရှိသရွေ့ ငွေရှာဖွေရင်း မားမားမတ်မတ် ရပ်တည်ပေးခဲ့သူ ကျေးဇူးရှင်ကြီး ဆုံးပါးသွားရခြင်းကို အိပ်မက်ပင်ဖြစ်ပါစေတော့ဟု ဆုတောင်းရင်း တစ်ဦးတည်းသော သားလေးကို ဖက်ကာငိုကြွေးသည်။

"သူငိုတာကိုကြည့်ရင်း အားနာမိတယ်။ ဒါပေမယ့် ကိုဇော်လင်းထွန်းအတွက် သံသရာကုသိုလ်ရော အလှူခံပုဂ္ဂိုလ်အတွက်ပါ အကျိုးရှိစေမှာမို့ မဖြစ်မနေ ပြောစရာရှိတာကိုပြောခဲ့ရတယ်။ ကိုဇော်လင်းထွန်းက မျက်ကြည်လွှာအလှူရှင်တစ်ယောက်ဖြစ်တယ်ဆိုတာ သူ့ဇနီးကလည်း သိထားတာမို့ ဝမ်းနည်းနေတဲ့ ကြားကပဲ သေဆုံးသူကို ခွဲစိတ်ခန်းထဲပို့ပြီး မျက်ကြည်လွှာထုတ်ယူလှူဒါန်းခွင့်ပြုရှာတယ်"ဟု ရန်ကုန်မျက်စိဆေးရုံမှ ပါမောက္ခ၊ ဌာနမှူး၊ မျက်စိဆေးရုံအုပ်ကြီး ဒေါက်တာဦးတင်ဝင်းက ပြောသည်။

သေဆုံးသူမိသားစုများ၏ ပရိဒေဝမီးလောင်ကျွမ်းနေချိန်တွင် မျက်ကြည်လွှာအပြင်အခြား ခန္ဓာကိုယ်အစိတ်အပိုင်းများ အလှူခံရခြင်းသည် ကျန်းမာရေး ဝန်ထမ်းများအတွက် စိန်ခေါ်မှုပင်ဖြစ်ပြီး တစ်ဖက်တွင် မျှော်လင့်ချက်ဖြင့် စောင့်ဆိုင်းနေကြသည့် ခန္ဓာကိုယ်အစိတ်အပိုင်းအားနည်းချို့တဲ့သူများအတွက် များစွာအကျိုးရှိစေသည့် ကိစ္စရပ်ဖြစ်သည်။

နိုင်ငံတကာတွင် ကိုယ်ခန္ဓာအစားထိုးခွဲစိတ်မှုများအတွက် ကျောက်ကပ်၊ အသည်းစသည့် အင်္ဂါအစိတ်အပိုင်းများ အရောင်းအဝယ်လုပ်ငန်းများတွင်ကျယ်လာသည်ဟု သိရသော်လည်း မြန်မာနိုင်ငံတွင်မူ ခန္ဓာကိုယ်အစားထိုးကုသရန် မိသားစုဝင်အချို့သာ လှူဒါန်းပေးသည့် အနေအထားရှိသည်။ မျက်ကြည်လွှာလှူဒါန်းမှုအနေနှင့်မူ အလှူရှင်များ များပြားလာသော်လည်း မျက်ကြည်လွှာအစားထိုးကုသခွင့်စောင့်ဆိုင်းနေသည့် မျက်စိဝေဒနာရှင်များနှင့် နှိုင်းယှဉ်ပါက အလွန် နည်းပါးနေသေးကြောင်း ရန်ကုန်မျက်စိဆေးရုံမှ သိရသည်။ မျက်ကြည်လွှာသည် လူတစ်ဦးသေဆုံးပြီးချိန်မှစတင်ရေတွက်လျှင် လေးနာရီအတွင်း အမြန်ဆုံးထုတ်ယူကာ အစားထိုးကုသပေးနိုင်သည့် တစ်သျှူးဖြစ်ပြီး မျက်ကြည်လွှာလှူဒါန်းသူဦးရေသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီဖြစ်သည်။





"မျက်ကြည်လွှာဆိုတာက မသေခင်ကတည်းကကြိုတင်လှူဒါန်းထားနိုင်တဲ့ ခန္ဓာကိုယ်ရဲ့ မျက်လုံးအတွင်းက အပေါ်ယံတစ်သျှူးစတစ်ခုဖြစ်ပါတယ်။ ကြိုတင်လှူဒါန်းကြသူတွေက နှစ်စဉ်တိုးပွားလာနေသလို တစ်ဖက်မှာလည်း မျက်ကြည်လွှာအစားထိုးကုသဖို့ စောင့်ဆိုင်းသူတွေကလည်း အခုအချိန်မှာ လူ ၆၀၀ ကျော်အထိရှိနေတာကြောင့် လိုအပ်မှုတွေရှိပါတယ်"ဟု ရန်ကုန်မျက်စိဆေးရုံမှ ပါမောက္ခ၊ ဌာနမှူး၊ မျက်စိဆေးရုံအုပ်ကြီး ဒေါက်တာ ဦးတင်ဝင်းကပြောကြားသည်။

လက်ရှိတွင် မျက်ကြည်လွှာလှူဒါန်းရရှိမှုမှာ တစ်နှစ်လျှင် ၁၀၀ ဝန်းကျင်သာ ရရှိပြီး ကြိုတင်လှူဒါန်းထားသူများ သေဆုံးသည့်အခါ ကျန်ရစ်သည့် မိသားစုများက ချက်ချင်းအကြောင်းကြားမှသာ အလှူခံနိုင်ခြင်းဖြစ်ပြီး ရုတ်တရက်သေဆုံးခြင်းနှင့် အချို့သော အသုဘရှင်များကလည်း သေဆုံးသူ ကုသိုလ်အဖြစ် အကြောင်းကြားလှူဒါန်းပေးကြခြင်းဖြစ်ကြောင်း သိရသည်။

"အဓိကအခက်အခဲက မျက်ကြည်လွှာလှူဒါန်းမှုဟာ အခြားခန္ဓာကိုယ်အစိတ်အပိုင်းတွေထက် ပိုပြီးအချိန်စောစော ထုတ်ယူဖို့လိုအပ်တာ ဖြစ်ပါတယ်။ သေဆုံးပြီးချိန်ကနေ လေးနာရီအတွင်း ထုတ်ယူမှသာ အခြားသူတစ်ဦးအတွက် မျက်ကြည်လွှာ အစားထိုးနိုင်မှာဖြစ်သလို၊ အလှူခံတဲ့ မျက်ကြည်လွှာတိုင်းကလည်း သုံးလို့မရတာမျိုးရှိတတ်ပါတယ်။ သေဆုံးသူမှာ ကူးစက်ရောဂါတစ်မျိုးမျိုးနဲ့ အခြားကုသဖို့မလွယ်တဲ့ရောဂါမျိုး ရှိနေမယ်ဆိုရင်လည်း အဆင်မပြေပါဘူး။ အချို့မျက်ကြည်လွှာတွေကျတော့ အလွန်အမင်းပျက်စီးနေတတ်တယ်။ အဲဒါဆိုလည်းအစားထိုးကုသဖို့ မလွယ်ဘူး" ဟု ဆေးရုံအုပ်ကြီး ကပြောကြားသည်။

မျက်ကြည်လွှာ ကြိုတင်လှူဒါန်းထားမှုများကို မျက်စိဆေးရုံကြီးတွင် လက်ခံပေးလျက်ရှိပြီး လှူဒါန်းသူအတွက် အသိအမှတ်ပြု ဂုဏ်ပြုကတ်ပြားတစ်ခုထုတ်ပေးထားကြောင်း၊ အလှူရှင်အများစုမှာ သက်လတ်ပိုင်းများဖြစ်ကြပြီး ကင်ဆာအပါအဝင် အခြားကုသရန်ခက်ခဲသည့် ရောဂါဝေဒနာရှင်အချို့ကလည်း ကြိုတင်လှူဒါန်းထားတတ်ကြောင်း၊ အခါကြီးရက်ကြီးများနှင့် မွေးနေ့အထိမ်းအမှတ်အဖြစ် လာရောက်လှူဒါန်းစာရင်းပေးကြကြောင်း မျက်စိဆေးရုံကြီးမှ သိရသည်။

မျက်ကြည်လွှာထုတ်ယူရာတွင်လည်း စနစ်တကျ ခွဲစိတ်ထုတ်ယူရခြင်းကြောင့် မိသားစုဝင်များ၏ ပရိဒေဝမီးလောင်ကျွမ်းချိန်တွင် ခွင့်ပြုရန်ခက်ခဲသည့် အနေအထားကြောင့်လည်း မျက်ကြည်လွှာကြိုတင်လှူဒါန်းထားသူများအားလုံးထံမှ ရရှိနိုင်ရန်ခက်ခဲမှုများကိုလည်း ကြုံရလေ့ရှိကြောင်း သိရသည်။

ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး၌ မျက်စိဆေးရုံကြီးမှ တာဝန်ကျသူနာပြုဆရာမကြီးများကို ထားရှိကာ မျက်ကြည်လွှာအလှူရရှိစေရေးအတွက် စေလွှတ်ကာ အချိန်မဆိုင်းလှူဒါန်းပေးနိုင်မည့် အလှူရှင်ကို ရှာဖွေပြီး မျက်စိဝေဒနာရှင်များအား မျက်ကြည်လွှာအစားထိုးကုသနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီးက ပြောကြားသည်။

ထို့အပြင် မျက်ကြည်လွှာအလှူရှင်များမှ လှူဒါန်းသည့် မျက်ကြည်လွှာများကို လိုအပ်သည့်လူနာများအား ပေးအပ်ရာတွင်လည်း စနစ်တကျဖြစ်စေရန်နှင့် ခွဲစိတ်ကုသရေးအတွက် ကုန်ကျစရိတ်များကို နိုင်ငံတော်မှ ကျခံပေးနေပြီဖြစ်ကြောင်း သိရသည်။

"ကုန်ကျစရိတ်တွေက အလွန်များပြားခဲ့ပါတယ်။ ဝေဒနာရှင်တွေအနေနဲ့ ခွဲစိတ်ကုသစရိတ်ကို အရင်က ခံကြရပေမယ့် နောက်ပိုင်းမှာ တတ်နိုင်သူတွေဆီက လိုအပ်တဲ့ ဆေးဖိုးတွေနဲ့ ကုန်ကျစရိတ်တွေကို မျှခံခိုင်းတာရှိခဲ့ပါတယ်။ အခုအချိန်မှာတော့ မျက်ကြည်လွှာ ပျက်စီးဆုံးရှုံးသွားတဲ့ ဝေဒနာရှင်တွေအားလုံးကို အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိပါတယ်။ သို့သော် မျက်ကြည်လွှာရရှိမှု အားနည်းနေတဲ့အတွက် ဝေဒနာရှင်များစွာ စောင့်ဆိုင်းနေရဆဲဖြစ်ပါတယ် "ဟု ဆေးရုံအုပ်ကြီး ဒေါက်တာဦးတင်ဝင်းက ပြောကြားသည်။

ဒါနပါရမီသည် ပေးကမ်းစွန့်ကြဲခြင်းကုသိုလ်ဖြစ်ပြီး ဒါနဥပပါရမီအဖြစ် ကိုယ်အင်္ဂါ၊ အသက်သွေးနှင့် ပတ်သက်သည့် ပေးကမ်းလှူဒါန်းမှုများသည် မွန်မြတ်သည့် ပါရမီတစ်ခုပင်ဖြစ်သည်။ ထို့ပြင် ကြိုတင်လှူဒါန်းမှု စိတ်ဖြင့် သက်ဆိုင်သည့် သဘောတရားတို့တွင် ကြိုတင်ကြံစည်ခြင်း၊ ပြောဆိုခြင်း၊ ကာယကံမြောက် သွားရောက်လှူဒါန်းခြင်းနှင့် ကုသိုလ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းတို့သည် ပါရမီတို့ကို ကုသိုလ်ထူးအဖြစ် အသွင်ပြောင်းကာ အရိပ်သဖွယ် သံသရာအဆက်ဆက်လိုက်ပါ ချမ်းသာနိုင်စွမ်းရှိကြောင်း ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း တည်ထောင်ကာ မျက်စိအပါအဝင်

**နိုင်ငံတော်မှ အခမဲ့ကုသပေးနေသော်လည်း မျက်ကြည်လွှာအခက်အခဲကြောင့် အစားထိုးကုသဖို့ စောင့်ဆိုင်းနေသူ ဝေဒနာရှင် ၆၀၀ ကျော် ရှိနေ. . .**

ရောဂါဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိသည့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက မိန့်ကြားသည်။

"ဒါနပါရမီတင်မကပါဘူး။ ကိုယ်အင်္ဂါအစိတ်အပိုင်းကို မသေခင်ကြိုတင်လှူဒါန်းထားတဲ့အတွက် မိမိရဲ့ သဒ္ဓါတရားဟာ မှတ်ကျောက်တင်ခံတဲ့ သဒ္ဓါတရားဖြစ်လာပြီး အဖန်တလဲလဲ အောက်မေ့ဆင်ခြင်တဲ့အခါ မေတ္တာပါရမီကို ဖြည့်ရာရောက်တယ်၊ ကိုယ့်အလှူကို မသေခင်ကိုယ့်ပတ်ဝန်းကျင်မှာ မှာကြားပြီး လှူဒါန်းဖို့ သန္နိဋ္ဌာန်နဲ့ဆောင်ရွက်တဲ့အခါ အဓိဋ္ဌာန်ပါရမီကိုလည်း ဖြည့်ရာရောက်တာမို့ မည်သူမဆို မိမိသေဆုံးသွားတဲ့အခါ ကျန်ရစ်မယ့် ကိုယ်ခန္ဓာကြီးကို လှူဒါန်းထားသင့်တယ်။ တစ်ကိုယ်လုံး ပြန်လည် သုံးစွဲသင့်တဲ့နေရာသုံးစွဲနိုင်သလို ဆေးပညာအတွက် အကျိုးရှိရှိနဲ့ သုတေသနလုပ်ငန်းတွေ လုပ်ရာမှာလည်း သုံးနိုင်အောင် လှူကြပါလို့ တိုက်တွန်းလိုပါတယ်။ သေရင်ပြာဖြစ်မယ့်အစား အကျိုးရှိရှိနဲ့ လူ့လောကကို အထောက်အကူ ပြုနိုင်မယ်ဆိုရင်အတိုင်းထက်အလွန်ကောင်းမွန်တယ်။ အခုနောက်ပိုင်းမှာ ဆေးတက္ကသိုလ်တွေ၊ မျက်စိဆေးရုံတွေမှာ ကိုယ်ခန္ဓာနဲ့ ပတ်သက်တဲ့ လှူဒါန်းမှုတွေလုပ်ဖို့ တတ်နိုင်သမျှ တိုက်တွန်းနေပါတယ်"ဟု မိန့်ကြားသည်။

တစ်နေ့တွင် လူသားအားလုံးသေကြရမည်ဖြစ်သည်။ မသေခင်အချိန်တွင် တတ်စွမ်းသမျှ လူ့လောကအကျိုးကို သယ်ပိုးခွင့်ရရန် ကြိုးပမ်းသင့်သကဲ့သို့ သေဆုံးပြီးနောက် ချုပ်ငြိမ်းသွားသည့် ခန္ဓာကိုယ်မှ အစိတ်အပိုင်းတို့အား ဆက်လက်ရှင်သန်ခွင့်ရရန် လိုအပ်နေသည့် ဝေဒနာရှင်များကို လှူဒါန်းဖြည့်စွမ်းပေးနိုင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

---

# တယ်လီနောဖုန်းကတ်များအသုံးပြုပါက အခမဲ့ Viber သုံးနိုင်မည်

**ရန်ကုန် ဇန်နဝါရီ ၆**

တယ်လီနောမြန်မာလီမိတက်မှ Viber နှင့်ပူးပေါင်း၍ နှစ်ပတ်အကြာ Viber မက်ဆေ့ပေးပို့ခြင်းနှင့် စတစ်ကာများအသုံးပြုခြင်းများကို အင်တာနက်အသုံးပြုခ အခမဲ့ဖြင့် အသုံးပြုခွင့်ပေးသည့် အစီအစဉ်ကို စတင်ထားကြောင်း သိရသည်။

ဇန်နဝါရီ ၄ ရက်မှစတင်ကာ အသုံးပြုသူများအနေဖြင့် Viber ဖြင့် ဗီဒီယိုဖုန်းခေါ်ဆိုမှုနှင့် ပုံမှန်ဖုန်းခေါ်ဆိုမှုများမှလွဲ၍ အခြား ဝန်ဆောင်မှုများကို အခမဲ့ အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် ပြည်သူများအကြား ဂုဏ်ယူဖွယ်ရာပြောဆိုသုံးစွဲနိုင်သည့် "Proud to be Myanmar"၊ "We win"၊ "It's cool"၊ "Love you" နှင့် "Share the love" တို့ကဲ့သို့သော စတစ်ကာများပါဝင်လာသည့် "We Love Myanmar" Sticker Pack လည်း အသုံးပြုနိုင်မည်ဖြစ်သည်။

"ကျွန်တော်တို့ တိုင်းပြည်က ပြည်သူတွေဆီကို မြန်မာအတွက် ဂုဏ်ယူဖွယ်နဲ့ ကျေနပ်ဖွယ် စတစ်ကာတွေဖန်တီးပေးနေတဲ့ မြန်မာပြည်မှာ လူကြိုက်အများဆုံး messaging application နဲ့ လက်တွဲလုပ်ကိုင်ရတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ စတစ်ကာတွေကို မိတ်ဆက်ခြင်းနဲ့အတူ တယ်လီနောအနေနဲ့ နှစ်ပတ်ကြာ အင်တာနက်အသုံးပြုခ အခမဲ့နဲ့ အသုံးပြုခွင့် ပေးသွားမှာဖြစ်ပါတယ်။ ရှေ့လာမယ့် အနာဂတ်ကာလတွေမှာလည်း ဒီလိုကောင်းမွန်တဲ့ အစီအစဉ်တွေနဲ့အတူ ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေကို ပျော်ရွှင်အောင်လုပ်ပေးဖို့ ကျွန်တော်တို့ စိတ်အားထက်သန်နေပါတယ်" ဟု Head of Value Added Services ဖြစ်သူ Sanat Pal Chowdhury က ပြောကြားသည်။

ထို့ပြင်တယ်လီနော၏ လက်ရှိအသုံးပြုလျက်ရှိသည့် ဆင်းကတ်များကို ယခုလအတွင်း ပိုမိုအဆင့်မြင့်မားသည့် ဆင်းကတ်များနှင့် မိမိဖုန်းနံပါတ်အတိုင်း၊ မှတ်သားထားသည့်အချက်အလက်များ မပျက်ယွင်းစေပဲ အခမဲ့လဲလှယ်ခြင်းကိုလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်းသိရသည်။

တယ်လီနောသည် နိုင်ငံတစ်ဝန်းတွင် တာဝါတိုင်ပေါင်း ၄၀၀၀ တည်ဆောက်ပြီး ၁၂ သန်းသော အသုံးပြုသူများကို မြန်မာနိုင်ငံတွင် အကြီးမားဆုံး အင်တာနက်ကွန်ရက် ဖြန့်ကြက်၍ ဝန်ဆောင်မှုများပေးအပ်နေပြီး ယင်းတို့ထဲမှ ၅၇ ရာခိုင်နှုန်းမှာ အင်တာနက်အသုံးပြုသူများဖြစ်ကြောင်း စစ်တမ်းများအရ သိရသည်။ ၂၀၁၄ ခုနှစ် စက်တင်ဘာတွင် အော်ပရေတာအဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ မြန်မာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို လွှမ်းခြုံနိုင်သည့် ကွန်ရက်ဖြစ်လာကြောင်း သိရသည်။

**သွန်းဝသန်**

# သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ကျိုက်မောဂ္ဂလိ မိုးကောင်းစေတီတော်မြတ်ကြီး ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြန်လည်ပြုပြင်တင်လှူပူဇော်မည်

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ ဗိုလ်ချုပ်ကျေးရွာ မြောက်ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ကျိုက်မောဂ္ဂလိ မိုးကောင်းစေတီတော်မြတ်ကြီး ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြန်လည်ပြုပြင် တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**



ရှေးဟောင်း သမိုင်းဝင်ကျိုက်မောဂ္ဂလိမိုးကောင်းစေတီတော်မြတ်ကြီးသည် ဉာဏ်တော် ပေ ၆၀ အောက် ပစ္စယံ ၁၂၄ ပေရှိပြီး ရာသီဥတုဒဏ်၊ သဘာဝဘေးဒဏ်တို့ကြောင့် ချွတ်ယွင်းပျက်စီးနေသည့်အတွက် အဆိုပါ ထီးတော်ပြန်လည်ပြုပြင်မွမ်းမံ တင်လှူပူဇော်နိုင်ရန်အတွက် မြောက်ကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်၊ ကျေးရွာသံဃာ့နာယကအဖွဲ့တို့၏ ဩဝါဒခံယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဇန်နဝါရီ ၁၀ ရက်၌ သန်လျင်မြို့တွင် လှည့်လည်အပူဇော်ခံမည်ဖြစ်ပြီး ဇန်နဝါရီ ၁၆ ရက်တွင် စေတီတော်မြတ်ကြီး၏ အထွတ်သို့ အခမ်းအနားဖြင့် စည်ကားသိုက် မြိုက်စွာ တင်လှူပူဇော်မည်ဖြစ်ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

# အလတ်ချောင်း ရေဆင်းတံတားသစ်ဖွင့်

**ရန်ကုန် ဇန်နဝါရီ ၆**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်း-အောက်ရုံ- အလတ်ချောင်းရပ်ကွက် အလတ်ချောင်းအပိုင်းရှိ သမ္မန်ဆိပ်ရေဆင်းတံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါရေဆင်းတံတားထိပ် မုခ်ဦး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ဦးရဲလင်းအောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဆုချီးမြှင့်ပွဲကျင်းပ

**လှိုင်းဘွဲ့ ဇန်နဝါရီ ၆**

မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေး(TSDP) အစီအစဉ်အရ ကျင်းပသည့် ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဖလားဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘိလိယက်နှင့်စနူကာ၊ မီနီမာရသွန်၊ ပြေးခုန်ပစ်အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက ဖွဲ့မာန်အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘိလိယက်နှင့်စနူကာပြိုင်ပွဲ၊ မီနီမာရသွန် ပြိုင်ပွဲများကို လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများမှ ဒီဇင်ဘာ ၁၃ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ယှဉ်ပြိုင်ကြကြောင်းနှင့် ဆုရရှိသော အားကစားအသင်းများနှင့် အားကစားသမားများအား ဆုဖလားနှင့်ဆုငွေများကို တာဝန်ရှိသူများက ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**လှိုင်းဘွဲ့(ပြန်/ဆက်)**

# မီးဘေးကြိုတင်ကာကွယ်နိုင်ရေးမီးသတ်ကန်များ ရေဖြည့်တင်းလဲလှယ်

**ကျောက်တံခါး ဇန်နဝါရီ ၆**

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်၍ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးဦးခုတ်ဆောင်းပြောင်ဦးစီး၍ မီးသတ်တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့ပေါ်ရှိ မီးသတ်ကန်များသို့ ရေများဖြည့်တင်းခြင်း၊ လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



"အခုအချိန်မှာ ပူပြင်းရာသီဖြစ်တာကြောင့် ပြည်သူတွေ မီးဘေးအန္တရာယ်ကင်းဝေးဖို့ ကျွန်တော်တို့မြို့နယ်မီးသတ်အနေနဲ့ မီးသတ်ယာဉ်လေးစီးဖြင့် အစဉ်သတိပေးနှိုးဆော်လျက်ရှိပါတယ်၊ စက်ရုံအလုပ်ရုံနဲ့နေအိမ်တွေမှာ မီးချိတ်၊ မီးကပ်၊ သဲအိတ်၊ ရေအိတ်နဲ့မီးသတ်ဆေးဘူးတွေထားရှိနိုင်ရေး၊ အမှိုက်သရိုက်များရှင်းလင်းခြင်း၊ လောင်စာဆီများသိုလှောင်ခြင်းမပြုဖို့နဲ့ မီးဘေးအန္တရာယ်ကြုံတွေ့လာရင် မီးသတ်ရေကန်မှာရေအဆင်သင့်ရှိဖို့ဆိုပြီး ဆောင်ရွက်ထားပါတယ်"ဟု မြို့နယ်မီးသတ်ဦးစီးမှူးက ပြောသည်။

**ခင်ကို(ကျောက်တံခါး)**

# မြစ်မိုင်းရောင်စီမံကိန်း နို့စားနွားမွေးမြူရေးဆောင်ရွက်

**ဖျာပုံ ဇန်နဝါရီ ၆**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ခွင့်ပြုငွေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် မြစ်မိုင်းရောင်ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအကောင်အထည်ဖော်ရာတွင် နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် အခြေခံကျောင်းများနို့တိုက်ကျွေးရာတွင် အထောက်အကူဖြစ်စေရန်နှင့် နို့ပေါင်းစက်ရုံများ လည်ပတ်ရေးတို့အတွက် နို့စားနွားမွေးမြူရေးစီမံကိန်းကို လုပ်ကိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

နို့စားနွားများကို ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပုသိမ်မြို့နယ်အတွက် နို့စားနွားအကောင် ၂၀ ခွင့်ပြုငွေကျပ်သိန်း ၃၀၀၊ ဟင်္သာတမြို့နယ် အတွက် နို့စားနွား အကောင် ၂၀ ခွင့်ပြုငွေကျပ်သိန်း ၃၀၀ နှင့် ဖျာပုံမြို့နယ်အတွက် နို့စားနွား အကောင် ၃၀ ခွင့်ပြုငွေကျပ်သိန်း ၃၀၀ စုစုပေါင်းနို့စားနွားအကောင် ၇၀ အတွက် ငွေကျပ်သိန်း ၉၀၀ ခွင့်ပြုထားကြောင်း သိရသည်။

နိုင်ငံတော်ထောက်ပံ့ငွေများအကျိုးရှိစွာ အသုံးပြုရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဆင့်တာဝန်ရှိသူများ ဦးဆောင်ကြီးကြပ်မှုဖြင့် ကျေးရွာများရှိမြစ်မိုင်းရောင်ကော်မတီများက အနီးကပ်ကြီးကြပ်လျက် အမြန်ဦးစားပေးဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း သိရသည်။

**အောင်ဝင်း(ဖျာပုံ)**

# ဟိုပုံးမြို့နယ် ဒုံတောင်ကျေးရွာ၌ ရေပေးရေးလုပ်ငန်းဖွင့်

**ဟိုပုံး ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် စငေါ်ကျေးရွာအုပ်စု ဒုံတောင်ကျေးရွာ ရေပေးရေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုက အမှာစကားပြောကြားပြီးနောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က ရေပေးရေးလုပ်ငန်းနှင့် ပတ်သက်သောကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒုံတောင်ကျေးရွာ ရေပေးရေးလုပ်ငန်းအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခွန်မောင်ငွေနှင့် ဦးစိုင်းလှမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# ကသာမြို့တွင် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပ

**ကသာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲကို ကသာမြို့ မီတာ ၂၀၀ အားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကသာခရိုင် စီ/ခန့် ဥက္ကဋ္ဌ ဦးကျော်ကျော်အုန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ရှိပြည်သူများတက်ရောက်ခဲ့ကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို ကသာခရိုင်စီ/ခန့်ဥက္ကဋ္ဌက ဖတ်ကြားခဲ့ပြီး အခမ်းအနားအပြီးတွင် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

**လှအောင်(ကသာ)**

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ မန္တလေးတွင် စည်ကားစွာကျင်းပ

**မန္တလေး ဇန်နဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီက ကြီးမှူးပြီးဆရာဒဿစီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ဇန်နဝါရီ ၄ ရက် ညနေ ၆ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားရုံ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**



ပြိုင်ပွဲကို တွဲဆိုင်း ၁၁ ဆိုင်းဖြင့် ကျင်းပခဲ့သည်။ မြန်မာ့ရိုးရာလက်ဝှေ့ကျော်ဟောင်းကြီးများ၏ လက်ဝှေ့ရေးပြမှုကလည်း ပရိသတ်အကြိုက်တွေ့စေခဲ့သည်။

ပြိုင်ပွဲတွင် သုံးချီစိန်ခေါ်ပွဲ၊ လေးချီစိန်ခေါ်ပွဲနှင့် ငါးချီစိန်ခေါ်ပွဲများပါဝင်ခဲ့သည်။ သုံးချီစိန်ခေါ်ပွဲများတွင် မျိုးမင်းဟိန်း(ကျားဖြူကလပ်)နှင့် တက်လူ(ဇေယျာကလပ်)၊ အောင်တံခွန်(ရတနာပုံ-ရွှေလက်သီး)နှင့် သားစနေ (သရဖူ) တို့ အလူးအလဲ ပူးတွဲသရေဖြစ်ခဲ့သည်။

ငစိုး(အောင်စိုးကလပ်)က မောင်မောင်(ကျားဖြူကလပ်)ကို ဒုတိယအချီတွင် လည်းကောင်း၊ ထွန်းလင်း(ဇေယျာကလပ်)က ရွှေကချင်(အောင်စိုးကလပ်)ကို ပထမ အချီတွင်လည်းကောင်း၊ ဖွဲ့သတ္တိ(မိဘရိပ်)က သိန်းရာဇာ(စဥ္စကိုင်)ကို တတိယအချီတွင်လည်းကောင်း၊ ဗျဴဂွ (ကျားဖြူကလပ်)က ဇာနည်(အမရပူရ) ကို တတိယအချီတွင်လည်းကောင်း၊ ညီအောင်ဝင်း(ပြင်ဦးလွင်) က အောင်ဇေယျ (ဇေယျာ ကလပ်)ကို ဒုတိယအချီတွင်လည်းကောင်း အနိုင်ရရှိခဲ့သည်။ လေးချီအထူးစိန်ခေါ်ပွဲတွင် သိန်းနိုင်ထွန်း(ယူနိုက်တက်)နှင့်ဖိုက်တာ(အဖြူရောင်သွေးသစ်)တို့ အလူးအလဲပူးတွဲသရေကျခဲ့သည်။

ငါးချီအထူးစိန်ခေါ်ပွဲတွင် ဗထူးမောင်(ရွှေလက်သီး)နှင့် နေဒူဘီ (STL) တို့ ပူးတွဲသရေကျသည်။

ဖိုက်ကေ(ကျားဖြူကလပ်)နှင့် မိုက်မိုက် (STL) တို့ ပူးတွဲသရေကျသည်။ နောက်ဆုံးပွဲစဉ်နှစ်ပွဲ ပရိသတ်အထူးအားပေးမှုရှိသည်ဟု သိရှိရသည်။ မန္တလေးတစ်မြို့လုံး လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့်လည်ပတ်မှုများဖြင့် စည်ကားလျက်ရှိသည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

အထက(၂)တောင်ဥက္ကလာပကျောင်းတွင် အငြိမ်းစားဆရာကြီး/ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ဦးစီးဦးဆောင်ပြု၍ ဆရာကန်တော့ပွဲများ ကျင်းပပေးခြင်း၊ ဂုဏ်ထူးရကျောင်းသား/ကျောင်းသူများအားဆုချီးမြှင့်ပေးခြင်း၊ ဆေးတက္ကသိုလ်ကျောင်းထားပေးခြင်း၊ ကျောင်းတွင်လိုအပ်သည့်ကိစ္စအဝဝအား ငွေအား၊ လူအားဖြင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော အထက(၂)တောင်ဥက္ကလာပကျောင်း နာယက **သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ၊ သီရိသုဓမ္မမဏိဇောတရေ** Dr.ဦးစိုးသိန်းအား၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးလိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

**သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးကိုလည်းဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။**

**အထက(၂)တောင်ဥက္ကလာ အငြိမ်းစားကျောင်းအုပ်ဆရာကြီး/ဆရာမကြီးများ**
**အထက(၂)တောင်ဥက္ကလာ အငြိမ်းစား ဆရာကြီး/ဆရာမကြီးများ**
**အထက(၂)တောင်ဥက္ကလာ ကျောင်းအုပ်ဆရာကြီး၊ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ**
**အထက(၂)တောင်ဥက္ကလာ မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၂)တောင်ဥက္ကလာ ကျန်းမာစောင့်ရှောက်မှုကော်မတီနှင့် ကျောင်းသား/ကျောင်းသူဟောင်းများအဖွဲ့**

## လိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မမဏိဇောတရေ** ဦးကျော်ခင်မြင့်အား **အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတရေ** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ၊ သီရိသုဓမ္မမဏိဇောတရေ** Dr.**ဦးစိုးသိန်းနှင့်ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီဒေါ်ခင်ချိုအုန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## အလက(၁)တာမွေ၊ ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့်မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

အလက(၁)တာမွေတွင် ပညာသင်ကြားပေးခဲ့သော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် အငြိမ်းစား ဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့မည့် ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကိုအောက်ဖော်ပြပါ အစီအစဉ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အလက(၁)တာမွေ ကျောင်းသား/ကျောင်းသူဟောင်းညီအစ်ကိုမောင်နှမများအားလုံး ပြန်လည်ဆုံစည်းကြခြင်းဖြင့် ကိုယ်တိုင်မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**မြတ်ဆရာပူဇော်ပွဲ** - ၁၀-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီ
**မိတ်ဆုံညစာစားပွဲ** - ၁၀-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၆နာရီ
**ကျင်းပမည့်နေရာ** - အလက(၁)တာမွေ ကျောင်းမြက်ခင်းပြင်

**ကျောင်းသား/သူဟောင်းများအဖွဲ့**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လေလံကြော်ငြာ

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန(ဆူးလေဆိပ်ကမ်း)၊ မြန်မာစက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းတို့တွင် ထိန်းသိမ်းထားရှိသော ရက်ပေါင်း(၆၀)ကျော်လေလံစာရင်းဝင် Caustic Soda, Soil Stabilizer & Computer Parts ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ၁၉-၁-၂၀၁၆ရက် ၁၃း၃၀ နာရီတွင် ဈေးပြိုင်လေလံစနစ်ဖြင့် ထုခွဲရောင်းချမည် ဖြစ်ပါသည်။

၂။ လေလံတင်ထုခွဲရောင်းချခြင်းဆိုင်ရာ စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်/ကွန်ကရစ်လမ်း၊ Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၇-၁-၂၀၁၆ရက်မှ ၁၈-၁-၂၀၁၆ရက်အထိ ရုံးဖွင့်ရက်/ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၆ ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နေ **ဦးမျိုးမင်းဇော်(ခ)ဦးစိုင်းဘိုဘို** (ဥက္ကဋ္ဌ-မြန်မာရတနာရွှေခေတ်ကုမ္ပဏီလီမိတက်) အား **သုဓမ္မမဏိဇောတရေဘွဲ့** ပေးအပ်ချီးမြှင့်ခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုးဘာသာ၊ သာသနာအကျိုး၊ နိုင်ငံ့အကျိုးတို့အား ဆတက်ထမ်းပိုးစွမ်းဆောင်နိုင်ပါရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**MD နှင့် ဝန်ထမ်းများ**
**မောဝ်ရွှေပြည်ကုမ္ပဏီလီမိတက်**




MPT
ရွှေသို့လှမ်းချီမြန်မာပြည်
အကြီးကျယ် အခမ်းနားဆုံး
ပျော်ရွှင်ကံထူး နှစ်သစ်ကူး
အထူးဆုကံထူးရှင်ရွေးချယ်ပွဲကြီး
ဇန်နဝါရီလ ၉ရက်
Junction Square
နံနက် (၁၁) နာရီမှ ည နေ(၆) နာရီထိ
ကံစမ်းမဲကာလ
၂၀၁၅ နိုဝင်ဘာ (၂၆)ရက်မှ ၂၀၁၆ ဇန်နဝါရီ (၇) ရက်ထိ
ကံထူးရှင်ရွေးချယ်ပွဲ
၂၀၁၆ ဇန်နဝါရီ ၉ရက် ညနေ ၃နာရီ၄၅မိနစ် မှစ၍ MRTV-4
ရုပ်သံလိုင်းတွင် တိုက်ရိုက်အစီအစဉ်အဖြစ် ထုတ်လွှင့်ပေးသွားပါမည်
ဖုန်းတွေကို ဖွင့်ထားပြီး MPT က ဖုန်းခေါ်တာကို စောင့်နေဖို့မမေ့နဲ့နော်
အထူးဆု လင်ခရူဇာကားသစ်ကြီးအပါအဝင် အဖိုးတန်ဆုမဲပေါင်း ၄၀ နှင့် ငွေဖြည့်ဆုမဲပေါင်း ၁၉၉၀၀ကျော်
ကံထူးနိုင်မည့် နောက်ဆုံးအခွင့်အရေး
MPT ကိုများများသုံး ကံထူးခွင့်တွေအများဆုံး
MPT အချင်းချင်းပြည်တွင်းဖုန်းခေါ်ဆိုခြင်း
ခေါ်ဆိုချိန်(၁)မိနစ်တိုင်း (၁)စောင်
၃၀၀၀ကျပ်နှင့်အထက်ငွေဖြည့်သွင်းခြင်း
၃၀၀၀ကျပ် (၃၀)စောင်
၅၀၀၀ကျပ် (၅၀)စောင်
၁၀၀၀၀ကျပ် (၁၀၀)စောင်
၂၀၀၀၀ကျပ် (၂၀၀)စောင်
၃၀၀၀၀ကျပ် (၃၀၀)စောင်
MPT ဆင်းကတ်အသစ် ဝယ်ယူအသုံးပြုခြင်း
ကတ်(၁)ကတ် (၃၀)စောင်
နာမည်ကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ
ဆုလက်ဆောင်များစွာ ရယူပိုင်ဆိုင်နိုင်မည့် အစီအစဉ်များ ၊
ပျော်ရွှင်ဖွယ်ဂိမ်းကစားနည်းများစွာဖြင့် ခမ်းနားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပါသည်
JUNCTION SQUARE
အသေးစိတ်သိရှိလိုပါက
အငြင်းပွားဖွယ်ရာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက MPT ၏ ဆုံးဖြတ်ချက်သာ အတည်အဖြစ်သတ်မှတ်မည်ဖြစ်ပါသည်။
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday








**တစ်ဦးတည်းဖြစ်ပါကြောင်း**

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ သီရိဟေမာရပ်ကွက်နေ ဦးတင်မောင်၏သမီး ၇/ထတပ(နိုင်)၀၀၃၉၈၈ ကိုင်ဆောင်သူ ဒေါ်နွဲ့နွဲ့ဝင်းနှင့် ဒေါ်ခင်နွဲ့မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဒေါ်နွဲ့နွဲ့ဝင်း(ခ)ဒေါ်ခင်နွဲ့

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/၅၄၉၃၁ Zong Shen 110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော် ၅/အရတ(နိုင်)၀၆၅၃၃၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ချည်မျှင်နှင့် အထည်စက်ရုံ(၇)ရုံအတွက် လိုအပ်သောချည်မျှင်ရှည်ဝါဂွမ်း (C) ၁၂၆၁၂၀၀ ပိဿာအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ကြော်ငြာအပ်ပါသည်။

**တင်ဒါအမှတ်** - ၀၃/၂၀၁၅-၂၀၁၆ရက်
**တင်ဒါဖြန့်ရက်** - ၅-၁-၂၀၁၆ရက်
**တင်ဒါပိတ်ရက်** - ၅-၂-၂၀၁၆ရက်

တင်ဒါပုံစံအသေးစိတ် အချက်အလက်များကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၄၀၈၄၃၉၊ ၄၀၈၄၉၂တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်ထဲရေးဝန်ကြီးဌာန**
**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးယာဉ်၊ စက်နှင့် စက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ လုံခြုံရေးနှင့်စစ်ဆေးရေးစက်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အဆိုပါပစ္စည်းများတင်သွင်းလိုသော ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာများကို ၆-၁-၂၀၁၆ ရက်မှစ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ်(၈)ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပြီး ၅-၂-၂၀၁၆ ရက် ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါအဆိုပြုလွှာများနှင့်အတူ ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile တို့အား ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။
၃။ ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းရမည့်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံများအား တစ်စောင်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၈)ရှိ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၄၇၊ ၀၆၇-၄၁၂၁၇၇၊ ၀၆၇-၄၁၂၅၄၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးဌာန**

## ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါင်းငူကြက်မွေးမြူရေးခြံနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီး ဘဲမွေးမြူရေးခြံတို့ရှိ ပြုပြင်သုံးစွဲရန်မသင့်သည့် အဆောက်အအုံအဟောင်းများ၊ လုပ်ငန်းသုံးပစ္စည်းအဟောင်းများ၊ ရုံးအသုံးအဆောင်များ၊ ပရိဘောဂအဟောင်းများအား မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချလိုပါသည်။
၂။ လေလံစည်းကမ်းချက်နှင့်ပုံစံများကို ၅-၁-၂၀၁၆ ရက်မှစ၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန၊ ပျဉ်းမပင်နယ်မြေ၊ စီမံရုံး၌ရယူနိုင်ပြီး ၁၁-၁-၂၀၁၆ရက် မွန်းလွဲ ၁၄း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။
၃။ လေလံတင်သွင်း ယှဉ်ပြိုင်ဝယ်ယူသူများသည် အာမခံငွေ(၁၀)သိန်းကျပ်တိတိကို လေလံဖွင့်ရောင်းချမည့်ရက် ၁၂-၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် တစ်ပါတည်းယူ ဆောင်လာရမည်ဖြစ်သည်။
၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန၊ ပျဉ်းမပင်မြို့နယ်၊ စီမံရုံး ဖုန်း-၀၉-၇၉၅၈၃၇၁၂၇၊ ၀၉-၄၂၀၀၀၁၈၄၉၊ ၀၉-၈၆၅၀၇၀၄ တို့သို့ ဆက်သွယ်နိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်မှ**
**ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လေလံတင်ရောင်းချရန်အတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးသို့လှောင်ရုံ၌ရှိသော အသုံးမလိုတော့သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လေလံတင်ရောင်းချလိုပါသည်။
၂။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစားနှင့် အရေအတွက်များအား မျက်မြင် အနေအထားအတိုင်း Lot-No အလိုက် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၃။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်နှင့် ပစ္စည်းပြသမည့်ရက်** - ၁၁-၁-၂၀၁၆ရက်မှ ၁၅-၁-၂၀၁၆ရက်ထိ နံနက် ၉း၀၀နာရီမှ ၁၆း၀၀ နာရီ (ရုံးချိန်အတွင်း)
၄။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ကြီးမြို့။
၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၁၅-၁-၂၀၁၆ရက် (မွန်းတည့် ၁၂း၀၀နာရီ)
၆။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်** - ၁၈-၁-၂၀၁၆ရက် (၁၃း၀၀နာရီ)
၇။ အသေးစိတ်သိလိုပါက လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၌ ရုံးချိန်အတွင်း ဖုန်း-၀၈၁-၂၁၂၁၄၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်(ပွဲစားမလို)

၁။ စမ်းချောင်း၊ ကျွန်းတောလမ်းမနီး၊ ပေ(၁၂½×၅၀)၊ မြေညီ(ထပ်ခိုး)ပါ၊ MBR(1)၊ BR(1), A/C(2),ရေပူရေအေး၊ ကြွေပြားပြည့်၊ ပြင်ဆင်ပြီး။ သိန်း(၉၉၀)
၂။ စမ်းချောင်း၊ မြေနီကုန်း၊ ပေ(၂၅×၅၀)၊ ဒုထပ်၊ ကျွန်းပါကေး၊ MBR(1),BR(1)၊ ကြိုးဖုန်း၊ ဓာတ်လှေကားပါ၊ ပြင်ဆင်ပြီး ကွန်ဒိုတိုက်ခန်းသစ်။ သိန်း(၁၄၇၀)

**ဖုန်း-၀၉-၄၂၀၁၂၈၈၇၅၊ ၀၉-၄၄၉၀၀၂၈၅၆**


**Basic Engineering Course**
(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း)
အခြေခံ/ကျွမ်းကျင် သင်တန်း တက်လိုသူများ
ပြည်တွင်း/ပြည်ပ - အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
သုခစုစုံ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph : (01) 377343, 377344, 385758, 386877, 392233


## အသိပေးကြေညာခြင်း

တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ သလဲဦးကျေးရွာအုပ်စု ဟိုတယ်ဇုန်တွင် ဟိုတယ်လုပ်ငန်းလုပ်ကိုင်ရန် မဲပေါက်ထားသည့် လုပ်ငန်းရှင်များသည် ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၁ရက်နောက်ဆုံးထားပြီး ငွေပြေအကျေပေးသွင်းရမည်ဖြစ်ကြောင်း လိုက်နာရမည့်စည်းကမ်းချက်များတွင် အတိအလင်းဖော်ပြထားပြီးဖြစ်ပါသည်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၁၉/၂၀၁၅)၊ ဟိုတယ်ဇုန်ဦးစီးကော်မတီ အစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၅) ဆုံးဖြတ်ချက်တို့အရ ငွေပေးသွင်းရန်ပျက်ကွက်သည့် လုပ်ငန်းရှင်များအား ဟိုတယ်လုပ်ငန်းလုပ်ကိုင်ခွင့် ပယ်ဖျက်ပြီး မဲပေါက်ထားသည့် အောက်ဖော်ပြပါမြေကွက်များကို အစိုးရမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် သတ်မှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဇုန်အမည် | အကွက်အမှတ် | မြေဧရိယာ |
|---|---|---|---|
| ၁ | A ဇုန် | E-5 | ၂.၄၉ ဧက |
| ၂ | B ဇုန် | G-1 | ၈.၄၁ ဧက |
| ၃ | B ဇုန် | I-2 | ၆.၉၆ ဧက |
| ၄ | C ဇုန် | M-1 | ၈.၀၀ ဧက |
| ၅ | C ဇုန် | M-2 | ၆.၃၆ ဧက |
| ၆ | C ဇုန် | O-2 | ၅.၉၈ ဧက |
| ၇ | C ဇုန် | O-6 | ၆.၅၇ ဧက |
| ၈ | C ဇုန် | P-7 | ၅.၄၁ ဧက |

**အင်းလေးဒေသဟိုတယ်ဇုန် ဖွံ့ဖြိုးတိုးတက်ရေး**
**ဦးစီးကော်မတီ**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ညောင်ဝန်းရွာနေ
ဦးဆွေနိုင်ဦး-ဒေါ်မြကြည်တို့၏သား
**ဗိုလ်ကြီးသက်နိုင်ဦး B.Sc(DSA)Electronic**
**နှင့်**
မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ၁၀ လမ်း၊ ၈၇×၈၈ လမ်းကြားနေ
ဦးသန်းရွှေ-ဒေါ်မြင့်မြင့်အေးတို့၏ သမီး
**မလှလှဆွေး (B.Sc, Maths) (အမက-၃၁)၊ ချမ်းအေးသာစံ**
**Postgraduate Diploma in Teaching-9**
**Postgraduate Diploma English(MUFL)**

တို့သည်၄-၁-၂၀၁၆ ရက်တွင် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးသက်နိုင်ဦး-မလှလှဆွေး**


ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350



"မြန်မာလူငယ်များနှင့် MBA အကြောင်းဆွေးနွေးပွဲ"
MBA လျှောက်ထားမည့်သူများအတွက် S$ 4000
CROWN EDUCATION Yangon Myanmar
psb Academy
Speaker : DR HUONG HA
Monash University, Australia /
LKY School of Public Policy the
National University of Singapore
YANGON
Date : 9 Jan 2016
Time : 2:00 pm - 4:00 pm
Venue : CROWN EDUCATION CENTER
MANDALAY
Date : 10 Jan 2016
Time : 2:00 pm - 5:00 pm
Venue : HOTEL MANDALAY, Zabai Phyu Room
› MBA ကို ဘယ်လိုလူမျိုးတွေ၊ ဘယ်လိုအသက်အရွယ်မှာ သင်ယူသင့်သလဲ / ဘယ်လိုအသုံးချမလဲ
› MBA ကို အင်ဂျင်နီယာ၊ အိုင်တီ၊ ဆရာဝန်တွေနဲ့ စီးပွားရေး မသင်ယူခဲ့ဘူးသူတွေ သင်ယူရင် အကျိုးရှိနိုင်မှာလား
› ဩစတြေးလျ MBA / အင်္ဂလန် MBA နဲ့ အမေရိကန် MBA တွေ ဘာတွေကွာခြားပါသလဲ၊ ဘယ်ဟာအကောင်းဆုံးလဲ
› MBA တက်ဖို့ GMAT တွေ GRE တွေ ပြင်ဆင်ထားဖို့ လိုပါသလား
› MBA ကို ပြည်တွင်းမှာ တက်တာနဲ့ ပြည်ပမှာ တက်တာ ဘယ်ဟာပိုအကျိုးရှိပါသလဲ
REGISTER NOW : 01 527 838 - 09 730 40 688 - 09 732 732 77



ဩစတြေးလျ အစိုးရထိပ်တန်းတက္ကသိုလ် ဖြစ်သည့် James Cook University ၏
Singapore Campus တွင် ဘွဲ့ဒီဂရီတက်ရောက်ရယူလိုသူများအတွက် .....
JCU SINGAPORE
ဂျေစီယူ(စင်ကာပူ) ပညာရေးဆွေးနွေးပွဲ(ရန်ကုန်)
၁၀.၁.၂၀၁၆ (တနင်္ဂနွေနေ့)
နေ့လယ် (၁)နာရီမှ (၃)နာရီ
Mandalay Room, Level (4),
NOVOTEL Hotel @ Pyay Road


Undergraduate Studies
➤ Bachelor of Information Technology
➤ Bachelor of Psychological Science
➤ Bachelor of Business
✓ Business Intelligence & Information System
✓ International Business
✓ Management / Marketing / Accounting
✓ Financial Management
Postgraduate Studies
➤ Master of Business Administration
➤ Master of Professional Accounting
➤ Master of Information Technology
✓ Interactive Technologies & Games Design
✓ Business Informatics / Computing & Networking
အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။
ကြိုတင်စာရင်းပေးသွင်းရန် - (ဖုန်း) ၆၅၂၂၅၈ ၊ ၅၂၁၁၂၅ ၊ ၀၉ ၅၀၆၂၁၇၁ ၊ ၀၉ ၇၉၉၅၉၅၉၄၉
AT&S
/eduGlobalVillage


## အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ဘုရားဖြူရပ်ကွက်၊ ပန်းတင်လမ်းခွဲ(၈)၊ နယ်မြေ (၃)တွင်နေထိုင်သော ဦးမြင့်အောင် ၁၃/တကန(နိုင်) ၀၁၈၆၄၉နှင့် ဒေါ်ရင်ရွှေ ၁၃/တကန(နိုင်) ၀၁၈၆၅၀ တို့၏သားဖြစ်သူ မောင်အောင်နိုင်ဦး ၁၃/တကန(နိုင်)၂၄၇၄၅၄ သည် မိဘဆုံးမစကားများကို နားမထောင်ပါသဖြင့် သားအဖြစ်မှပယ်ဖျက်ပြီး အမွေပြတ်စဲကြောင်း ကြေညာအပ်ပါသည်။

**ဦးမြင့်အောင်-ဒေါ်ရင်ရွှေ**


အိမ်၊ ခြံ၊ မြေ
ရောင်း၊ ဝယ်၊ ငှား
* သီလဝါ
* ကျောက်တန်း
* သန်လျင်
PH; 09-420185599
09-420185577


## အမည်မှန်

နမ့်ခမ်းမြို့၊ ပေါက်တင်မရပ်ကွက်နေ ဦးစိုင်းကျော်သိန်း၏သမီးဖြစ်သူ အမည်မှန်မှာ နန်းအေနွမ်းခမ်း(ခ)နန်းနွမ်းခမ်း ၁၃/နခန (နိုင်)၀၇၃၂၉၂ ဖြစ်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ

## ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) (ဖြူး)
(ကြည်း/၁၁၅၇၂)၊ D.S.A (၁၁)
(ဒု-ဝန်ကြီး၊ ငြိမ်း)
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**
**အသက်(၇၀)**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာ အိမ်ရာဝင်း၊ အမှတ် ၁၂၉နေ (ဒေါ်ချစ်ယဉ်)၏ခင်ပွန်း၊ မမေသန်းထွန်း၊ မောင်သီဟသန်းထွန်း-မအေးသန္တာထွေးတို့၏ဖခင်၊ မသီရိသန်းထွန်း၏ ဘိုးဘိုးကြီးသည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူသမီးနှင့်သား

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက်(၇၀)
(ဒုတိယဝန်ကြီး၊ ငြိမ်း)
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာအိမ်ရာဝင်း၊ အမှတ် ၁၂၉နေ (ဒေါ်ချစ်ယဉ်)၏ခင်ပွန်း ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက်(၇၀)သည် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့)တွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**သမ္မတရုံးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက်(၇၀)
(ဒု-ဝန်ကြီး၊ ငြိမ်း)
**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာအိမ်ရာဝင်း အမှတ် ၁၂၉နေ (ဒေါ်ချစ်ယဉ်)၏ခင်ပွန်း ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)သည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့်ဇနီး မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက်(၇၀)
(နယ်စပ်/စည်ပင်)ဝန်ကြီးဌာန၊ (ဒုတိယဝန်ကြီး၊ ငြိမ်း)

ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)၊ (နယ်စပ်/စည်ပင်)ဝန်ကြီးဌာန၊ (ဒုတိယဝန်ကြီး၊ ငြိမ်း) အသက်(၇၀)သည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၂၉၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာအိမ်ရာဝင်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ-ဇနီး ဒေါ်ဝင်းဝင်းမော်**
**ဝန်ထမ်းမိသားစုများ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက်(၇၀)
(ဒု-ဝန်ကြီး၊ ငြိမ်း)
**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာ ဖလမ်း၊ သုမင်္ဂလာအိမ်ရာဝင်း အမှတ် ၁၂၉နေ (ဒေါ်ချစ်ယဉ်)၏ခင်ပွန်း ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)သည် ၄-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၆နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်-ဇနီး ဒေါ်ခင်စန္ဒာထွန်းနှင့် မိသားစု**
**ပြန်ကြားရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း) အသက်(၇၀)
(နယ်စပ်/စည်ပင်)ဝန်ကြီးဌာန၊ (ဒုတိယဝန်ကြီး၊ ငြိမ်း)

ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)၊ (နယ်စပ်/စည်ပင်)ဝန်ကြီးဌာန၊ (ဒုတိယဝန်ကြီး၊ ငြိမ်း) အသက်(၇၀)သည် ၄-၁-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၆နာရီတွင် ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊အမှတ် ၁၂၉၊သုမင်္ဂလာ ဖလမ်း၊သုမင်္ဂလာ အိမ်ရာဝင်းနေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူသမီး၊ သားတို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
**ကျောင်းအုပ်ကြီး ဦးတင်မောင်မြင့်၊ ဇနီး ဒေါ်အေးသီတာမြင့်**
**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၊ စစ်ကိုင်း**

## ဒေါ်မာမာအေး(မိုးကုတ်) အသက်(၅၉)နှစ်

မိုးကုတ်မြို့ အနောက်ပိုင်း၊ ညောင်ပင်ကြီးရပ်နေ (ဦးအောင်လင်း၊ မော်ကွန်းဝင်ဒုတိယဆင့်-ဒေါ်လှတင်)တို့၏သမီး၊ ဦးအောင်ရှင်-ဒေါ်တင်လင်းတို့၏ညီမ၊ (ဦးအောင်ကျော်မြင့်)-ဒေါ်နှင်းတင်၊ ဒေါ်မာမာငွေးတို့၏အစ်မ၊ ဦးကျော်နိုင်ဦး-ဒေါ်မြတ်မြတ်အောင်၊ ဦးစိုးရွှေ-ဒေါ်ချိုချိုအောင်၊ ဦးရာဇာစိုးမိုးအောင်-ဒေါ်ဥမ္မာအေး၊ ဒေါ်ထွေးမို့မို့အောင်(အထက-ကျပ်ပြင်)၊ ဗိုလ်ကြီးယဉ်ငွေး-ဒေါ်ဇင်မို့မို့အောင်တို့၏အဒေါ်၊ ဦးထွန်းထွန်းဝင်း(လ/ထ ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးချုပ်၊ နေပြည်တော်)-ဒေါ်အေးသန္တာကျော်တို့၏ချစ်လှစွာသောမိခင်ကြီး၊မောင်ဟိန်းသန့်၏အဘွားသည် ၆-၁-၂၀၁၆ရက် ညနေ ၅နာရီတွင် မိုးကုတ်မြို့ အနောက်ပိုင်း ကသည်းညောင်ပင်ကြီးရပ်ရှိနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ကသည်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒုအရာခံဗိုလ်ငွေးအောင်(လေ-၁၇၂၉၅) အသက်(၅၈)နှစ်
တပ်မတော်-လေ(ငြိမ်း)

ရန်ကုန်မြို့၊ စော်ဘွားကြီးကုန်း၊ အမှတ် ၅၊ အခန်း ၆၊ အရာရှိအိမ်ရာဝင်းနေ (ဦးမင်းနွယ်)-ဒေါ်လှတို့၏သား၊ (ဦးမောင်သောင်း)-ဒေါ်တင်တင်တို့၏သားသမက်၊ ဒေါ်နီလာသောင်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြင့်ဦး)၏ညီ၊ (ဦးငွေးမောင်အေး)၊ ဒေါ်အေးအေးနိုင်၊ ဦးထွန်းထွန်းတို့၏အစ်ကို၊ ဗိုလ်မှူးအောင်စိုးဦး-ဒေါ်ဖြိုးဖြိုးအိ၊ ဗိုလ်ကြီးသန့်ဇင်အောင်-ဒေါ်အိရွှေစင်၊ မောင်လင်းထက်အောင်(စည်ပင်ကျန်းမာရေးဌာန)-မစန္ဒာဝင်း၊ မခိုင်မွန်အောင်တို့၏ချစ်လှစွာသောဖခင်၊ မဆုလာဘ်အောင်၊ မချိုသာအောင်၊ မသံစဉ်အောင်တို့၏အဘိုးသည် ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၀၁နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်လှအေးကြည်(ခ)အီလာယာချီဒေဝီ
(မာတာဂျီး)
**အသက်(၈၇)နှစ်**

ဝဏ္ဏကျော်ထင် မဟာသဒ္ဓမ္မဇောတိကဓဇ၊ ကမ္ဘာ့ဝိပဿနာဆရာကြီး ဦးဂိုအင်ကာ၏ဇနီး၊ သားခြောက်ယောက်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၅-၁-၂၀၁၆ရက် ဒေသစံတော်ချိန် နံနက် ၁၁း၁၅နာရီတွင် မွမ်ဘိုင်းမြို့၌ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၁၆ရက်တွင် မွမ်ဘိုင်းမြို့၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့်ယောဂီများအား အသိပေးအကြောင်းကြားအပ်ပါသည်။
အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့၊ မြန်မာပြည်

## ဒေါ်အေးမိ အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလရပ်ကွက်၊ တိုက် ၅၀၊ အခန်း ၈နေ (ဦးလှတင်-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးအေးသန်း)၏ဇနီး၊ ဗိုလ်မှူးကျော်မင်းသန်း(ငြိမ်း) (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်မာမာအေး၊ ဒေါ်သီတာသန်း(Shwegandamar Int'l Trading Ltd.)၊ ဒေါ်ချောငယ်ငယ်ထွေး-ဦးအောင်မြင်ထွန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဝင်းမေ အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေမဥ္ဇူလမ်း၊ အမှတ် ၂၂၄နေ (ဦးထွန်းကျော်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးကျော်ညွန့် (ဆသရ၊ ငြိမ်း)၏ဇနီး၊ ဦးငွေထွန်း-ဒေါ်ဝင်းတို့၏အစ်မ၊ (ဦးရဲထွဋ်)-ဒေါ်အေးအေးဝင်း၊ ဦးခင်မောင်မြင့်(ဆသရ၊ ငြိမ်း)-ဒေါ်လှလှငွေး(ဆသရ)၊ ဦးအောင်စိုး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးခင်ထွေး-ဒေါ်ခင်ဆွေဝင်း၊ဦးကျော်ကျော်-ဒေါ်သင်းသင်း (သင်းသင်းအထည်ဆိုင်)၊ ဒေါ်မြင့်မြင့်ဝင်း(ဆသရ)(UAB Bank)၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လှဖြူ(ခ)ဒေါ်အေး အသက်(၇၅)နှစ်
မောင်တော(နတ်မြစ်)

စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ် ၂၆(မြေညီ)နေ (ဦးစံထွန်းအောင်-ဒေါ်ညာစိမ်းဖြူ)တို့၏သမီး၊ (ဦးစံကျော်-ဒေါ်လှဝါ)တို့၏ သမီးချွေးမ၊ ဒေါ်ဝါ၏ညီမ၊ ဒေါ်လှနု၏အစ်မ၊ (ဦးဖထော်)၏ဇနီး၊ ဒေါ်ချိုမာဦး(သင်္ချာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ (မောင်အောင်ငွေး)၊ မောင်အောင်သန်း၊ မမာမာလွင်တို့၏မိခင်၊ မြေးတစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၆-၁-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက်(သောကြာနေ့) နံနက် ၁၁း၃၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်ဟန်
**အား/ကာ(စက်ဘီး)**
**ဦးစီးအရာရှိ(ငြိမ်း)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၄)လမ်း၊ အမှတ် ၈၄/A(ခြောက်လွှာ)နေ (ဦးမြမောင်-ဒေါ်သန်းတင်)တို့၏သား၊ ဒေါ်အုံးကြည်၏ခင်ပွန်း၊ ကိုကျော်မင်းဟန် - မမေသန္တာထွန်း၊ ကိုကျော်ငြိမ်းထွေး - မဇေယျာဝင်း၊ မလှဲ့လှဲ့ဝင်း၊ မောင်ကျော်မိုးသိန်း(တောခေါင်း၊သစ်တောဦးစီးဌာန)၊ (ဗိုလ်ကြီးလှိုင်မင်းထွန်း) - မငုဝါဝါဝင်းတို့၏ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မေဝင်းကြည်
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ အမှတ် (B5/9)နေ (ဦးသာဒွန်း-ဒေါ်တင်ညွန့်)တို့၏ သမီး၊ (ဦးတိတ်ရီ-ဒေါ်ခင်ညို)တို့၏ သမီးချွေးမ၊ (ဦးဝင်းမောင်)-ဒေါ်တင်မြင့်၊ (ဦးမျိုးဆွေ)-ဒေါ်မြင့်မြင့်တို့၏ တူမ၊ ဦးသိန်းဇံ-ဒေါ်စိန်ငွေး၊ ဦးမြင့်သိန်းတို့၏ညီမ၊ ဒေါ်ခင်စန်းကြည်၊ ဦးသိန်းဇော် - ဒေါ်မြင့်မြင့်ဝင်းတို့၏ အစ်မ၊ဦးကျော်စိုး၏ချစ်လှစွာသောဇနီး၊ မခင်ညိမ်းညိမ်းဇံ၊ မောင်စိုးငြိမ်းဇံ၊ ဗိုလ်ကြီးတေဇာအောင်-မဖြူဖြူညိမ်းဇံ၊ မောင်ဇင်လင်းမြင့်၊ မဇင်ရတနာမြင့်၊ မောင်သန့်ဇော်ထက်(MMU တတိယနှစ်၊ ME)၊ မအိမြတ်စံ(Grade-X, K, T.T.C)တို့၏ ကြီးကြီးသည် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၄း၂၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဒေါ်ယဉ်ယဉ်မေ(ခ)
## ဒေါ်ရှိစီ
**အသက်(၆၃)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ ဆင်မကြီးခြံဝင်းနေ ဦးမြင့်ဆွေ(SAE ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ငြိမ်း)၏ဇနီး၊ မခင်မေဦး၊ ဦးဇင်ဖြိုး (M.D, NAING Group Holding Co., Ltd)-ဒေါ်လှဲ့ရည်ဝင်း(M.D, NAING Group Holding Co.,Ltd.)၊ ကိုဖြိုးဝေကျော် - မဖြိုးသန္တာဆွေတို့၏မိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၅-၁-၂၀၁၆ရက် နံနက် ၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ရေဝေးစွန္နီကဗရ်စတန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှရှင်
**အသက်(၅၈)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် ၇ နေ (ဦးကျော်ဝင်း) - ဒေါ်အုံးရှင်တို့၏သား၊ ဦးနောက်တိုး - (ဒေါ်ကျင်စိန်)တို့၏သားသမက်၊ ဒေါ်တင်တင်ရီ၏ခင်ပွန်း၊ မောင်အောင်သက် (Car Rental Services)၊ မောင်အောင်သော် (Gentle Supreme Myanmar Co., Ltd.)၊ မလှယမင်းအေးတို့၏ချစ်လှစွာသောဖခင်သည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၂း၃၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဖီးဖီးနော်အားဘေခါလေး
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အထက(၃)ကမာရွတ်**
**(ယခင်-ဘောင်ဒရီအလွတ်ပညာသင်ကျောင်း)**
**အသက်(၉၆)နှစ်**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၄၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၅၈၃နေ(စောသာဟဲခို-နော်ဂရေးသယ်)တို့၏သမီး၊ (စောဒေးဗစ်-နော်စိန်မြိုင်)တို့၏သမီးချွေးမ၊ နော်လင်းဒါဝစ်ရှင်းဝဲ(လ်)၊ (Rev စောဖီးလစ်လေး)-နော်ဘွေဖော၊ စောရှဝေးရီ-နော်နေဘလု၊ (စောမွန်းလိုက်) - နော်အက်စတာ၊ အေးအေးဘထင်တို့၏မိခင်၊ နော်အယ်ဆာထူး၊ စောကမာလေးလတ်၊ စောလယ်မူးလေး၊ စောဘာဆိုဂေး၊ နော်ဘာဘလု၊ စောဘလုဂေးတို့၏အဖီး၊ နော်အိုင်းရစ်လပြည့်၊ နော်ရေချယ်လပြည့်တို့၏ဖီးဖီးကြီး၊ (စောခါလေး)၏ချစ်လှစွာသောဇနီးသည် ၆-၁-၂၀၁၆ရက် နံနက် ၄း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ထိန်ပင် ကရင်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဦးမောင်မြင့်(ခ)
## ဦးမောင်ဖြူထွန်း
**အ.ခ.တ.က၂**
**(တပ်မတော်-လေ၊ လေ/၈၈၀၃၊ ငြိမ်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ငွေသီရိ(၁)လမ်း၊ အမှတ် ၁၂နေ ဒေါ်အုန်းစိန်၏ခင်ပွန်း၊ ဦးမျိုးသန့်၊ ဦးကျော်ဝင်းလှိုင်၊ ဦးမင်းသူ-ဒေါ်ခင်မာသိန်း၊ ဦးကျော်မိုးနိုင်-ဒေါ်ယုယုမော်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၈-၁-၂၀၁၆ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဦးဖုန်းမြင့်
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊အမှတ် ၅၀၆နေ(ဦးသန့်မောင်-ဒေါ်ခင်သိန်း)တို့၏သား၊ ဒေါ်အေးသန်း၏ခင်ပွန်း၊ ရန်ကင်းမြို့နယ်၊ ပညာဝတီရိပ်သာနေ ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)-(ဒေါ်ခင်လှလှ)တို့၏မောင်၊ ကိုသီဟဖုန်းမြင့်၊ ကိုမျိုးစည်သူ-မဝါဝါဖုန်းမြင့်၊ ကိုလွင်ကိုကိုမြင့်တို့၏ဖခင်သည် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) ည ၇း၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၁၆ရက် (တနင်္လာနေ့) နံနက်တွင် အထက်ပါ မင်္ဂလာဒုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်မေဝင်းကြည်
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ B5/9၊ နဝဒေးဥယျာဉ်အိမ်ရာနေ (ဦးသာဒွန်း-ဒေါ်တင်ညွန့်)တို့၏သမီး၊ (ဦးတိတ်ရီ-ဒေါ်ခင်ညို၊ သက်ဝေခာတ်ပုံတိုက်၊ မှော်ဘီ)တို့၏ သမီးချွေးမ၊ ဦးကျော်စိုး၏ ချစ်လှစွာသောဇနီး၊ (မခင်အေးမူ)၊ ကိုကျော်မိုး-မလှကြွယ်၊ (ကိုကျော်နိုင်)၊ မမြတ်မြတ်မိုး၊ မမြတ်မြတ်ထွေး၊ ကိုကျော်စိုးမိုး-မသင်္ဂီလှိုင်၊ ကိုကျော်စိုးလင်း-မလှဝင်း၊ ကိုဇော်မိုး-မယဉ်သင်ဇာမော်တို့၏အစ်မ၊ တူ ခုနစ်ယောက်တို့၏အဒေါ်သည် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၄း၂၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုဏ္ဍက မဟာထေမြတ်
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ ကုန်းမဲဇလီအုပ်စု၊ ဖိုးဆိတ်ကုန်းကျေးရွာ၊ သာသနာ့ရက္ခိတကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုဏ္ဍက မဟာထေမြတ်သည်(၁၃၇၇ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်) ၄-၁-၂၀၁၆ရက်(တနင်္လာနေ့)ည ၇နာရီတွင် အထောင်မြို့ ပေါ်တော်မူကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် ပြာသိုလဆန်း ၉ရက်) ၁၈-၁-၂၀၁၆ရက် (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် အန္တိမဈာပနကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

## ဒေါ်သောင်းတင်
**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ အမှတ် ၂၈၁/၁ နေ ဦးဘစိန်၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၂)လမ်း၊ အမှတ် ၈၁နေ ဦးအောင်သိုက်(အင်ဂျင်နီယာ၊ ငြိမ်း)-ဒေါ်လှလှ(ဦးစီးအရာရှိ၊ ပတခ၊ ငြိမ်း)၊ (ဦးကျော်မြင့်)-ဒေါ်သန်းဝင်း(မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)တို့၏မိခင်၊ ကိုနိုင်လင်းသိုက်(Hi Ace သောက်ရေသန့်)-မစန်းစန်းမိုး (ဒု-ဦးစီးမှူး၊ ပတခ)၊ ကိုပြည့်ဖြိုးညွန့်တို့၏အဘွား၊ မောင်ဆန်းလရောင်သိုက်၏ ဘွားဘွားကြီးသည် ၅-၁-၂၀၁၆ရက်(အင်္ဂါနေ့)ညနေ ၆း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (သုဝဏ္ဏနေအိမ်မှကားများ ညနေ ၃နာရီနှင့် မေတ္တာညွန့်နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ တာမွေမြို့နယ်၊မေတ္တာညွန့်ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဒေါ်ပု အသက်(၉၂)နှစ်

သူနာပြုတက္ကသိုလ်၊ မန္တလေး၊ ခေတ္တပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာ သီတာ၏မိခင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ဒေါ်ပု အသက်(၉၂)နှစ်သည် ၃-၁-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများမိသားစု**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန**

## ဒေါ်လှကြွယ် (ရေကြည်)
**အသက်(၉၁)နှစ်**

ရေကြည်မြို့၊ ဗထူးရပ်ကွက်၊ ၂လမ်းနေ ဒေါ်ရီဝင်း(အထက-ရေကြည်၊ ငြိမ်း)၊ ဦးဝင်းမြင့်(Max Myanmar Co.,Ltd)၊ ဦးကျော်ဦး[ပါမောက္ခချုပ်-ငြိမ်း၊ NUAC (Ygn)] - ဒေါ်မြင့်မြင့်သန်း (ကထိက၊ ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏မိခင်၊ မောင်ပြည့်စုံဦး၊ မောင်ငြိမ်းချမ်းဦးတို့၏အဘွားသည် ၅-၁-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဖေသန်း (B.Com,B.L)
**(မေးပါများစကားရ၊ ဦးလေးကြီး ဦးဖေသန်း-ဘီဘီစီ)**
**အသက်(၈၁)နှစ်**

(ဦးကျော်ရှိန်-ဒေါ်သောင်း)တို့၏သား၊ (ဦးတင်ဝင်း-ဒေါ်ခင်ညွန့်)တို့၏ သားသမက်၊ ဒေါ်မြတင်၏မောင်၊ ဦးဇင်မြင့်-ဒေါ်ခင်ထွေးထွေး(နေနွယ်ဇင်မြင့်)တို့၏အစ်ကို၊ ဒေါ်ခင်မြင့်မြင့်(လန်ဒန်)၏ ချစ်လှစွာသောခင်ပွန်း၊ Paul Thomas - ဒေါ်သွယ်သွယ်နောင်း၊ ဦးနေမျိုးထွန်း-ဒေါ်ရှင်မိုးပန်း၊ Brian McMahon - ဒေါ်လမင်းသိမ့်တို့၏ချစ်လှစွာသောဖခင်၊ မောင်သုတမိုးထွန်း၊ မောင်တေဇာဂျိမ်းစ်၊ မောင်ဥက္ကာမိုးထွန်းတို့၏အဘိုးသည် ၁-၁-၂၀၁၆ရက် (သောကြာနေ့)တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဒေသစံတော်ချိန် နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် မြန်မာပြည်ရှိ သောတရှင်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
## ဦးတင်ငွေ(ခ)ဦးတိတ်
**(ငွေးဆေးဆိုးပန်းရိုက်လုပ်ငန်း)**
**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ဘန့်ဘွေးကျေးရွာနေ(ဦးတင်အုန်း-ဒေါ်ခင်စော)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်နေ(ဦးကျော်ဝင်း-ဒေါ်တင်လှိုင်)တို့၏သားသမက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရတနာလမ်း၊ ၁၆/၁ ရပ်ကွက်၊ အမှတ် ၉၅၅နေ ဒေါ်မြင့်မြင့်ဝေ(ခ)ဒေါ်တူးတူး (ငွေး ဆေးဆိုးပန်းရိုက်လုပ်ငန်း)၏ခင်ပွန်း၊ ကိုငွေးဝေဖြိုး(ခ)ဂျိမ်း-မမီမီနေဝင်း၊ ကိုသန့်ဇင်မောင်(ခ)မင်းမင်း-မအေးသိမ့်သိမ့်၊ မောင်ဝေလင်းထွဋ်တို့၏ဖခင်၊ မောင်အောင်ဇင်မင်းသန့်(ခ)ဖောင်းဖောင်း၊ မောင်ကောင်းနေခန့် (ခ) ကောင်းကောင်းတို့၏အဘိုးသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဇော်လွင်ဦး(ခ)ကိုဇော်
**(ညောင်တုန်းမြို့)**
**အသက်(၅၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊(၁)ရပ်ကွက်၊အောင်သုခလမ်းနေ (ဦးသန်းဆိုင်၊ စား/ဖျော်၊ ငြိမ်း)-ဒေါ်စန်းတို့၏သား၊ ဒေါ်သင်းသင်းဆိုင်၊ဒေါ်နှင်းနှင်းဆိုင်၊ ဦးဇာနည်ဆိုင်-ဒေါ်စုစုဆွေဇင်၊ ဒေါက်တာမြတ်သူ(စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန)-ဒေါ်နီနီဆိုင် (သီးနှံကာကွယ်ရေးဌာနခွဲ)၊ ဦးကျော်ကျော်ဆိုင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အင်္ဂပူလမ်း၊ အမှတ် ၂၈၊ သုံးလွှာနေ မဇာဇာထက်[နောက်ဆုံးနှစ်၊ အပိုင်း(ခ)ဆေး-၁]၊ မသူသူကြိုင် (အထက-၂၊ စမ်းချောင်း)၊မောင်ထူးဆွေညာဏ်(အထက-၁၊ ညောင်တုန်း)တို့၏ ဖခင်ကြီးသည် ၆-၁-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၁၆ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ် (၁/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်**
**(၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)**

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၄၊ ပုဒ်မခွဲ (ခ)၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

**(ပုံ) သူရရွှေမန်း**
**ဥက္ကဋ္ဌ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၁/၂၀၁၆)**
**၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်**
**(၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်)**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၇ တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် (၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်သည်။

**(ပုံ) ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## ယနေ့ မာတိကာ


**မြောက်ကိုရီးယား ဟိုက်ဒရိုဂျင်ဗုံး အောင်မြင်စွာစမ်းသပ်** — စာမျက်နှာ-၄

**မီးဘေးလုံခြုံရေးအတွက် လူတိုင်း၏တာဝန်** — ဆောင်းပါး — စာမျက်နှာ-၆

**ပြည်ဝင်ဗီဇာစနစ်သစ်ဖြင့် ဇန်နဝါရီ ၁၁ ရက်မှ စတင်ပြောင်းလဲကျင့်သုံးမည်** — စာမျက်နှာ-၁၁

**အောက်ဆီဂျင်စနစ်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့ရသည့် လေယာဉ် ပြန်လည်ထွက်ခွာ** — စာမျက်နှာ-၁၃


# အသင်းကြီးတစ်သင်းပြန်ဖြစ်လာစေရန် ကြိုးပမ်းနေသည့် ဇေယျာရွှေမြေ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

**ရန်ကုန် ဇန်နဝါရီ ၆**

ပရီးမီးယားလိဂ်ပြိုင်ပွဲ စတင်ချိန်က အသင်းကြီးတစ်သင်းအဖြစ် ရပ်တည်နိုင်ခဲ့သည့် ဇေယျာရွှေမြေအသင်းမှာ ယခုနောက်ပိုင်းနှစ်များတွင် အောင်မြင်မှုဝေးကွာလာသောကြောင့် အသင်းကြီးတစ်သင်းပြန်ဖြစ်ပြီး အောင်မြင်မှုများရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဇေယျာရွှေမြေအသင်းသည် ပရီးမီးယားလိဂ်ကူးပြောင်းပြီး ပထမဆုံး ပြိုင်ပွဲဖြစ်သည့် ၂၀၀၉ MNL Cup ပြိုင်ပွဲတွင် ရလဒ်များဆိုးရွားခဲ့သော်လည်း ၂၀၀၉ MNL အမှတ်ပေးပြိုင်ပွဲမှစတင်ကာ ချန်ပီယံဆု ချိန်ရွယ်နိုင်သည်အထိ တိုးတက်လာခဲ့သည်။ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတွင် ဇေယျာရွှေမြေအသင်းမှာ ချန်ပီယံဆုနှင့် အနီးကပ်ဆုံးသို့ ရောက်ရှိခဲ့ပြီး နောက်ဆုံးပွဲတွင် အိမ်ကွင်း၌ ရတနာပုံအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဇေယျာရွှေမြေအသင်းမှာ အောင်မြင်မှုနှင့် ဝေးကွာလာခဲ့ပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ○



ဇေယျာရွှေမြေအသင်း လေ့ကျင့်မှုများပြုလုပ်နေစဉ်။



# လီဗာပူးတို့ အဝေးကွင်းတွင် အနိုင်ရ

အင်္ဂလန်ကက်ပီတယ်ဝမ်းဖလား ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် စတုတ်စီးတီးနှင့် လီဗာပူးတို့သည် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်းအဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင် စတုတ်အသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဘိုဂျန်ကာကစ်၊ အာနော့တိုဗစ်၊ အဖယ်လေ၊ *စာမျက်နှာ ၁၂ ကော်လံ ၁* ✪

**လီဗာပူးတိုက်စစ်မှူး ဂျော်ဒန်အိုင်ဘီ တစ်လုံးတည်းသော အနိုင်ဂိုး သွင်းယူစဉ်။**

## ထူးခြားသည့် ညအပူချိန်များ

၆-၁-၂၀၁၆

| | |
|---|---|
| ပင်လောင်းမြို့ | -၁ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၀ ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| လွိုင်လင်မြို့ | ၁ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၂ ဒီဂရီစင်တီဂရိတ် |






မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS